
www.burmeseclassic.com
ဝက္ကာအောင်
ကြေးစားနှင့်မိန်းမလှ
ဝမ်အာင်း၏ဗုဓေယာင်းချိဆက်
ပထမပိုင်း
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏအောင်

# ကြေးစားနှင့်မိန်းမလှ

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၂၃၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၆၅၀၁၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။


BURMESE CLASSIC

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



## အန္တရာယ်နိဒါန်း

ညနေဆည်းဆာချိန် ....

အလင်းရောင် ကွယ်ပျောက်လုဖြစ်ကာ အမှောင်ထုလွှမ်းမိုးပြုနေလေပြီ။ ထိုအချိန်တွင် .... လမ်းကြီးလမ်းငယ်အသွယ်သွယ်၌ လူကြီးလူငယ် ယောက်ျားမိန်းမ စသည်ဖြင့် ရှုပ်ယှက်ခတ်အောင် သွားလာလေသည်။ အသံဗလံပေါင်းစုံတို့သည်လည်း ဟိုမှသည် ဆူညံစွာထွက်ပေါ်လာလေတော့၏။

ဆူညံသံများကြောင့် မုံ့လူသည် အရက်ဆိုင်ထဲမှ ထွက်လာခဲ့လေ၏။ သူသည် အေးအေးလူလူနေချင်သဖြင့် ဆိုင်ထဲဝင် အရက်သောက်နေခဲ့ခြင်းဖြစ်သည်။

သို့သော် တဖြည်းဖြည်းနှင့် ဆိုင်ထဲလူများလာပြီး ပူလောင်ဆိုက်စပ်လာသဖြင့် သူသည် အရက်ကိုခပ်မြန်မြန်သောက်ကာ ဆိုင်ပြင်သို့ပြန်ထွက်ခဲ့ရသည်။

ဆိုင်ပြင်ရောက်သည့်အခါ ပို၍စိတ်ညစ်သွားရပြန်သည်။ တစ်နေ့လုံးပူလောင်ထားသည့်အပူငွေ့များက သူ့အားဆီးကြိုပက်ဖျန်းလိုက်ခြင်းကြောင့်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပူစပ်ပူလောင်နှင့် မအီမသာဖြစ်လာသဖြင့် သူသည် ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ မြို့ပြင်ဘက်ဆီသို့ ခပ်သွက်သွက်လေးထွက်ခွာခဲ့လေတော့၏ ။

✦✦✦

မှုံ့လှ ....

သူသည် ကြေးစားသိုင်းသမားဖြစ်၏။

သို့သော် သိုင်းပညာ အလွဲသုံးစားပြု၍ အခကြေးငွေ ရယူနေသူမဟုတ်ချေ။ လူဆိုးဓားပြများ၏အန္တရာယ်ကို ရင်ဆိုင်နေရသောသူဌေးသူကြွယ်များအား အခကြေးငွေယူ၍ကူညီနေသူသာဖြစ်သည်။

တစ်နည်းအားဖြင့် သူသည် ရိုးသားအေးချမ်းစွာနေထိုင်သူများကို အနိုင်ကျင့်မိုက်ကြေးခွဲနေသည့် လူဆိုးလူမိုက် ဒုစရိုက်သမားများအား ရှင်းလင်းဖယ်ရှားနေသူဟုဆိုနိုင်ပေသည်။

ယင်းသို့ရှင်းလင်းဖယ်ရှားရာ၌ သူသည် တတ်နိုင်သမျှ သွေးထွက်သံယိုမှုမရှိအောင် ကြိုးစားသည်။

သို့သော် လူမဆန်အောင်ရက်စက်ကြမ်းကြုတ်သည့်ဒုစရိုက်သမားများကိုမူ သတ်ဖြတ်သုတ်သင်ရန် လက်မနှေးချေ။ ထို့ကြောင့် အကြောင်းမသိသူများက သူ့အား ကြေးစားလူသတ်သမားဟုသာ ခပ်လွယ်လွယ်သတ်မှတ်ခဲ့ကြခြင်းဖြစ်လေသည်။

သူသည် အိုက်စပ်ပူလောင်မှုဒဏ်ကိုမခံနိုင်သဖြင့် မျက်နှာကြီးရှုံ့ကာ မြို့ပြင်ဘက်သို့ထွက်လာခဲ့လေသည်။



မြို့ပြင်ဘက်နီးသည့်အခါ လူနေအိမ်ခြေကျဲပါးလာ၏။

လမ်းသွားလမ်းလာများလည်း မရှိသလောက်ကျဲပါးသွားလေသည်။ ထိုအခါမှ အသက်ရှူရ နည်းနည်းချောင်လာသည်။ သူသည် မြို့ပြင်ရှိတောင်ကုန်းလေးပေါ်သို့တက်လာခဲ့၏။

တောင်ကုန်းလေးပေါ်ရောက်မှပင် သန့်ရှင်းလတ်ဆတ်သောလေနုအေးလေး၏အရသာကို ကောင်းစွာခံစားရတော့သည်။

သူသည် တောင်ကုန်းလေးပေါ်ရပ်ကာ အေးမြလတ်ဆတ်သောလေကို တစ်ဝကြီးရှူလိုက်သည်။

နေလုံးနီကြီးဝင်ရောက်သွားပြီဖြစ်ရာ ဝန်းကျင်တစ်ခုလုံး အမှောင်ထုကကြီးစိုးလာသည်။ သို့သော် ပြည့်ရွန်းသောလရောင်ကိုမူ အမှောင်ထုကလွှမ်းမိုးဖုံးအုပ်နိုင်စွမ်းမရှိချေ။ ထို့ကြောင့် မှုံ့လှသည် တောင်ကုန်းအောက်ခြေရှိ လမ်းကလေးနှင့်အနီးပတ်ဝန်းကျင်ကို ကောင်းစွာမြင်တွေ့နေရလေသည်။

သူသည် နေဝင်လထွက် ညဦးယံအလှကို ငေးမောခံစားနေခိုက်မှာပင် သူ၏နားထဲ၌ တစ်စုံတစ်ခုသောလှုပ်ရှားသံကို အမှတ်ယောင်ကြားလိုက်ရသဖြင့် မျက်မှောင်ကုတ်သွားသည်။

သူသေချာ နားစွင့်လိုက်၏။

သို့သော် ... မည်သည့်လှုပ်ရှားသံကိုမျှမကြားရဘဲ ပြန်လည်ထိတ်ဆိတ်လျက်ရှိ၏။ မည်သို့ပင်ဖြစ်စေ ထိုအသံသည် မှုံ့လှ၏အာရုံ၌ယှဉ်ပါးနေ၏။ ကြေးစားသိုင်းသမားတစ်ယောက်အနေဖြင့် ထိုအသံမျိုးနှင့်ရင်းနှီးနေသည်မှာ ဆန်းသည်ဟုမဆိုသာချေ။

www.burmeseclassic.com



အတွေ့အကြုံအရ ရင်းနှီးမှုရှိနေကြသည်သာ။

စင်စစ် ထိုလှုပ်ရှားသံကား အခြားမဟုတ်။

နောက်မှ တိတ်တဆိတ်လိုက်ပါလာသော ခြေသံသာဖြစ်ပေသည်။ မုံလှသည် ခေတ္တမျှရပ်၍နားစွင့်ကြည့်လိုက်၏။ မည်သည့်အသံမျှကြားရသဲ့ ပကတိပြန်လည်တိတ်ဆိတ်နေသည်။

ထို့ကြောင့် .... သတိကြီးစွာထား၍ ရှေ့သို့ခပ်မှန်မှန်ဆက်လျှောက်သည်။ သူ့အနေဖြင့် သတိမထား၍မရ။ သူ့လိုလူမျိုးအတွက် အချိန်မရွေး နေရာမရွေး အန္တရာယ်အမျိုးမျိုးက အသင့်စောင့်ကြိုနေတတ်သည်မဟုတ်ပါလား။

သတိတစ်ချက်လစ်သည်နှင့် မေးဆပ်ရမည့်တန်ဖိုးကား ကြီးမားလှပေ၏။ အသက်ကိုလောင်းကြေးထပ်ထားရသကဲ့သို့ ဖြစ်ပေသည်။ ထိုစဉ်မှာပင် ....

"ဂုစ်"

လေတိုးသံတစ်သံနှင့်အတူ တစ်စုံတစ်ခုသည် မုံလှထံသို့ အရှိန်ပြင်းစွာဖြင့် ပစ်လွှင့်ဝင်ရောက်လာလေတော့၏။ တစ်ပြိုင်တည်းမှာပင် မုံလှကလည်း ကိုယ်ကို အနည်းငယ်တိမ်း၍ရှောင်တိမ်းလိုက်ပြီးဖြစ်သွား၏။ လက်ကိုလည်း တစ်ပြိုင်တည်း အချိန်ကိုက်လှုပ်ရှားလိုက်ရာ လက်တစ်ဝါးသာသာခန့်ရှိသောဓားပါးလေးတစ်လက်သည် သူ၏လက်ထဲဖမ်းမိလျက်သားဖြစ်နေတော့၏။

ဓားပါးလေးကိုမြင်တွေ့လိုက်ရသည့်အခါ မုံလှမှာ ကွက်ခနဲမျက်နှာပျက်သွား၏။



အကြောင်းမှာ ထိုဓားပါးလေးသည် အသုံးပြုရန် မလိုသည့်အခါ စက္ကူတစ်ရွက်ကဲ့သို့လိပ်ထား၍ရသော ဓားအမျိုးအစားဖြစ်နေသောကြောင့်ပင်။ ထိုဓားပါးမျိုးကို တော်ရုံတန်ရုံသိုင်းသမားများ အသုံးမပြုတတ်ပါ။ အဆင့်မြင့်သိုင်းသမားများသာ ကိုင်တွယ်အသုံးပြုနိုင်သော ဓားအမျိုးအစားဖြစ်သည်။

ရန်သူသည် အားအနည်းငယ်စိုက်ရုံဖြင့် မိမိအား ကောင်းစွာဒုက္ခပေးနိုင်ပါလျက် အဘယ့်ကြောင့် မိမိထံရောက်ရုံမျှသာပစ်လွှင့်လိုက်ရပါသနည်း။ မုံလှ နားမလည်နိုင်အောင်ဖြစ်သွားရသည်။

မည်သို့ပင်ဖြစ်စေ .... ခိုးကြောင်ခိုးဝှက် ချောင်းမြောင်းတိုက်ခိုက်သည်ကိုတော့ မုံလှဒေါသထွက်မိသည်။ အံတစ်ချက် ကြိတ်လိုက်ပြီး ....

"ဟေ့ .... ဘယ်သူလဲကွ၊ ခိုးကြောင်ခိုးဝှက်တိုက်ခိုက်တာ၊ သတ္တိရှိရင် ကိုယ်တိုင်ထွက်တိုက်ပါလား"

ကျယ်လောင်စွာအော်ဟစ်စိန်ခေါ်လိုက်သော်လည်း မည်သည့်တုံ့ပြန်သံမျှထွက်ပေါ်မလာ။ ပတ်ဝန်းကျင်တစ်ခုလုံး ပကတိတိတ်ဆိတ်နေ၏။ မုံလှ မျက်မှောင်ကြုတ်သွားသည်။ မှောင်ရိပ်ကျသောသစ်ပင်ချုံနွယ်များဆီသို့ စူးစိုက်ကြည့်လိုက်သည်။ တစ်စုံတစ်ရာထူးခြားသည်ကိုမတွေ့ရ။ မုံလှ မကျေမနပ်ဖြစ်သွားသည်။

"ဟေ့ ပြောနေတာမကြားဘူးလား၊ ဘာလို့ငြိမ်နေတာလဲ"

သို့တိုင်အောင် ဝန်းကျင်တစ်ခုလုံး ငြိမ်သက်မြဲ ငြိမ်သက်နေသဖြင့် မုံလှမှာ ပို၍ခံပြင်းဒေါသထွက်သွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ .... ဒီလောက်တောင်သတ္တိမရှိတဲ့ကောင်၊ ရော့ .... မင်းဓားကိုမင်းပြန်ယူ"

ပြောပြောဆိုဆိုပင် မှုံလှူသည် လက်ထဲဖမ်းဆုပ်ထားသည့် ဓားကို မှောင်ရိပ်ထဲသို့ပြန်လည်ပစ်လွှင့်ရန် ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပင် ခပ်ညှဉ်းညှဉ်းရယ်သံတစ်ချက် မှောင်ရိပ်ထဲမှထွက်ပေါ်လာ၏။ ထိုရယ်သံကြောင့် မှုံလှူမှာ တအံ့တသြနှင့်ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။ ရယ်သံသည် ယောကျ်ားတစ်ဦး၏ရယ်သံ မဟုတ်ဘဲ မိန်းကလေးတစ်ဦး၏ ကလူကျီစယ်ရယ်မောသံ ဖြစ်နေသောကြောင့်ပင်။

နေဝင်မိုးချုပ်စအချိန် ....

လူသွားလူလာကင်းမဲ့သောမြို့ပြင်တစ်နေရာ၌ ....

မည်သူမည်ဝါမှန်းမသိရသောမိန်းကလေးတစ်ဦးက ....

အဘယ်ကြောင့် သူ့အား ပြက်ချော်ချော်နောက်ပြောင်နေရပါသနည်း။

✦✦✦



မှုံလှူသည် တအံ့မှုေးကြောင်နေရာမှပြန်လည်သတိဝင်လာသည်။ သူ့အား မှောင်ရိပ်ထဲမှနေ၍ ဓားဖြင့်ပစ်ပေါက်ကျီစယ်သူမှာ မိန်းကလေးတစ်ဦးဖြစ်ကြောင်းသိရသည့်အခါ အတော်ပင် ခံပြင်းဒေါသထွက်သွားရလေသည်။

"ဟေ့ ... မိန်းကလေး၊ မင်း ဘာလို့ ငါ့ကိုဒီလိုလုပ်ရတာလဲ၊ ထွက်လာခဲ့စမ်း"

မှုံလှူက ရယ်သံထွက်ပေါ်လာရာမှောင်ရိပ်ဘက်သို့ လှမ်းအော်ပြောလိုက်သည်။ သူ့စကားသံနှင့်မရှေးမနှောင်းမှာပင် ....

"ဟင်း .... ဟင်း .... ဟင်း ...."

မိန်းကလေးတစ်ဦး၏ ခပ်ညှဉ်းညှဉ်းရယ်သံတစ်သံ ထပ်မံထွက်ပေါ်လာပြန်သည်။ မှုံလှူသည် သိုင်းလောက၌အခကြေးငွေယူ၍ကျင်လည်လှုပ်ရှားနေသူဖြစ်ရာ ရန်ငြိုးရန်စအနေဖြင့် ရှိသင့်သလောက်ရှိခဲ့သည်သာဖြစ်သည်။

ထို့ကြောင့် ....

မိမိအပေါ် ရန်ငြိုးရှိခဲ့ဖူးသည့် သိုင်းလောကသားမိန်းကလေးတစ်ဦးက နှောင့်ယှက်ရန်ရှာနေခြင်းဖြစ်မည်ဟုတွေးလိုက်မိသည်။

"ကဲ .... ဘယ်လိုလဲအမိ၊ မှောင်ထဲမှာပဲ ပုန်းနေတော့မှာလား ထွက်မလာရဲရင်လဲ မင်းရဲ့ဓားကိုတော့ ပြန်ယူသွားပါ"

မှုံလှူသည် ပြောပြောဆိုဆိုပင် ဓားကိုမှောင်ရိပ်ထဲပြန်လည်ပစ်ပေါက်ရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင် ....

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်တစ်ရိပ်သည် မှုန်ဝါးဝါးလရောင်အောက်မှ ဖြည်းဖြည်းချင်းထွက်ပေါ်လာသည်ကိုမြင်တွေ့လိုက်ရလေတော့သည်။

ထိုလူရိပ်သည် တည်ငြိမ်အေးဆေးစွာလျှောက်လာရာ မှုံလူနှင့် တဖြည်းဖြည်း နီးသည်ထက်နီးလာလေသည်။ မှုံလူသည် ထိုလူရိပ်ကို မျက်တောင်မခတ်ပင် စိုက်ကြည့်နေခဲ့၏။

မှုန်ဝါးဝါးလူရိပ်သည် တစ်စထက်တစ်စ ပီပြင်ထင်ရှားလာ၏။ ပီပြင်ထင်ရှားလာသည်နှင့်အမျှ သဲသဲကွဲကွဲမြင်လာရ၏။

ထင်ထင်ရှားရှား သဲသဲကွဲကွဲမြင်တွေ့လိုက်ရသည်နှင့် ....

မှုံလူမှာ မျက်လုံးများဝိုင်းစက်ပြူးကျယ်ကာ ပါးစပ်အဟောင်းသားဖြစ်သွားရလေတော့သည်။

✦✦✦

အလွန်လှပချောမောသောမိန်းကလေးတစ်ယောက် ....

သူမ၏အလှသည်တည်ငြိမ်အေးဆေးပြီး မှုန်ဝါးဝါးလရောင်အောက်၌ လွှမ်းစွာကျက်သရေရှိနေလေသည်။ စောစောက သူ့အားဖြင့်ပစ်မေါက်ကျီစယ်ခဲ့သူမှာ ထိုမိန်းကလေးဖြစ်သည်ဟုပြောလျှင်ပင် မည်သူကမျှယုံကြည်မည်မဟုတ်။ မျက်စိဖြင့်တပ်အပ်မြင်သည့်တိုင် ယုံရက်စရာရှိမည်မထင်။

မှုံလူ မင်တက်ငေးမောနေစဉ်မှာပင် မိန်းကလေးသည် သူနှင့်လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာခဲ့လေတော့၏။



သူမသည် ပြုံးရွှင်စွာဖြင့် မှုံလူကိုကြည့်ကာ ....

"ဟင်း .... ဟင်း .... ဟင်း .... ဒါကြောင့်လဲ ရှင်က နာမည်ကြီးနေတာကိုး"

မှုံလူသည် နားမလည်နိုင်ဟန်ဖြင့် မိန်းကလေးကိုကြည့်ကာ

"နေပါဦး .... ခင်ဗျား ဘာတွေလာပြောနေတာလဲ"

မိန်းကလေးက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြန်သည်။

"ရှင်ဟာနာမည်ကြီးသလောက် သိုင်းပညာမှာလဲ တကယ်တော်တဲ့လူလို့ ပြောနေတာပါ"

မှုံလူ မျက်မှောင်ကုတ်သွားသည်။

"ဘယ်လို ကျုပ်က နာမည်ကြီးတယ်ဟုတ်လား၊ နေပါဦး ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသိလို့လား"

မိန်းကလေးက ခပ်ညှင်းညှင်းရယ်ကာ ....

"သိတာပေါ့ရှင်၊ ရှင်ဘယ်သူလဲဆိုတာ ကျွန်မသိတာပေါ့"

"ဗျာ ...."

မှုံလူသည် တအံ့တဩဖြင့် မိန်းကလေးကို ငေးကြည့်နေမိတော့သည်။ သူ့ဘဝတစ်သက်တာ၌ မည်သည့်မိန်းကလေးတစ်ဦးတစ်ယောက်နှင့်မျှပတ်သက်ခဲ့ဖူးခြင်းမရှိခဲ့။ တော်ရုံတန်ရုံမိန်းကလေးများအနေဖြင့်လည်း သူ့အား သိရှိရန်အကြောင်းမရှိချေ။

ယခု မိန်းကလေးတစ်ဦးက သူ မည်သူမည်ဝါဖြစ်ကြောင်းသိသည်ဟုဆိုသဖြင့် တအံ့တဩငေးကြည့်နေမိခြင်းဖြစ်သည်။

ထိုမိန်းကလေးသည် မည်သူပါနည်း။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ဝတ်စားဆင်ယင်ပုံအရ သူမသည် ကြေးရည်တက် အထက်တန်းလွှာမှဖြစ်ရမည်ဟု ခန့်မှန်းမိသည်။

ဤမျှ အထက်တန်းကျ ချောမောလှပသောမိန်းမပျိုတစ်ဦးက မိမိအား အဘယ့်ကြောင့် အသက်အန္တရာယ်ရှိသော ကျီစယ်မှုမျိုးဖြင့်ကျီစယ်ရပါသနည်း။

သတိရာစ်ချက်လစ်ရုံဖြင့် အသက်ပါပါသွားနိုင်သောကျီစယ်မှုမျိုးကို မည်သူကမျှ သဘောကျကျေနပ်ကြမည်မဟုတ်ပါ။

မှုံလူသည် မိန်းကလေးကိုစိုက်ကြည့်လိုက်ပြီး ....

"နေပါဦး ခင်ဗျား ကျုပ်ကို ဘာလို့ ဒီလိုလုပ်ရတာလဲ၊ ဘာအကြောင်းကိစ္စရှိလို့လဲ"

မိန်းကလေး၏မျက်နှာ တစ်ချက်ညှိုးသွားသည်။

သို့သော် ချက်ချင်းတုန့်ပြန်ဆည်ကာ ....

"ကျွန်မ ရှင့်ကိုတွေ့ချင်လို့ လိုက်ရှာနေတာပါ"

"ဗျာ .... ကျုပ်ကိုတွေ့ချင်လို့ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"အံ့ဩစရာပဲ၊ ကျုပ်ကိုတွေ့ချင်လို့ လိုက်ရှာနေတဲ့လူက တွေ့တွေ့ချင်း ဓားနဲ့ပစ်ပေါက်တယ်ဆိုတော့ ...."

သူ့စကားမဆုံးမီမှာပင် မိန်းကလေးကကြားဖြတ်လိုက်၏။

"အထင်မလွဲပါနဲ့ရှင် .... ရှင့်အစွမ်းအစကိုသိချင်လို့ပါ"

ထိုစကားကြောင့် မှုံလူမှာ ဂိုဏ်ဒေါသထွက်သွားရတော့၏။

မိန်းကလေးကို မကျေမနပ်ကြည့်ကာ ....



"အစွမ်းအစကြည့်ချင်ရုံနဲ့ ကျုပ်အသက်ကို ဖက်ရွက်တစ်ရွက်လိုသဘောထားပြီး လက်စည့်စမ်းရသလားဗျ၊ မတော်တဆ ဓားထိသွားရင် မခက်ပါလား"

မိန်းကလေးက သဘောကျစွာပင် ရယ်မောလိုက်သည်။

"ရှင့်လို လူတစ်ယောက်ဟာ ဒီလောက် နမော်နမဲ့နိုင်မယ်လို့ ကျွန်မ မထင်ဘူး၊ ဒါကြောင့် တမင်ဓားနဲ့ပစ်ပေါက်ပြီး ရှင့်ပညာကို စမ်းလိုက်တာပါ၊ ရှင့်အနေနဲ့ ဒီလျှို့ဝှက်ဓားပါးလေးလောက်ကို အလွယ်တကူရှောင်နိုင်လိမ့်မယ်လို့ ကျွန်မယုံကြည်ထားတယ်လေ"

"ကဲပါ .... ဒါကိုထားလိုက်ပါတော့၊ ခင်ဗျား ကျုပ်ကိုတွေ့ချင်တဲ့ကိစ္စကဘာလဲ"

မိန်းကလေး တစ်ချက်တွေဝေသွားပြန်သည်။ စောစောကလို ချတ်ဖျတ်လတ်လတ် တက်တက်ကြွကြွမရှိတော့။

ရုတ်ခြည်းဆိုသလိုပင် သူမ၏မျက်နှာသည် သိသိသာသာ ညှိုးငယ်သွားလေ၏။

ခဏကြာမှ သက်ပြင်းရှည်ကြီးတစ်ချက်ချကာ ....

မှုံလူကို မျက်လွှာပင့်၍မော်ကြည့်ရင်း ....

"ရှင်နဲ့တွေ့ချင်တယ်ဆိုကတည်းက ဘာကိစ္စနဲ့တွေ့ချင်တယ်ဆိုတာ ရှင်သိပါတယ်လေ"

မှုံလူ မျက်နှာကြီးရှုံ့မဲ့သွားသည်။

"ဒုက္ခပဲ .... ခင်ဗျား ကျုပ်ကို ဘာကိစ္စနဲ့တွေ့ချင်တယ်ဆိုတာ ကျုပ်က ဘယ်လိုသိနိုင်မှာလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကန္တတ်ခမ်းစွာကာ မုံလှူကိုမျက်စောင်းထိုး၍ကြည့်လိုက်သည်။

"သိလျက်နဲ့ မသိချင်ယောင်ဆောင်တဲ့လူကို စကားပြောရတာ အတော့်ကိုလက်ပေါက်ကပ်တာပဲ"

"ကဲပါဗျာ .... ဝေ့လည်ကြောင်ပတ် ပြောမနေဘဲ လိုရင်းကိုသာပြောစမ်းပါ၊ ခင်ဗျား ကျုပ်ကို ဘာကိစ္စနဲ့တွေ့ချင်တာလဲ"

မုံလှူက စိတ်မရှည်ဟန်ဖြင့်ပြောလိုက်မှ ....

"ကျွန်မ ရှင့်ကိုအလုပ်အပ်ချင်လို့ပါ"

ဟု မိန်းကလေးက တုံးတိပြောလာလေတော့၏။

✦✦✦

မုံလှူသည် မျှော်လင့်မထားသည့်စကားကိုကြားလိုက်ရသဖြင့် မျက်လုံးပြူးကာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

အံ့အားတသင့်ဖြင့် မိန်းကလေးကိုကြည့်ရင်း ....

"ခင် .... ခင်ဗျားက အလုပ်အပ်ချင်လို့ဟုတ်လား"

"ဟုတ်ပါတယ်"

မုံလှူသည် မိန်းကလေးကိုတစ်ချက်အကဲခတ်လိုက်ပြီး ....

"ဘယ်သူ့အတွက် အလုပ်အပ်ချင်တာလဲ"

"ဘယ်သူ့အတွက်ရမှာလဲ၊ ကျွန်မအတွက်ပေါ့"

"ဗျာ .... ခင်ဗျားအတွက်ဟုတ်လား"

"ဟုတ်ပါတယ်"



မုံလှူမျက်မှောင်ကုတ်သွားသည်။

မိန်းကလေးကို အကဲခတ်ရင်း တစ်ခဏမျှစဉ်းစားလိုက်၏။

ပြီးမှ ....

"ကောင်းပြီလေ .... ကျုပ်က ခင်ဗျားအတွက် ဘာလုပ်ပေးရမှာလဲ"

မိန်းကလေး ကျေနပ်သွားဟန်တူသည်။

သူမ၏မျက်နှာတွင် ပြုံးယောင်တစ်ချက်သမ်းသွားလေသည်။

သူမသည် တစ်ဖက်သို့လှည့်ထွက်လိုက်ပြီး ....

"ဒီနေရာဟာ အလုပ်ကိစ္စပြောရမယ့်နေရာမဟုတ်ပါဘူးရှင်၊ အားဖူးပြုပြီး ကျွန်မနောက်လိုက်ခဲ့ပါလား"

မိန်းကလေးသည် ပြောပြောဆိုဆိုထွက်သွားရာ မုံလှူလည်း အထွေထူးထူးပြောမနေတော့ဘဲ မိန်းကလေးနောက်မှလိုက်ပါသွားသတော့၏။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်နှစ်ရိပ်သည် တောင်ကုန်းလေးပေါ်မှ တရွေ့ရွေ့ဆင်းလာနေသည်။ ထိုလူရိပ်နှစ်ရိပ်ကား မုံလူနှင့်မိန်းမချောလေးတို့ဖြစ်ကြလေသည်။ သူတို့နှစ်ယောက်သည် မြို့တွင်းဘက်သို့ ဦးတည်၍ ပြန်လည်လျှောက်လာကြရာ မြို့အဝင်လမ်းမကြီးပေါ် ရောက်ရှိလာကြသည်။

သို့သော် မိန်းကလေးသည် မြို့အဝင်လမ်းမကြီးအတိုင်း ဆက်မသွားဘဲ လမ်းသွယ်လေးရှိရာဘက်သို့ချိုးကွေ့သွား၏။

ထိုလမ်းသွယ်လေးသည် မြို့ပြင်ရှိတောင်ကုန်းငယ်တစ်ခုပေါ်၌တည်ဆောက်ထားသော အိမ်တစ်လုံးဆီသို့ဦးတည်နေလေသည်။

တစ်ခဏအကြာတွင် ....

သူတို့နှစ်ယောက်သည် ထိုတောင်ကုန်းပေါ်ရှိအိမ်ကြီးအတွင်းသို့ရောက်ရှိသွားကြလေတော့၏။

မုံလူသည် ဧည့်ခန်းအတွင်း၌ထိုင်ရင်း အိမ်ကြီးကိုအကဲခတ်နေမိသည်။ ထိုအိမ်ကြီးသည် ရှေးနှစ်ပေါင်းများစွာက တည်ဆောက်ထားခဲ့ခြင်းဖြစ်၍ ဟောင်းနွမ်းအိုမင်းနေပြီဖြစ်သည်။

သို့တိုင်အောင် ....

အိမ်ကြီးသည် ခန့်ညားဝင့်ထယ်နေဆဲဖြစ်၏။

ဆင်ယင်ထားရှိသည့် အဖိုးတန်ပရိဘောဂများကလည်း ထိုအိမ်ကြီး၏ဂုဏ်ကျက်သရေကို ပို၍အရှိန်အဝါကြီးမားစေလေသည်။

အိမ်ကြီးတွင် လူများများစားစားရှိပုံမရပါ။

ခြောက်ကပ်တိတ်ဆိတ်နေသည်။



ညအချိန်ဖြစ်သောကြောင့်လည်း ပို၍ခြောက်ကပ်တိတ်ဆိတ်နေတော့၏။ မုံလူသည် ဧည့်ခန်းထဲတစ်ယောက်တည်းထိုင်ရင်း စဉ်းစားခန်းဝင်နေစဉ် မိန်းကလေးသည် စားစရာများထည့်ထားသောလင်ဗန်းတို့ ကိုင်ဆောင်ဝင်ရောက်လာသည်။

"ညနေစာအတွက် တစ်ခုခုစားလိုက်ပါဦးရှင်၊ စားသောက်ပြီးမှအလုပ်ကိစ္စဆွေးနွေးကြတာပေါ့"

မုံလူသည် မိန်းကလေးလာရောက်ချပေးသည့်စားစရာများတိုကြည့်လိုက်ရာ လင်ဗန်းထဲ၌နှစ်ချို့အရက်တစ်အိုးပါလာသည်ကို တွေ့ရသဖြင့် ဝမ်းသာသွားသည်။

ယခုတလော .... အလုပ်အကိုင်အဆင်မပြေသဖြင့် အရက်မသောက်ရသည်မှာကြာပြီမဟုတ်ပါလား။

ယခုလာချပေးသည့်အရက်က အဖိုးတန်အကောင်းစား နှစ်ချို့အရက်ဖြစ်သည်။ စားသောက်ဖွယ်ရာများကလည်း စုံလင်လှသည်။

သို့သော် မုံလူတွင်အကျင့်တစ်ခုရှိသည်။

အလုပ်ကိစ္စနှင့်ပတ်သက်နေမှုက မည်သည့်အခါမျှ အရက်အလွန်အကျွံမသောက်ခြင်းဖြစ်သည်။

ထို့ကြောင့် .... သူသည် မည်မျှကောင်းသည့်အရက်ဖြစ်စေ၊ တစ်ကျိုက်မျှသာသောက်ပြီးနောက် ရပ်ထားလိုက်၏။ စားသောက်ဖွယ်ရာများကိုလည်းဆာလောင်နေသည့်တိုင် အနည်းငယ်မျှသာစားသောက်လေ၏။

ပြီးနောက် မိန်းကလေးကိုလှမ်းကြည့်ကာ ....

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မိန်းကလေး၊ ကျုပ်တို့ အလုပ်ကိစ္စ စကားပြောကြရအောင်လား"

သူ့ကိုအကဲခတ်နေသောမိန်းကလေးက အသာအယာပြန်လည် ပြုံးပြသည်။

"စားစရာရှိတာ ဝအောင်စားလိုက်ပါဦးရှင် ... အလုပ်ကိစ္စကို ပြီးမှပဲ အေးအေးဆေးဆေးပြောကြတာပေါ့"

"ကျေးဇူးတင်ပါတယ်ဗျာ ... စားတာသောက်တာက အရေးမကြီးပါဘူး၊ လိုရင်းအချက်ဖြစ်တဲ့အလုပ်ကိစ္စကိုသာပြောပါ"

အမှန်တကယ်လည်း အလုပ်ကိစ္စအကြောင်းသိချင်နေသဖြင့် မှုံလူကသွယ်ဝိုက်မနေဘဲ တဲ့တိုးပြောလိုက်ခြင်းဖြစ်ပေသည်။

မိန်းကလေးသည် တစ်ခဏမျှငိုင်သွား၏။

ဘယ်ကဘယ်လို စပြောရမည်ကိုစဉ်းစားနေဟန်တူသည်။

မှုံလူက သူမထံမှထွက်ပေါ်လာမည့်စကားကို ငံ့လင့်စောင့်စားနေခဲ့သည်။ သို့သော် အတန်ကြာသည်အထိ မည်သည့်စကားသံမျှ ထွက်မလာသဖြင့် မှုံလူစိတ်မရှည်နိုင်အောင်ဖြစ်သွားတော့သည်။

မိန်းကလေးကိုလှမ်းကြည့်လိုက်ပြီး ...

"ဘယ်လိုလဲ ... ခင်ဗျားပြောလာမဲ့စကားကို ဒီလိုပဲ တစ်ညလုံးငုတ်တုတ်ထိုင်စောင့်နေရတော့မှာလား"

ထိုစကားကြားမှ မိန်းကလေးလည်းသတိပြန်ဝင်လာပြီး ...

"အို ... မ ... မဟုတ်ပါဘူးရှင်၊ ကျွန်မ ဘယ်ကစပြောရမလဲဆိုတာ စဉ်းစားနေတာပါ"



မှုံလူကပြုံးလိုက်ပြီး ...

"ကဲ ... မိန်းကလေး ရှည်ရှည်ဝေးဝေးစဉ်းစားမနေနဲ့၊ ခင်ဗျား ကျုပ်ကိုတွေ့ချင်တာ ဘာလုပ်ဖို့လဲ၊ ဒါကိုပဲပြောပါ"

မိန်းကလေးသည် ယတိပြတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် ...

"ကျွန်မခရီးထွက်စရာရှိတယ်၊ အဲဒါ ကျွန်မကိုစောင့်ရှောက်ပြီး လိုက်ပို့ပေးဖို့ ..."

သူမ၏စကားမဆုံးမီမှာပင် ...

"ဟိုး ... တော်ပြီ ... တော်ပြီ"

မှုံလူသည် ချက်ချင်းဆိုသလိုပင် ထိုင်ရာမှထကာ ...

"ကျုပ်ကိုအစားအသောက်နဲ့ဧည့်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ ... ကျုပ်သွားမယ်"

ပြောပြောဆိုဆိုထွက်သွားရန်ဟန်ပြင်လိုက်၏။

မိန်းကလေးမှာ ပျာပျာသလဲဖြစ်သွားပြီး ...

"အို ... နေ ... နေပါဦးရှင်၊ ကျွန်မစကားဆုံးအောင် ကျေးဇူးပြုပြီး နားထောင်ပေးပါရှင်"

မှုံလူက စိတ်ပျက်လက်ပျက်ဟန်ဖြင့် ...

"ပြောလဲ ဘာထူးမှာမို့လဲဗျာ၊ အခုကိစ္စက ခင်ဗျားခရီးထွက်ချင်တယ်၊ ကျုပ်တအဖော်အဖြစ်လိုက်ပေးရမယ်၊ ဒါပဲမဟုတ်လား"

"ဟုတ်ပါတယ်ရှင် ... ဒီသဘောပါပဲ"

"ဒါများဗျာ၊ ကျုပ်ကိုအဖော်ခေါ်နေရသေးလား၊ ခရီးသွားတဲ့ အခါကျတော့ ခင်ဗျားရဲ့သိုင်းပညာနဲ့ ကိုယ့်ကိုယ်ကို ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်နိုင်တာပဲ၊ ကျူပ်လိုက်ပို့စရာမလိုပါဘူး"

ပြောပြောဆိုဆိုပင် မုံလှသည် ထွက်သွားရန်ဟန်ပြင်လိုက်ပြန်သဖြင့် မိန်းကလေးမှာ ပျာပျာသလဲဖြစ်သွားပြီး ....

"နေ နေပါဦးရှင်၊ ကျွန်မ ခရီးထွက်မယ်ဆိုတာက အပျော်သက်သက်မဟုတ်ပါဘူးရှင်၊ ကျွန်မနောက်ကို လူသတ်သမားတွေလိုက်နေလို့ ပြေးရမှာပါ"

ထိုစကားကြားသည့်အခါ ထွက်ခွာရန်လှမ်းနေသော မုံလှ၏ ခြေလှမ်းများသည် တုံ့ခနဲရပ်သွားလေတော့၏။

ငိုက်မျဉ်းစပြုနေသော မျက်လုံးများသည်လည်း ရုတ်ခြည်းပြူးကျယ်သွားလေတော့သည်။

✦ ✦ ✦

မိန်းကလေးသည် ပစ္စည်းဥစ္စာချမ်းသာပုံလည်းရ၏။

ရုပ်ရည်ရူပကာလည်းတင့်တယ်ချောမောလေ၏။ မုန်းမာယာနှင့် လိမ်လည်ကောက်ကျစ်မည့်လူစားမျိုးလည်း မဖြစ်နိုင်။

ထိုသို့သောမိန်းမလှလေးကို မည်သို့သောရန်ငြိုးကြောင့် လူသတ်သမားများက လိုက်နေရပါသနည်း။

မုံလှသည် မိန်းကလေးကို အကဲခတ်ရင်း နားမလည်နိုင်အောင်ဖြစ်နေမိတော့သည်။

မိန်းကလေးက သူ့အားပြုံးပြရင်း ....



"ဘယ်လိုလဲ .... ရှင်စိတ်ဝင်စားလာပြီမဟုတ်လား"

မုံလှက ခပ်ယဲ့ယဲ့ပြုံးကာ ....

"အင်း .... စိတ်ဝင်စားတယ်ဆိုတာထက် မယုံနိုင်တာကပိုများတယ်လို့ပြောရမယ်ထင်တယ်"

မိန်းကလေးမျက်မှောင်ကုတ်သွားသည်။

မကျေမနပ်ဖြစ်သွားပုံလည်းရ၏။

"ရှင်က ဘာကိုမယုံတာလဲ၊ ကျွန်မ ဇာတ်လမ်းထွင်ပြီးပြောတယ်လို့ထင်နေတာလား"

မုံလှ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားလို လှပချောမောတဲ့မိန်းကလေးတစ်ယောက်ကို ဘယ်လိုလူသတ်သမားက သတ်ချင်နေရတာလဲဆိုတာကိုပါ"

မိန်းကလေးက အသံလွင်လွင်လေးထွက်အောင်ပင် ရယ်မောလိုက်လေသည်။

"ဘယ့်နှယ့်လဲရှင် .... ရုပ်ရည်ချောမောတာနဲ့ပဲ ရန်သူ မရှိရတော့ဘူးလား"

မုံလှ ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားသည်။

မိန်းကလေးက စကားဆက်လိုက်သည်။

"ဒါနဲ့ .... ရှင် တာ့စန်းအိဂိုဏ်းအကြောင်း ကြားဖူးသလား"

"ဗျာ .... တာ့စန်းအိဂိုဏ်း ဟုတ်လား"

မုံလှသည် မျက်လုံးမျက်ဆန်ပြူးကျယ်ကာ မိန်းကလေးကို တအံ့တဩကြည့်မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက အသာအယာပင် ခေါင်းညိတ်ပြကာ ....

"ဟုတ်ပါတယ်ရှင် .... တာ့စန်းအိဂိုဏ်းပါ"

တာ့စန်းအိဂိုဏ်းသည် ဤနယ်တစ်ဝိုက်တွင် လွန်စွာပြဲ အာဏာကြီးသောဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။ ဂိုဏ်းသားအားလုံးလိုလို ပင် အဆင့်မြင့်သိုင်းသမားများချည်းဖြစ်ကြလေသည်။

ဤဂိုဏ်းသည် မြွေပွေးနှင့်တူသောဂိုဏ်းဖြစ်၏။

သူတို့သည် သိုင်းလောကသားများနှင့် အကျွမ်းတဝင်မနေ ကြသလို သိုင်းလောကအရေးအခင်းများကိုလည်း စိတ်ဝင်စားခြင်း မရှိ ကြချေ။ မည်သူကိုမျှ နိုင်ထက်စီးနင်းမလုပ်သလို သူတို့ကိုလည်း ရန်စ ကျူးကျော်မခံ။

သူတို့အလုပ် သူတို့လုပ်သည်။ သူတို့အလုပ်ကို တစ်နည်း နည်းဖြင့်စွက်ဖက်နှောင့်ယှက်လာလျှင် လုံးဝသည်းခံခွင့်လွှတ်လေ့ မရှိ

ရေဆုံးရေဖျား ကျားကုတ်ကျားခဲလိုက်လံတုံ့ပြန်လေတော့၏

သူတို့နှင့်ပြဿနာဖြစ်သူမှန်သမျှ သူတို့လက်မှလွတ်သွား သည်ဟူ၍ မရှိသေး။

ထို့ကြောင့် သိုင်းလောကသားများသည် တာ့စန်းအိဂိုဏ်း ဆိုလျှင် ဝေးဝေးမှရှောင်ကြသည်ချည်းဖြစ်တော့သည်။

တာ့စန်းအိဂိုဏ်းတွင် လက်ရွေးစင်အဆင့်မြင့်ထိပ်တန်းသိုင်း သမားပေါင်းများစွာရှိသည်။

၄င်းတို့အားလုံးကို အဆင့်အတန်းအလိုက် အမှတ်စဉ်ပေး ထား၏။



တာ့စန်းအိဂိုဏ်း၏အမှတ်စဉ်တစ်ဆယ်သည်ပင် တော်ရုံတန် ရုံအဆင့်မြင့်သိုင်းသမားကို ကောင်းစွာယှဉ်ပြိုင်နိုင်စွမ်းရှိလေသည်။

ထို့ကြောင့် တာ့စန်းအိဂိုဏ်းကို မည်သူမျှ အကဲမစမ်းဝံ့။

ကြောက်တတ်ဝန်ကင်းခိုသောစကားကဲ့သို့ တာ့စန်းအိဂိုဏ်း နှင့်ပြဿနာဖြစ်မည့်ကိစ္စမှန်သမျှကို သိုင်းလောကသားတိုင်းလိုလို ရှောင်ကြဉ်ကြခြင်းဖြစ်ပေသည်။

"ဘယ်လိုလဲ .... တာ့စန်းအိဆိုတဲ့အသံကြားတာနဲ့ ရှင်သွေး ပျက်သွားပြီလား"

မိန်းကလေးသည် နှုတ်ဆိတ်သွားသောမှုံ့လူကိုကြည့်ကာ စိတ်ပျက်သွားပုံရ၏။ ထို့ကြောင့် အားမလိုအားမရလေသံဖြင့်မေးလိုက် ခြင်းဖြစ်သည်။

သူမ၏စကားကြောင့် မှုံ့လူမှာ မခံချိ မခံသာဖြစ်သွားရလေ သည်။

"ခင်ဗျားဒီလိုမပြောပါနဲ့၊ ကျုပ်ကြောက်ရမဲ့လူ ဒီလောကမှာ မရှိသေးဘူးဗျ၊ ဒါပေမယ့် ...."

"ဒါပေမယ့် ဘာဖြစ်သလဲရှင့်"

မှုံ့လူသည် ဘာမှဆက်မပြောတော့ဘဲ မိန်းကလေးကိုသာ ငေးကြည့်နေလေတော့သည်။

အတန်ကြာမှ ....

"ဒါနဲ့ ခင်ဗျား ဒီဂိုဏ်းနဲ့ဘယ်လိုများပတ်သက်မိခဲ့လို့လဲ"

မိန်းကလေး၏မျက်နှာ တည်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ရှင်သိဖို့မလိုပါဘူးလေ၊ ရှင်လုပ်ပေးရမှာက လမ်းခရီးတစ်လျှောက် ကျွန်မကို အဲဒီဂိုဏ်းရဲ့ရန်ကလွတ်ကင်းအောင် ကာကွယ်စောင့်ရှောက်ပေးဖို့ပါပဲ"

မုံလူသည် ခေတ္တမျှနှုတ်ဆိတ်သွား၏။

မိန်းကလေးလည်း ပြောစရာစကားမရှိတော့ဟန်ဖြင့် နှုတ်ဆိတ်သွားလေသည်။

ခဏမျှတိတ်ဆိတ်နေပြီးမှ မုံလူစွာ မိန်းကလေးကိုဖျတ်ခနဲလှမ်းကြည့်တာ ....

"ခင်ဗျားနာမည်ကိုပြောပါ"

မိန်းကလေးက ဟက်ခနဲတစ်ချက်ရယ်ရင်း ....

"ကျွန်မနာမည် သိဖို့လိုလို့လားရှင်"

"အလုပ်အပ်မယ်ဆိုရင်တော့ အလုပ်ရှင်ရဲ့နာမည်ကို သိဖို့လိုတယ်လေ"

"ဒါဆို ကျွန်မအပ်မဲ့အလုပ်ကို ရှင်လက်ခံမယ်ဆိုပါတော့"

"ဒါက နောက်ပိုင်းကိစ္စပါ၊ လောလောဆယ် ခင်ဗျားနာမည်သိထားရတော့ ပြောရဆိုရတာ ပိုအဆင်ပြေတာပေါ့"

မိန်ကလေးက မျက်စောင်းတစ်ချက်ထိုးကြည့်ရင်း ....

"ကောင်းပြီလေ .... ကျွန်မနာမည် ကျင်းလျှံပါ"

"အင်း .... နာမည်လေးက မဆိုးဘူးဘဲ၊ ကျင်းလျှံဆိုတော့ ရွှေဆည်းလည်းလို့ အဓိပ္ပါယ်ရတယ်၊ ဒါကြောင့် ခင်ဗျားအသံလေးကသာနေတာကိုး"



မိန်းကလေးသည် တစ်စုံတစ်ရာပြန်ပြောရန် ဟန်ပြင်ပြီးမှ ဘာမှမပြောတော့ဘဲ ခေါင်းငုံ့ထားလိုက်၏။

တစ်ဒင်္ဂမျှတိတ်ဆိတ်သွားသည်။

အတန်ကြာမှ ကျင်းလျှံအမည်ရှိမိန်းကလေးသည် ငုံ့ထားသောခေါင်းကို အသာပြန်မော့ကာ ....

"ကဲ ... ဘယ်လိုလဲ၊ ရှင် ကျွန်မအလုပ်ကိုလက်ခံမှာလား"

မုံလူ ခဏမျှစဉ်းစားလိုက်၏။

ပြီးမှ ....

"ခင်ဗျား သူတို့နဲ့ဘာဖြစ်ခဲ့တယ်ဆိုတာ အရင်ပြောပြဖို့တော့လိုမယ်ထင်တယ်"

ကျင်းလျှံသည် သက်ပြင်းတစ်ချက်ခပ်မျဉ်းမျဉ်းချရင်း ...

"လောလောဆယ် ဒါတွေကို ရှင်သိဖို့ မလိုအပ်သေးဘူးလို့ကျွန်မထင်တယ်"

"ကျုပ်အတွက်ကတော့ သိသင့်သလောက်သိဖို့လိုတယ်"

မုံလူ အနေဖြင့် အလုပ်တစ်ခုကို ဘုမသိဘမသိလက်ခံချင်ပုံမရချေ။ ထို့ကြောင့် ကျင်းလျှံက ....

"ရှင် ဘာသိချင်တာလဲ"

ဟုမေးလိုက်သည်။

"သိပ်များများမဟုတ်ဘူး၊ တစ်ခုတည်းပဲ"

"ဘာများပါလိမ့်"

"တာ့စန်းအိုဂိုဏ်းက ဘယ်သူနဲ့ ပြဿနာဖြစ်ခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပေါ်စွတ်ရွှေပါ"

"ဗျာ … ပေါ်စွတ်ရွှေဟုတ်လား"

ကျင်းလျှံ အသာအယာခေါင်းညိတ်လိုက်သည်။

ထိုအမည်ကြောင့် မုံ့လူ၏ရင်ထဲ၌ အလိုလိုလေးလံသွားမိလေသည်။

ပေါ်စွတ်ရွှေကား တာ့စန်းအိဂိုဏ်း၏သိုင်းပညာအမြင့်ဆုံးအမှတ်စဉ်တစ် ဂိုဏ်းချုပ်ကြီးဖြစ်နေသောကြောင့်တည်း။

ကျင်းလျှံအမည်ရှိမိန်းမချောလေးသည် တာ့စန်းအိဂိုဏ်း၏ကြောက်စရာအကောင်းဆုံးဂိုဏ်းချုပ်ကြီးနှင့်မှ အဘယ့်ကြောင့် ရန်ငြိုးဖွဲ့မိခဲ့ရပါသနည်း။

✦✦✦

မုံ့လူသည် တစ်စုံတစ်ရာစဉ်းစားနေဟန်ဖြင့်နှုတ်ဆိတ်နေ၏။ ကျင်းလျှံက သူ၏သဘောထားကို သိချင်ဟန်ဖြင့် ငံလင့်စောင့်စားနေသည်။ အတန်ကြာမှ မုံ့လူသည် ယတိပြတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် ဆတ်ခနဲခေါင်းညိတ်ကာ ….

"ကောင်းပြီလေ …. ခင်ဗျားအပ်တဲ့အလုပ်ကို ကျုပ်လက်ခံတယ်၊ ခင်ဗျားအတွက် ကျုပ် ဘာလုပ်ပေးရမှာလဲ"

"ကျွန်မ နယ်စပ်ရောက်တဲ့အထိသွားချင်တယ်၊ လမ်းတစ်လျှောက် ကျွန်မအန္တရာယ်မကျရောက်အောင် ရှင်က ကာကွယ်စောင့်



ရှောက်ပေးရမယ်"

မုံ့လူ မျက်မှောင်ကုတ်သွားသည်။

"ဒီကနေ နယ်စပ်အထိ နည်းတဲ့ခရီးမှမဟုတ်ဘဲ"

ကျင်းလျှံခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် …. ခရီးကဝေးရုံမကဘူး၊ အန္တရာယ်ကလဲ အများကြီးဘဲ၊ အခန့်မသင့်ရင် အသက်နဲ့ကိုယ် အိုးစားကွဲနိုင်တယ်"

သည်လိုစိန်ခေါ်မှုမျိုးကိုတော့ မုံ့လူကမမှု၊ စိန်ခေါ်လျှင် တိမ်းပေါ်အထိလိုက်မည့်သူ။

"ကောင်းပြီ …. ဒီအတွက်၊ ကျုပ်ရမယ့်အဖိုးအခက …."

သူစကားမဆုံးမီမှာပင် ကျင်းလျှံကကြားဖြတ်ပြီး ….

"တစ်နေ့ကို လျှံသုံးထောင်ဆို မနည်းလောက်ပါဘူးနော်"

မုံ့လူ ပခုံးတစ်ချက်တွန့်လိုက်သည်။

"အင်း …. တစ်နေ့ သုံးထောင်ဆိုတော့ မဆိုးပါဘူးလေ၊ ဘယ်နေ့ အလုပ်စမလဲ"

"မနက် အရုဏ်တက်အချိန်"

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



"မုံလှ .... မုံလှ"

ခေါ်သံသဲ့သဲ့ကြောင့် မှေးခနဲအိပ်ပျော်သွားသောမုံလှ မျက်ခနဲနိုးလာသည်။ အိပ်ရာမှလူးလဲထလိုက်ပြီး ....

"ဘယ်သူလဲ"

သူ့စကားသံနှင့်မရှေးမနှောင်းမှာပင် ....

"ငါပါကွ .... တံခါးမြန်မြန်ဖွင့်စမ်း"

စိုးရွံ့ထိတ်လန့်နေဟန်ရှိသောစကားသံကြောင့် မုံလှလည်း အလျင်အမြန်ထကာ တံခါးသွားဖွင့်သည်။ ထို့နောက် အလင်းရောင်ရစေရန် မီးတိုင်တွန်းညှိသည်။

အခန်းတွင်း၌ လင်းလင်းချင်းချင်းဖြစ်သွား၏။

ထိုစဉ် ပိန်ပိန်ပါးပါးလူတစ်ယောက် အခန်းထဲသို့ သုတ်တီးသုတ်ပျာဝင်ရောက်လာသည်။

သူ့ကိုမြင်သည်နှင့် မုံလှအံ့ဩသွား၏။

"ဟင် လောင်လီ၊ ညကြီးအချိန်မတော်၊ ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာတာလဲ၊ အရက်သောက်ဖို့ဆိုရင်တော့ စိတ်မကောင်းဘူးကွာ၊ ငါ့မှာအရက်မရှိတော့ဘူးကွ"

လောင်လီသည် မုံလှ၏သောက်ဖော်သောက်ဖက်သူငယ်ချင်းဖြစ်၏။ ယုံကြည်စိတ်ချရသော သတင်းပေးတစ်ဦးလည်းဖြစ်၏။ သူသည် မုံလှ၏စကားကြောင့် မျက်နှာကြီးရှုံ့မဲ့သွားကာ ....

"ဘယ်လိုလဲကွာ .... မင်းဆီလာတိုင်း အရက်သောက်ဖို့ချည်းပဲ အောက်မေ့နေသလားကွ"



သူ့အမူအရာကြောင့် မုံလှက သဘောကျစွာရယ်လိုက်၏။

"ခါတိုင်း မင်းငါ့ဆီလာတာ အရက်ချည်းပဲ တောင်းသောက်နေကြမဟုတ်လား"

"ရှူး .... တိုးတိုးပြောစမ်းပါကွ၊ ကိစ္စကသိပ်အရေးကြီးနေလို့ ညကြီးအချိန်မတော် မင်းဆီကိုပြေးလာတာ"

လောင်လီက အရေးတကြီးအလေးအနက်ထား၍ပြောနေသဖြင့် မုံလှ မျက်မှောင်ကုတ်သွားသည်။

"နေပါဦး .... ဘာကိစ္စမို့ ဒီလောက်တောင် အရေးကြီးနေရတာလဲ"

လောင်လီသည် အပြင်ဘက်သို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။ ပြီးမှ အသံတိုးတိုးဖြင့် ....

"မင်း တာ့စန်းအိဂိုဏ်းနဲ့ပတ်သက်ပြီး တစ်ခုခုများ အမှားအယွင်းလုပ်ခဲ့မိသလား"

မုံလှအံ့အားသင့်သွားသည်။

သူသည် ဤကိစ္စကိုလက်ခံလိုက်မိသည်မှာ နာရီပိုင်းကလေးမျှသာရှိသေးသည်။ ယခု သူ၏သူငယ်ချင်းဖြစ်သူ လောင်လီက သိရှိလာပြီဖြစ်သည်။ မုံလှက မသိချင်ယောင်ဆောင်၍ ....

"ငါ .... ဘာမှမလုပ်မိသေးပါလား။ မင်း ဘာသတင်းကြားလာလို့လဲ ပြောစမ်းပါဦး"

လောင်လီက သူ၏အိတ်ထဲမှတစ်စုံတစ်ခုကိုထုတ်ယူလိုက်သည်။

www.burmeseclassic.com



မုံလှုက လောင်လီထုတ်ယူလိုက်သောအရာအားဆွဲယူပြီး မီးရောင်အောက်၌ကြည့်လိုက်၏။

ထိုအခါ မုံလှု၏ခန္ဓာကိုယ်တစ်ခုလုံး ရုတ်တရက်တုန်ခါသွားလေတော့၏။

✦ ✦ ✦

ရဲရဲနီနေသော ကြိုင်အလံကလေးတစ်ခု ....

အလံ၏အလယ်တွင် လူရိုးခေါင်းရုပ်ပါရှိနေသည်။ ထိုလူရိုးခေါင်း၏မျက်လုံးနေရာတွင်မူ ....

"ဓါ" ဟူသောစာလုံးက ပါရှိနေ၏။ ထိုအလံကိုပေးအပ်ခြင်းခံရသောသူသည် တာ့စန်းအိုဂိုဏ်း၏ရန်သူအဖြစ်သတ်မှတ်ခံရသည်နှင့်အတူတူပင်ဖြစ်သည်။

မုံလှု အံတင်းတင်းကြိတ်လိုက်၏။

"ဒီဟာကို မင်းလက်ထဲ ဘယ်လိုလုပ်ပြီး ရောက်လာသလဲ"

လောင်လီက လေသံတိုးတိုးဖြင့် ....

"တာ့စန်းအိုဂိုဏ်းကလူတစ်ယောက် ဓါးဆီရောက်လာတယ် မင်းကိုလိုက်ရှာတာမတွေ့လို့ ငါကတဆင့် မင်းဆီကိုပေးခိုင်းလိုက်တာပဲ"

မုံလှု မျက်မှောင်ကုပ်လိုက်သည်။

"သူ .... ဘာပြောသွားသေးလဲ"



"သူတို့ဆီက မိန်းကလေးတစ်ယောက်ပျောက်သွားတယ်၊ အဲဒီမိန်းကလေးကိုမင်းကကူညီမယ်ဆိုတာလဲ သူတို့ချက်ချင်းသတင်းရသွားတယ်၊ ဒါကြောင့် ရပ်တန်းကရပ်နိုင်အောင် မင်းကို ဒီအလံနဲ့သတိပေးလိုက်တာပဲ"

မုံလှုက အသံကျယ်လောင်စွာဖြင့်ရယ်လိုက်သည်။

"ဟား .... ဟား .... ဟား .... ငါက ကလေးကစားတဲ့အရုပ်ကလေးတစ်ရုပ်မဟုတ်ဘူးဆိုတာ သူတို့မသိကြဘူးနဲ့တူတယ်"

လောင်လီသည် မုံလှု၏စကားကြောင့် မျက်လုံးပြူးကျယ်သွားပြီး ဘေးပတ်ဝန်းကျင်ဆီသို့ဝေ့ကြည့်လိုက်သည်။

"စကားကိုတိုးတိုးပြောစမ်းပါကွ၊ ဒီဂိုဏ်းကလူတွေ နေရာအနှံ့အပြားမှာရှိနေတာကွ"

လောင်လီသည် အတော်လေးကြောက်နေပုံရသည်။

မုံလှုက လောင်လီကြောက်နေရာမှ စိတ်သက်သာရာရစေရန် စကားလမ်းကြောင်းပြောင်းလိုက်သည်။

"အေးပါကွာ၊ မင်း ဒီလောက်တောင်ကြောက်နေရင်လဲ ငါပြောတော့ပါဘူး၊ ဒါပေမယ့် မင်းတစ်ခုမှတ်ထားဖို့က သိပ်ကြောက်တတ်တဲ့လူဟာ ခပ်မြန်မြန်သေရတတ်တယ်ကွ"

လောင်လီမှာ မည်သည့်စကားမျှမပြောတော့ဘဲပါးစပ်ပိတ်ထားလိုက်လေသည်။ သူသည် မုံလှုအား နားမလည်နိုင်စွာဖြင့်ကြည့်နေမိ၏။

အမှန်တော့ မုံလှုသည် ဟန်ဆောင်ပြီးသာပြောနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူလုပ်ထားသောအလုပ်သည် ယခုအချိန်မှစ၍ သေမင်းနှင့် စစ်ခင်းနွှင်းဆိုင်ရတော့မည်ဖြစ်ကြောင်း နားလည်ထားပြီးဖြစ်ပေလိမ့်သည်။

"မင်း အချိန်မလွန်သေးရင် နောက်ဆုတ်လိုက်ပါကွာ"

လောင်လီက မုံ့လှအတွက်စိုးရိမ်မကင်းဟန်ဖြင့် သတိပေးစကားပြောလိုက်ခြင်းဖြစ်သည်။ မုံ့လှသည် လောင်လီ၏ရွှေစောင်းနေသောမျက်စိကို သေချာစူးစိုက်ကြည့်လိုက်၏။

လောင်လီက သူ့အား တကယ့်စေတနာနှင့် စိုးရိမ်တကြီး သတိပေးပြောဆိုနေခြင်းဖြစ်ကြောင်း မုံ့လှရိပ်စားမိသည်။ လောင်လီသည် သူ၏တပည့်တစ်ယောက်ဆိုလည်း မှန်သည်။ သူငယ်ချင်းတစ်ယောက်ဆိုလည်း မမှားချေ။

လောင်လီသည် ရုပ်ဆိုးသော်လည်း စိတ်ကောင်းရှိပြီး တစ်ဖက်သားကို ကူညီတတ်သူတစ်ယောက်ဖြစ်သည်။

အထူးသဖြင့် မုံ့လှ၏အလုပ်ကိစ္စများတွင် ထိရောက်စွာ ပါဝင်ကူညီလေ့ရှိသည်။ သူသည် ငွေမရှိ၍အသုံးအစွဲပြတ်လျှင် မည်သည့်အခါမှ ခိုးဆိုးတိုက်ခိုက်ခြင်းမပြု။ မုံ့လှထံလာ၍တောင်း၏။

နောက်ဆုံး .... မုံ့လှထံမှမရလျှင် အရက်တော့ အဝသောက်သွားရတတ်သည်။

ထို့ကြောင့် .... တချို့လူများက လောင်လီအား မုံ့လှ၏တပည့်ဟူ၍ပင် သတ်မှတ်ကြလေသည်။ မုံ့လှသည် လောင်လီ၏စိုးရိမ်မကင်းဖြစ်နေပုံကိုကြည့်ကာ သက်ပြင်းတစ်ချက်ချမိ၏။



"ကဲ လောင်လီ၊ မင်းကို ငါအများကြီးကျေးဇူးတင်တယ်၊ ဒါလဲအိပ်တော့မယ်၊ မင်းသွားတော့"

လောင်လီက မုံ့လှအားမကျေမနပ်ကြည့်ကာ ....

"မင်း ငါ့ကိုနှင်ထုတ်နေတာလား၊ ခုထိ မင်းငါ့ကို ဒီအလုပ်လုပ်ပါဘူးလို့မပြောသေးပါလား"

မုံ့လှက လောင်လီစိတ်ကျေနပ်မှုရှိစေရန်နှစ်သိမ့်လိုက်၏။

"မင်း စိတ်အေးအေးထားပြီးပြန်စမ်းပါကွာ၊ ရော့ .... မင်း မနက် အရက်သောက်ဖို့ ...."

မုံ့လှက အိတ်ထဲမှ ငွေစတစ်စကို လောင်လီအား ထုတ်ပေးလိုက်သည်။ လောင်လီ အံ့ဩသွားသည်။ မုံ့လှပေးလိုက်သော ငွေစသည် တစ်ရာတန်ငွေစဖြစ်နေသောကြောင့်ပင်။

"ဟာ ..... တယ်ဟုတ်ပါလား၊ မင်း မနက်ကို ဘယ်မှမသွားနဲ့ ငါ အရက်ကောင်းကောင်းဝယ်လာခဲ့မယ်"

ပြောပြောဆိုဆိုပင် လောင်လီလှည့်ထွက်သွား၏။ မုံ့လှက တံခါးကိုဆွဲပိတ်ရင်း ခပ်ကျယ်ကျယ်လှမ်းပြောလိုက်သည်။

"မနက်ကို မင်းမလာနဲ့ ငါခရီးထွက်မယ်"

သူ့စကားကို ကြားမကြားတော့မသိ။ လောင်လီကား မှောင်ရိပ်ထဲ ဝင်ရောက်ပျောက်ကွယ်သွားပြီဖြစ်လေသည်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



မြင်းနှစ်ကောင်သည် လျှင်မြန်စွာပြေးနေသည်။

မြင်းနှစ်ကောင်အနက် တစ်ကောင်မှာအနက်ရောင်ဖြစ်ပြီး ကျန်တစ်ကောင်မှာအဖြူရောင်ဖြစ်သည်။

မြင်းပေါ်တွင် လူတစ်ယောက်စီပါလာသည်။

အနက်ရောင်မြင်းကို မှုံလူကစီးပြီး ....

အဖြူရောင်မြင်းပေါ်တွင်မူ ကျင်းလန်က စီး၍ပါလာသည်။ မှုံလူသည် လူအသွားအလာနည်းပါးသောလမ်းကို တမင်ရွေးချယ်၍ ခရီးထွက်လာကြခြင်းဖြစ်လေသည်။

နံနက်မိုးလင်းစမို့ မြင်းစီးရသည်မှာ အေးစိမ့်စိမ့်ဖြစ်နေပေသည်။ သို့သော် လေးမိုင်ခရီးကို အပြင်းအထန်ပြေးလာရသောကြောင့် မြင်းများမောနေပေသည်။

ထို့ကြောင့် ရှေ့မှသွားနေသောမှုံလူသည် မြင်းကိုခပ်မှန်မှန်ပင်သွားစေလျက် နောက်၌ရှိသော ကျင်းလျှံအား လှည့်ကြည့်လိုက်လေသည်။

သူမသည် ဘယ်အချိန်ကြည့်ကြည့် လှနေသည်သာဖြစ်၏။

အကျႌအနီရောင်လေးနှင့်လိုက်ဖက်စွာ ခေါင်းတွင် ပဝါနီလေးကိုစည်း၍မြင်းစီးလာနေသည်မှာ ရန်သူလိုက်လာသည်ကို ရင်ဆိုင်နေရသည့်ဒုက္ခသည်တစ်ယောက်နှင့်မတူဘဲ လွန်စွာလှပသောမင်းသမီးလေးတစ်ယောက် အညောင်းပြေမြင်းစီးထွက်လာသည်နှင့်တူနေတော့သည်။

ကျင်းလျှံက မှုံလူကိုကြည့်ပြီးပြုံးလိုက်သည်။



"ရှင်ဘာဖြစ်လို့ မြင်းကိုနှေးလိုက်တာလဲ"

မှုံလူက ပြန်လည်ပြုံးပြရင်း ....

"သုံးလေးမိုင်ကိုဆက်တိုက်ကြီးပြေးနေရတာ မြင်းတွေမောနေပြီလေ၊ အခုလို အနားပေးပြီးခရီးဆက်မှ အဆင်ပြေမှာ၊ နို့မို့ရင် ...ိုးတစ်ဝက်မှာပဲ မြင်းတွေသေကုန်လိမ့်မယ်"

ကျင်းလျှံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ မြင်းပေါ်ကလိုက်တဲ့လူတွေတောင် ကျော...တွေ ရင်တွေအောင့်နေပြီ၊ ဖုန်တွေလဲအလိမ်းလိမ်းတက်နေပြီ"

ထို့နောက် သူတို့နှစ်ယောက်သည် စကားတပြောပြောနှင့် ...င်းကိုခပ်မှန်မှန်စီးလာကြသည်။

မှုံလူက ကျင်းလျှံအားလှည့်ကြည့်လိုက်ပြီး ....

"ခုလောက်ဆို တာ့စန်းအိဂိုဏ်းကလူတစ်ရာလောက်ဟာ ...ပ်တို့နောက်ကို လိုက်လာနေရောပေါ့"

ဟုပြောလိုက်သည်။ ကျင်းလျှံက မြင်းကိုရှေ့တိုးလျက် မှုံလူ...င်ဘောင်တန်းလိုက်သည်။ သူတို့နှစ်ယောက် ဘေးချင်းယှဉ်လျက် ...သွားသည်။

"အင်း .... သူတို့ကတော့ ဘယ်ကိစ္စကိုမှ အသာတကြည်...လျှော့မဲ့ပုံ မရှိပါဘူး"

ကျင်းလျှံက စိတ်ပျက်လက်ပျက်လေသံနှင့်ပြောသည်။

မှုံလူသည် အတန်ကြာစဉ်းစားနေပြီးမှ ....

"ဒါနဲ့ ခင်ဗျားနောက်ကိုလိုက်ပြီး သတ်ချင်လောက်အောင်

www.burmeseclassic.com



ခင်ဗျားက သူတို့ကို ဘာတွေများလုပ်ခဲ့မိလို့လဲ၊ ခင်ဗျားနဲ့ဘယ်လိုများ ပတ်သက်နေသလဲ"

ကျင်းလျှံသည် မုံ့လူအားဖျတ်ခနဲစောင်းငဲ့ကြည့်လိုက်ပြီး ....

"ရှင့်ကို ကျွန်မ တစ်နေ့သုံးရာပေးပြီးငှါးထားတာ အဲဒါတွေ မေးဖို့မဟုတ်ဘူး၊ ကျွန်မကိုရန်ရှာမယ့်သူ လာဖမ်းမယ့်သူတွေရဲ့ရန်က လွတ်ကင်းအောင်ကာကွယ်ပေးဖို့ပဲ"

ကျင်းလျှံ၏ခပ်တင်းတင်းလေသံကြောင့် မုံ့လူလည်း ဘာမှ ထပ်မမေးတော့ဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

ခေါင်းထဲတွင်မူ တစ်စုံတစ်ခုကိုအလေးအနက်စဉ်းစားနေ မှန်သည်။

တစ်နေ့သုံးရာဆိုသောငွေသည် သူ၏ဘဝတွင် ယောင်၍ ပင် အိပ်မက်မမက်ဘူးသောငွေကြေးပမာဏဖြစ်သည်။

သည်တော့ သူကလည်း သူမ မကြိုက်သည်ကို မေးနေစ မလို။ တစ်နေ့သုံးရာဆိုသောငွေနှင့်ထိုက်တန်အောင် ကျား၏တစ်အ နှင့်ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ နောက်မဆုတ်တမ်းရင်ဆိုင်ပေးရတော့မည်

"ဘာလဲ ရှင်ကျွန်မအဲလုပ်ကိုလက်ခံမိတဲ့အတွက် နောင် ရနေလို့လား"

ကျင်းလျှံထံမှထွက်ပေါ်လာသောစကားကြောင့် မုံ့လူ ကွ ခနဲမျက်နှာပျက်သွားသည်။ သူမ၏စကားက သူ့အပေါ်အထင်သေ သလိုမျိုးဖြစ်သည်။

သူရဲဘောကြောင်သည်ဟုထင်နေပုံရ၏။



သူရဲဘောကြောင်သည်ဟုအထင်ခံရခြင်းသည် သူ၏သိက္ခာ ကို ထိပါး စော်ကားခြင်းပင်ဖြစ်၏။

ထို့ကြောင့် မျက်နှာကြီးနီရဲသွားကာ ....

"ဒီမှာ လူဆိုတာ သေတစ်နေ့မွေးတစ်နေ့ပဲဗျ၊ ကျုပ်က ဘာ ကိုကြောက်နေရမှာလဲ၊ ဒါပေမယ့် ...."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"အကြောင်းရင်းကိုသိထားရတော့ ကျုပ်အနေနဲ့ ခင်ဗျားကို အထာအကွယ်ပေးဖို့ ကြိုတင်ပြင်ဆင်နိုင်တာပေါ့"

ကျင်းလျှံနှုတ်သွားသည်။

ခဏကြာမှ သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အင်း .... အချိန်တန်တော့လဲ သိရမှာပေါ့ရှင်"

နွမ်းလျသောလေသံဖြင့်ပြောလိုက်၏။

ထို့နောက်တွင်ကား ....

ဝန်းကျင်တစ်ခုလုံး ခေတ္တမြန်လည်တိတ်ဆိတ်သွားပြန်လေ ည်။

✦✦✦

www.burmeseclassic.com



တောအုပ်ကလေးတစ်ခု ....

ထိုတောအုပ်လေးကိုကျော်လျှင် ရွာကြီးတစ်ရွာကိုဖြတ်ရပေဦးမည်။ ထိုရွာသို့ရောက်ပါက ခရီးတစ်ထောက်နားမည်ဟု မုံ့လူ တွက်ဆထား၏။

သူတို့နှစ်ဦးသည် မြင်းနှစ်ကောင်ကို တစ်ကောင်နှင့်တစ်ကောင် ဆယ်ပေခန့်ကွာ၍ ခပ်မှန်မှန်စီးလာကြသည်။

မွန်းတည့်ချိန်ဖြစ်၍ နေသည် ခေါင်းပေါ်တည့်တည့်သို့ကျရောက်နေ၏။

လွန်စွာမှပင် ပူပြင်းနေသည်။ ထို့ကြောင့် သူတို့နှစ်ဦးသည် ရှေ့တောအုပ်လေးဆီသို့ ခပ်မြန်မြန်ရောက်ချင်နေကြသည်။

မကြာမီမှာပင် သူတို့သည်တောအုပ်လေးထဲသို့ရောက်ရှိလာကြတော့၏။ သစ်ပင်ဝါးပင်ကြီးများထူထပ်စွာအုပ်ဆိုင်းနေ၍ တောအုပ်လေးထဲတွင် အေးစိမ့်နေသည်။

ထို့ကြောင့် မြင်းစီးရသည်မှာ ပို၍အရသာရှိလှသည်ဟု သူတို့နှစ်ဦးစလုံးခံစားမိကြသည်။

ထိုစဉ် ....

“ဒုတ် ....”

“ဒုတ် ....”

ဟူသောအသံနှင့်အတူ လှံတစ်ချောင်းသည် မုံ့လူ၏မြင်းရှေ့တွင် လာရောက်စိုက်နေတော့သည်။ မုံ့လူက ထိတ်လန့်စွာဖြင့် ကျင်းလျှံရှိရာသို့လှည့်ကြည့်လိုက်မိသည်။



ထိုအခါ ....

ကျင်းလျှံ၏မြင်းရှေ့တွင်လည်း လှံတစ်ချောင်းစိုက်နေသည်ကို တွေ့လိုက်ရလေသည်။

မုံ့လူသည် ဝန်းကျင်တစ်ဝိုက်ဆီသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။

ထို့နောက် သူ့မြင်းရှေ့ မြေတွင်စိုက်ဝင်နေသော လှံတံအား အသေအချာစိုက်ကြည့်လိုက်ပြီး ....

“ရွှေလှံတံ ဝမ်းပွဲဆိုး”

နှုတ်မှ လွှတ်ခနဲရေရွတ်မိလိုက်လေ၏။

မရှေးမနှောင်းမှာပင် ....

တောအုပ်တွင်းမှ အဘိုးအိုတစ်ဦးထွက်လာပြီး ....

“ဟုတ်ပါတယ်မောင်ရင်ရာ၊ ငါဝမ်းပွဲဆိုးပါ၊ ငါ့ကိုတော့ မင်းမေ့ပုံမရပါဘူးနော်”

အဘိုးအိုသည် ထိုသို့ပြောရင်း သူတို့ရှိရာနေရာသို့လျှောက်လှမ်းလာလေသည်။ ထို့နောက် သူသည် မုံ့လူတို့၏မြင်းရှေ့မြေတွင် စိုက်ဝင်နေသော သူ၏လှံနှစ်ချောင်းကို အသာအယာပြန်နှုတ်ယူပြီး အသံအေးအေးဖြင့် ....

“ရာသီဥတုက သိပ်ပူနေတယ်၊ မင်းတို့နှစ်ယောက် အောက်ကိုဆင်းပြီး အနားယူလိုက်ပါဦးလား”

မုံ့လူက ဘယ်လိုလဲဟု ကျင်းလျှံကိုလှမ်းကြည့်သည်။ သူမ မျက်နှာမှာ ဖြူရော်နေသည်ကိုတွေ့ရ၏။

www.burmeseclassic.com



သူမကိုကြည့်ရသည်မှာ အတော်ကြောက်နေပုံရသည်။

မုံလှ ဘာမျှမပြောတော့ဘဲ မြင်းပေါ်မှဆင်းလိုက်သည်။

ထို့နောက် ဝမ်းပါ့ဆိုးနားသို့သွား၍ ....

"ဒါ ဘာသဘောလဲဝမ်းပါ့ဆိုး"

လေသံမာမာဖြင့်မေးလိုက်သည်။

ဝမ်းပါ့ဆိုးက ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

ပြီးမှ ....

"မင်းတို့ကို အနှောင့်အယှက်ပေးမိသလိုဖြစ်သွားတာ စိတ်မကောင်းပါဘူးကွာ၊ မင်းလဲ ငါ့အကြောင်းသိသားနဲ့"

ပြောပြီး ဝမ်းပါ့ဆိုးသည် ထပ်မံရယ်မောနေပြန်တော့၏။

မုံလှမှာ အခက်ကြုံနေရတော့သည်။

တကယ်တွေ့သင့်သည်က ကျင်းလျှံ၏ရန်သူသာဖြစ်သည်။

ယခုတွေ့နေရသည်က ကျင်းလျှံနှင့် မည်သို့မျှပတ်သက်သူမဟုတ်။ သူနှင့်သာ ပတ်သက်ဆက်စပ်နေသူ မဟုတ်ပါလား။

✦✦✦



ဝမ်းပါ့ဆိုး ဆိုသူကား လူကောင်းတစ်ယောက်မဟုတ်ပါ။

သို့သော် ... လူဆိုးတစ်ယောက်ဟုဆိုရန်လည်း ခက်၏။

သူ၏စိတ်နေ စိတ်ထားသည် အခြားသူများနှင့်မတူ။

သိသာကွဲပြားစွာခြားနားလေ၏။

ထို့ကြောင့် ဆက်ဆံရခက်သူဟုဆိုနိုင်ပေသည်။

လုံ့ဘက်ကို ကျွမ်းကျင်ပိုင်နိုင်စွာကိုင်တွယ်အသုံးချလျက် သိုင်းလောက၌ ကျင်လည်လှုပ်ရှားနေသူဖြစ်၍ သိုင်းလောကသားများက သူ့အားရွှေလုံ့ရှင် ဝမ်းပါ့ဆိုးဟုသိထားကြသည်။

သူသည် လွန်စွာအကင်းပါးသူဖြစ်၏။

သူတစ်ပါး၏အရိပ် အကဲကိုကြည့်၍ မည်သို့ဆက်ဆံရမည်ကိုနားလည်သည်။ သူတစ်ပါး၏အခက်အခဲကိုကြည့်၍ မည်သို့အမြတ်ထုတ်ရမည်ကိုလည်း နားလည်သူဖြစ်၏။

အထူးသဖြင့် သူတစ်ပါး၏အားနည်းချက်ကို မရမကရှာဖွေပြီး ထိုအားနည်းချက်ကိုထောက်ပြ၍ ငွေညှစ်လေ့ရှိသည်။

ငွေမရပါ က ထိုအားနည်းချက်ကို လူတစ်ကာသိအောင် ထုတ်ဖော်ပြောဆိုလေတော့၏။

ထို့ကြောင့် သိုင်းလောကသားအတော်များများသည် သူနှင့်ပတ်သက်ရမည်ကို လွန်စွာစိုးရွံ့ကြ၏။

ယခုလိုအခြေအနေမျိုးတွင် မုံလှအနေဖြင့်လည်း သူနှင့်ပတ်သက်ရမည်ကို မလိုလားပါ။

သို့သော် ရှောင်၍မရတော့။

www.burmeseclassic.com

www.burmeseclassic.com



ပက်ပင်း တိုးနေလေပြီ။

အတတ်နိုင်ဆုံး ပြေလည်အောင်သာ ကြိုးစားရပေတော့မည်။ သို့မဟုတ်ပါက သူ၏သတင်းဖြန့်မှုကြောင့် မိမိတို့အား ရန်သူများ အမြန်ဆုံးခြေရာခံမိသွားမှာ သေချာနေပေပြီ။

မှုံလှသည် ဝမ်းပုံဆိုးအား မျက်နှာချိုသွေးရင်း ....

"အစ်ကိုကြီး ဘာကိစ္စများရှိလို့ ကျွန်တော်တို့ကို တားရတာလဲခင်ဗျာ၊ ကျွန်တော် ကိစ္စလေးနည်းနည်းအရေးကြီးနေလို့ ...."

ဝမ်းပုံဆိုးက ရယ်မောရင်း ....

"ငါသိပါတယ်ကွာ၊ မင်းတို့ကိစ္စ ဘယ်လောက်အရေးကြီးတယ်ဆိုတာ၊ ဒါကြောင့် ငါ့အနေနဲ့လဲ မင်းတို့သွားမဲ့ခရီးလမ်း ဖြောင့်ဖြူးစေချင်ပါတယ်"

ဘယ်ကဘယ်လိုရသည့်မသိ။ သည့်အဘိုးကြီး သတင်းရသည်က မြန်လှသည်။ ဒါပေမယ့် သိပ်အံ့ဩစရာမရှိပါ။ အံ့ဩစရာကောင်းသည်က မိမိတို့ ဤလမ်းခရီးမှလာမည်ကို ကြိုသိနေခြင်းဖြစ်သည်။

မှုံလှက ဘာမျှမသိဟန်ဖြင့် ....

"သူ့အကြောင်း အစ်ကိုကြီးက ဘာများသိထားလို့လဲ"

သွေးတိုးစမ်းသည့်အနေဖြင့် စကားအစ်ကြည့်လိုက်သည်။ ဝမ်းပုံဆိုးက သဘောကျစွာရယ်ရင်း ကျင်းလျှံအနီးသို့တိုးကပ်သွားလေသည်။ ကျင်းလျှံလည်း မြင်းပေါ်မှခုန်ဆင်းကာ အသင့်အနေအထားဖြင့် ဝမ်းပုံဆိုးအား အကဲခတ်လိုက်၏။



အကယ်၍ ဝမ်းပုံဆိုးက ရန်ရှာလာလျှင် ပြန်လည်ခုခံနိုင်ရန်လည်း အသင့်ပြင်ဆင်ထား၏။ သို့သော် ဝမ်းပုံဆိုး၏ဟန်မူရာက အေးအေးဆေးဆေးပင်။ ရန်လိုသည့်အနေအထားမျိုးကိုမတွေ့ရ။

သူသည် ကျင်းလျှံနှင့်မိန်းမဝေ၌ရပ်လိုက်ပြီး ....

"ကလေးမ မင်းရဲနာမည်ကကျင်းလျှံ၊ ထွက်လာတာက တာ့ခန်းအိဂိုဏ်းက"

တစ်ဆက်တည်းပင် သူသည် မှုံလှဘက်လှည့်ကာ ....

"ကလေးမက သူ့ကိုစောင့်ရှောက်ဖို့မင်းကိုငှါးလာတာ၊ ကဲ ငါပြောတာမှားသလား"

မှုံလှ ပါးစပ်ပိတ်သွားသည်။ သူ့အနေဖြင့် ဘာမျှပြောစရာမရှိတော့။ ကျင်းလျှံကမူ မိမိတို့အကြောင်း ဤမျှသိနေသောအဘိုးအိုကိုအလွတ်မပေးလိုတော့ချေ။ တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

မှုံလှ ကမန်းကတမ်းကြားဝင်လိုက်ရသည်။

"နေဦး ဒီကိစ္စကျုပ်ကိစ္စ၊ ခင်ဗျားနဲ့ဘာမှမဆိုင်ဘူး၊ ခင်ဗျားသာနောက်ဆုတ်နေ"

ကျင်းလျှံဘာမှမပြောတော့ဘဲ တစ်ဘက်သို့လှည့်နေလိုက်တော့သည်။ မှုံလှက ဝမ်းပုံဆိုးအား စိုက်ကြည့်လိုက်ပြီး ....

"အစ်ကိုကြီးဝမ်း ဘာလိုချင်လို့လဲ"

အကြောင်းသိပီပီ တဲ့တိုးပင်မေးလိုက်၏။

ဝမ်းပုံဆိုးက အရယ်အမောမပျက် လက်ကိုကွင်းပြလိုက်၏။

"ဘာလဲ .... ခြောက်ဆယ်လား"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ဝမ်းပဲ့ဆိုးဒေါပွသွား၏။

"ဟေ့ .... မင်း ငါ့ကိုမနောက်ပါနဲ့၊ ခြောက်ဆယ်ဆိုတာ တလေးမုန့်ဖိုးလောက်ပဲရှိတာ"

"ဒါဖြင့် ခြောက်ရာပေါ့"

ဝမ်းပဲ့ဆိုး မျက်နှာကြီးရှုံ့ကာခေါင်းခါလိုက်၏။

"နည်းနည်းနီးစပ်လာပြီ၊ နောက်တစ်ထစ်ပဲကျန်တယ်"

မှုံလူက အံတင်းတင်းကြိတ်ပြီး ....

"ဒါဆို ခြောက်ထောင်ပေ့ါဟုတ်လား"

ဝမ်းပဲ့ဆိုးကပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"မင်း သဘောပေါက်လွယ်သားပဲ"

မှုံလူက ခပ်ပြင်းပြင်းဖြင့် ....

"ကျုပ်မှာ အဲဒီလောက်ငွေမရှိဘူးဗျ"

ဝမ်းပဲ့ဆိုးက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြန်၏။

"လူတစ်ယောက်မှာမရှိတာကို ငါကမတောင်းပါဘူး၊ မင်း ရထားတာသိလို့ အခု ငါတောင်းနေတာ"

ထိုစကားကြောင့် မှုံလူမှာ ထိတ်လန့်အံ့ဩသွားမိလေသည်။ ဒီအဘိုးကြီးသည် သူရထားသောငွေကိုပင် တိတိကျကျသိနေသည် မဟုတ်ပါလား။

✦✦✦



မှုံလူသည် တစ်ခဏမျှစဉ်းစားလိုက်၏။ သူ့အနေဖြင့် ဝမ်းပဲ့ဆိုးနှင့်ယှဉ်ပြိုင်တိုက်ခိုက်ပါက အနိုင်ရမည်လော။ မသေချာပါ။ နိုင်သည်ရှုံးသည်က အဓိကမဟုတ်။ သွားရမည့်ခရီးက ရှိနေသေး၏။ သည်နေရာမှာ အချိန်ဖြုန်းနေ၍မဖြစ်။ မှုံလူသည် ထိုသို့စဉ်းစားမိသည့်အခါ အနည်းငယ်မျက်နှာချိုသွေးလိုက်ပြီး ....

"ကဲပါ အစ်ကိုကြီးဝမ်းရာ .... ကျုပ်ရထားတာမှ ဒီလောက်ပဲရှိတာ ခင်ဗျားက အကုန်တောင်းတော့ ကျုပ်က ဘာနဲ့သွားစားရမှာလဲဗျာ"

ဝမ်းပဲ့ဆိုးသည် မှုံလူ၏စကားကြောင့် တစ်ချက်မျှတွေဝေသွား၏။ ပြီးမှ လေသံပျော့ဖြင့် ....

"မင်းသွားမယ့်လမ်းခရီးတစ်လျှောက်မှာ ငါက အတတ်နိုင်ဆုံးအကူအညီပေးဦးမှာပါကွ"

မှုံလူ တစ်ချက်ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ သုံးထောင်ပဲယူလိုက်ပါနော်"

ဝမ်းပဲ့ဆိုးက မျက်နှာတစ်ချက်မဲ့လိုက်ပြီး ....

"မင်း နည်းနည်းတော့ပြန်ပြင်လိုက်ပါဦးကွာ"

မှုံလူ သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်သည်။ ထို့နောက် အိတ်ထဲမှငွေလေးထောင်ကိုထုတ်ကာ ....

"ခင်ဗျား ကျုပ်တို့ကိုကူညီမယ်ဆိုတာ ယုံပါတယ်ဗျာ၊ ကဲ ရော့၊ လောက်နဲ့ကျေနပ်ပါနော်"

မှုံလူသည် ဝမ်းပဲ့ဆိုးအား ငွေပေးပြီးသည်နှင့် မြင်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



ခုန်တက်လိုက်၏။ ကျင်းလျှံကဝမ်းပျံဆိုးအား မကျေနပ်သလို တစ်ချက်ကြည့်ပြီး မြင်းပေါ်ခုန်တက်လိုက်သည်။ ထို့နောက် မုံလှူနှင့်အတူ မြင်းကိုဒုန်းစိုင်းမောင်းနှင်ထွက်ခွာသွားလေတော့၏။

ဝမ်းပျံဆိုးသည် ဒုန်းစိုင်းထွက်ခွာသွားသော မြင်းနှစ်ကောင်အားမျက်စိတဆုံးကြည့်ရင်း သက်ပြင်းတစ်ချက်အသာအယာချလိုက်လေသည်။

✦✦✦



## အရပ်လေးမျက်နှာမှရန်သူများ

မြင်းနှစ်ကောင်သည် ရှေ့နောက်တန်းလျက် တရကြမ်းဒုန်းစိုင်းပြေးနေသည်။ မြင်းနှစ်ကောင်ပေါ်လိုက်ပါလာကြသူများမှာမုံလှူနှင့်ကျင်းလျှံတို့ဖြစ်ကြသည်။ ယခုတစ်ကြိမ်တွင်တော့ မြင်းအနက်ကိုစီးသောမုံလှူသည် နောက်ရောက်နေပြီး မြင်းဖြူစီးသောကျင်းလျှံက ရှေ့မှဖြစ်သည်။

ဓနလုံးကြီးသည် တဖြည်းဖြည်းနိမ့်ဆင်းနေ၏။

မကြာမီအချိန်မှာပင် အနောက်ဘက်တောင်စွယ်၌ ငုတ်လျှိုးပျောက်ကွယ်သွားတော့မည်ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးလည်း မှောင်ရိပ်သမ်းစ ပြုနေလေပြီ။

နှစ်ယောက်သား မြင်းကိုဒုန်းစိုင်းနှင်ခဲ့ကြရာ အလင်းရောင်ပျောက်မီမှာပင် ရှေ့ခပ်လှမ်းလှမ်း၌ ရွာကြီးတစ်ရွာကို ခပ်ပျပျမြင်တွေ့လိုက်ရလေတော့၏။

ရှေ့မှဒုန်းစိုင်းမောင်းနှင်နေသောကျင်းလျှံသည် မြင်းအရှိန်ကိုလျှော့ချပြီး ....

www.burmeseclassic.com



နောက်မှလိုက်ပါလာသောမုံလူအား စောင့်နေလိုက်လေ၏။ မကြာမီမှာပင် မုံလူသည် သူမအား မီလာတော့သည်။

“ဘာဖြစ်လို့လဲ မြင်းကိုအနားပေးတာလား”

ကျင်းလျှံကခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်၊ မြင်းတွေသိပ်မောနေပြီ၊ ဒါပေမယ့် ရေကန်ရွာကိုတော့ မိုးချုပ်တာနဲ့ရောက်မှာပါ”

မုံလူ ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်တယ်၊ ဒီညတော့ အဲဒီရွာကတည်းခိုခန်းတစ်ခုမှာပဲ ဝင်တည်းကြတာပေါ့”

ကျင်းလျှံ ခေါင်းညိတ်ပြလိုက်၏။ ထိုနောက် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် မုံလူကိုကြည့်ကာ ....

“ဘယ့်နှယ်လဲ၊ ရှင့်ငွေတွေ သူခိုးလက်က သူဝှက်လုသွားပြီ ရှင် မနှမြောဘူးလား”

မုံလူမှာ ထိုစကားကြောင့် မချိပြုံးပြုံးလိုက်၏။

“ကိစ္စမရှိပါဘူး၊ ငွေကဒီလောက်အရေးမကြီးပါဘူး၊ အဓိက အရေးကြီးတာက ခင်ဗျားနဲ့ကျုပ်သွားရမယ့်လမ်းခရီးမှာ အဟန့်အတားမရှိဖို့ဘဲမဟုတ်လား”

“ရှင် သူ့ကိုကြောက်လို့ပေးလိုက်ရတာမဟုတ်လား”

ကျင်းလျှံ၏စကားက မခံချိမခံသာဖြစ်စရာပင်။ သို့သော် မုံလူ စိတ်မဆိုးပါ။

အားသာအယာပြုံးလိုက်ပြီး ....



“ခင်ဗျား သူ့အကြောင်းဘာသိသလဲ”

ကျင်းလျှံ မဲ့ပြုံးပြုံးပြီး ဆက်ပြောလိုက်ပြန်သည်။

“ကျွန်မ သူ့အကြောင်း ဘာမှသိစရာမလိုဘူး၊ လမ်းမှာ အနှောင့်အယှက်ပေးလာရင် ဖြစ်ချင်ရာဖြစ် တိုက်မှာပဲ”

မုံလူကရယ်မောရင်း ....

“ခင်ဗျား သူ့အကြောင်းသိလာရင် ဒီလိုပြောမှာမဟုတ်ဘူး”

“ပြောပါဦး၊ ရှင့်လူကြီးအကြောင်းကို ....”

ကျင်းလျှံက ခနဲ့သလိုလေသံမျိုးဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ မုံလူက တစ်ချက်ပြုံးလိုက်ပြီး ....

“ဒီအဘိုးကြီးဟာ လူတစ်မျိုး၊ သိုင်းပညာကော ကိုယ်ဖော့ပညာပါ အင်မတန်တော်တယ်၊ နောက်ပြီး သူဟာ အင်မတန်သစ္စာရှိတဲ့လူတစ်ယောက်ပါ”

ကျင်းလျှံက သူ့အားလှည့်ကြည့်ရင်း ...

“ရှင် ဘာကိုဆိုလိုတာလဲ”

ဟုမေးလိုက်သည်။ မုံလူက စဉ်းစဉ်းစားစားဖြင့် ....

“သူဟာ အခုလိုလှူဝှက်တဲ့အလုပ်တွေမှာ သူ့အတွက် ဝေစုရိုက်တောင်းတတ်တာကလွဲပြီး ဘယ်သူ့ကိုမှဒုက္ခမပေးဘူး၊ နောက်ပြီး သူ့အတွက်ဝေစုရပြီးရင်လဲ ဘယ်တော့မှသစ္စာမဖောက်ဘူး၊ တစ်ခေါက်တစ်လမ်းကတောင် လိုက်ကူညီတတ်သေးတယ်”

“ဒါဖြင့် .... ရှင်ပေးလိုက်ရတဲ့ငွေအတွက် ရှင် မနှမြောဘူးဆိုပါတော့”

www.burmeseclassic.com

www.burmeseclassic.com



မုံ့လှ ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါတော့ မတတ်နိုင်ဘူးလေ၊ ကျုပ်လုပ်နေတဲ့အလုပ်တစ်ခု မှာ အနှောင့်အယှက်ထစ်ခုရှင်းသွားရင် ပြီးတာပဲ"

သို့တိုင်အောင် ကျင်းလျှံမှာ စိတ်အေးနိုင်ပုံမရချေ။

"သူဟာ တကယ်ပဲ တာ့စန်းအိဂိုဏ်းကို သတင်းမပေးဘူး လို့ ရှင် အတတ်ပြောနိုင်သလား"

"စိတ်ချပါ ... သူဟာ ဒီလိုလူစားမျိုးမဟုတ်ဘူးဆိုတာ ကျုပ် ရဲရဲကြီး ပြောရဲပါတယ်"

ကျင်းလျှံဘာမျှမပြောတော့ပါ။ ဝမ်းပါ့ဆိုးကိုမယုံသည့်တိုင် မုံ့လှ၏စကားကိုတော့ ယုံသင့်သည်မဟုတ်ပါလား။

✦✦✦



ည ....

လရောင်သည် မှုန်ဝါးဝါးကျရောက်နေ၏။

ထိုအချိန်တွင် မြင်းနှစ်ကောင်သည် ရွာတွင်းသို့ဖြည်းညင်း ညင်ရောက်လာသည်။ သူတို့သည် ရွာလယ်ပိုင်းရှိတည်းခိုခန်းတစ် ခုသို့အရောက်တွင်မြင်းကိုရပ်လိုက်၏။

ဤတွင် .... တည်းခိုခန်းထဲမှလူငယ်တစ်ဦး သူတို့အနားသို့ အပြေးအလွှားရောက်ရှိလာပြီး ....

"အစ်ကိုကြီးနဲ့အစ်မကြီးတို့ ဘာများသုံးဆောင်ချင်ပါသလဲ၊ အထဲကိုကြွပါခင်ဗျာ၊ ဒီမြင်းတွေအတွက် ဘာမှမပူပါနဲ့၊ ကျွန်တော် ကစာကျွေးပြီး အသေအချာပြုစုစောင့်ရှောက်ထားပါ့မယ်"

မုံ့လှသည် လူငယ်အား သေချာအကဲခတ်လိုက်၏။ သူတို့ အဖို့ အစစအရာရာကို သတိထားနေရမည့်အချိန်မဟုတ်ပါလား။

တစ်ချက်သတိလစ်သည်နှင့် ဖေးဆပ်ရမည့်တန်ဖိုးကနည်း ည်မဟုတ်ချေ။ ထို့ကြောင့် သူတို့နှစ်ယောက်စလုံး အစစအရာရာ ကိုခြည်မပြတ်သတိထားနေကြရခြင်းဖြစ်သည်။

ကျင်းလျှံသည် လူငယ်အားသေချာအကဲခတ်ရင်း ....

"ဒီရွာမှာ ထူးထူးထွေထွေ ဘာသတင်းများ ကြားမိသေးသ လဲ"

မဆီမဆိုင် အမေးစကားကြောင့် လူငယ်မှာ ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွား၏။

ပြီးမှ ခပ်သွက်သွက်ခေါင်းခါကာ ...

www.burmeseclassic.com

www.burmeseclassic.com

“ဘာသတင်းမှမကြားမိပါဘူးဗျာ၊ ကျွန်တော်တို့ရွာဖက်မှာ အေးအေးချမ်းချမ်းပါပဲ၊ ဒါနဲ့ ဘာကြောင့်မေးရတာပါလိမ့်”

“ဘာရယ်လို့မဟုတ်ပါဘူးကွာ၊ အစ်ကိုတို့က တခြားရွာကလာတဲ့ဧည့်သည်တွေဆိုတော့ သူခိုးဓားပြတွေများ သောင်းကျန်းကြသလားလို့ပါ”

မှုံလူက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ မှုံလူ၏စကားကြောင့် လှငယ်ကရယ်မောလိုက်သည်။

“စိတ်ချပါအစ်ကိုတို့ရာ .... ကျွန်တော်တို့ရွာမှာ ဘာသူခိုးဓားပြမှမရှိပါဘူး၊ အေးချမ်းပါတယ်”

မှုံလူသည် လှငယ်အား သူတို့စီးလာသော မြင်းနှစ်ကောင်ကိုအပ်လိုက်သည်။

ထို့နောက် .... တည်းခိုခန်းအခြေအနေကို တစ်ချက် အကဲခတ်ပြီး အတွင်းသို့ဝင်ရောက်လိုက်လေတော့သည်။

✦✦✦



တည်းခိုခန်းမှာ မကျယ်ဝန်းလှပါ။

သို့သော် ကျဉ်းလှသည်ဟုလည်း မဆိုသာချေ။

တည်းခိုခန်းထဲ၌ ယောကျ်ားသတ်သတ် မိန်းမသတ်သတ် တည်းခိုရန် အခန်းများခွဲခြားထားပေးသည်။ ရေချိုးခန်းများကိုလည်း ထိုကဲ့သို့ပင် ခွဲခြားထားသည်။ မှုံလူသည် ရေမိုးချိုးပြီးနောက် အပြင်ဘက်ဧည့်ခန်းတွင် အရက်ထိုင်သောက်နေသည်။

ကျင်းလျှံရေမိုးချိုးပြီးလျှင် ထမင်းအတူစားရန်အတွက် စောင့်ဆိုင်းနေခြင်းဖြစ်သည်။ သူသည် ဧည့်ခန်းတွင်ထိုင်ရင်း အရက်ကို ဖြည်းဖြည်းချင်းသောက်နေ၏။

ဗိမ်ခံသောက်နေခြင်းတော့ မဟုတ်ပါ။

ရှေ့ဆက်ရမည့်ခရီးကိုစဉ်းစားရင်း သောက်နေခြင်းသာဖြစ်သည်။ ယခု တစ်ရက်ကုန်ဆုံးခဲ့ပြီဖြစ်သည်။

သူတို့လာခဲ့ရသည့်ခရီးမှာလည်း မိုင်တစ်ရာကျော်လာပြီဖြစ်၏။ သို့သော် .... ယခုအချိန်ထိ တာ့စန်းအိဂိုဏ်းမှ ရန်သူများကို တစ်ဦးတစ်ယောက်မျှ မတွေ့ရသေးဘဲရှိနေလေသည်။

ငေါ်စွတ်စွေသည် ကျင်းလျှံပြောသကဲ့သို့ သူတို့အား ယခုအချိန်ထိ လာရောက်ရန်မူခြင်းမရှိသည်မှာ လက်လျှော့ထားလိုက်၍ပေလော။

သို့မဟုတ် ....

သူတို့လိုက်နေသောလမ်းနှင့် လွဲချော်နေ၍လော။

ထိုကဲ့သို့လည်း မဖြစ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တာ့စန်းအိုဂိုဏ်းသည် အစစအရာရာ ဩဇာလွှမ်းမိုးမှုရှိပြီး နေရာတိုင်းတွင်လည်း သူတို့၏ဩဇာအာဏာသည် ပျံ့နှံ့လျက်ရှိနေသည်။ မည်သည့်အခါမျှလက်လျှော့ပေးလေ့မရှိသော တာ့စန်းအိုဂိုဏ်းသည် ဤကိစ္စတွင်လည်း အလျှော့ပေးလိမ့်မည်မဟုတ်ပါ။

သို့သော် ခက်နေသည်က သူတို့ သည့်ရွာသို့ရောက်သည့်တိုင်အောင် မည်သည့်ရန်သူ မည်သည့်အနှောင့်အယှက်ကိုမျှ မကြုံတွေ့ရသေးခြင်းဖြစ်သည်။

ယင်းအတွက် မုံ့လှမှာ စဉ်းစားရကျပ်နေရတော့သည်။

သူသည် အရက်ကိုဖြည်းဖြည်းချင်းသောက်နေရာမှ အမျိုးမျိုးလှည့်၍စဉ်းစားနေသည်။ ထိုအချိန်မှာပင် ခပ်ပုပုလူတစ်ယောက်သည် အိုးကလေးတစ်လုံးကို လက်မှကိုင်ကာ သူ့အနားသို့ ရောက်ရှိလာသည်။

မုံ့လှသည် အနီးသို့ရောက်ရှိလာသော ထိုသူ့အား သေချာအကဲခတ်ကြည့်လိုက်၏။ ထိုလူသည် ရှိရှိသေသေဖြင့်ပင် သူ့အနားသို့ရောက်ရှိလာပြီး .....

"အစ်ကိုကြီး အရက်နဲ့မြည်းဖို့ အကြော်ပူပူလေးများ ယူဦးမလား ခင်ဗျာ"

မုံ့လှသည် ထိုလူ၏အိုးကို အကဲခတ်ကြည့်လိုက်၏။ ထိုလူကိုင်လာသောအိုးမှာ အဝတ်ကလေးနှင့်ဖုံးထားသည်ကိုတွေ့ရသည်။

မုံ့လှက ထိုလူအား တစ်ချက်မော့ကြည့်လိုက်ပြီး ....

"မင်းအကြော်တွေက ဘာတွေလဲကွ"



မုံ့လှက ပြောပြောဆိုဆိုဖြင့် ထိုလူ၏အကြော်အိုးထဲ လက်နှင့်နှိုက်ယူရန် ဟန်ပြင်လိုက်သည်။ ထိုလူသည် ပျာပျာသလဲဖြစ်သွားကာ ....

"ဟာ .... အစ်ကိုကြီး လက်တွေပေကုန်မှာပေါ့။ ကျွန်တော်တူနဲ့ယူပေးပါမယ်"

ထိုလူသည် ပြောပြောဆိုဆိုပင် အနားတွင်ရှိသော တူနှစ်ချောင်းကိုယူလိုက်သည်။ မုံ့လှသည် ထိုလူ၏ပြုမူပုံကို မသင်္ကာ၍ သတိထားပြီး သေချာကြည့်နေလိုက်သည်။

သတိထား၍သေချာကြည့်နေသည့်ကြားမှပင် ထိုသူသည် တူနှစ်ချောင်းကိုကိုင်ကာ အိုးထဲသို့နှိုက်မလို ဟန်ပြင်ပြီး ရုတ်တရက်ဆိုသလို မုံ့လှ၏မျက်လုံးနှစ်လုံးဆီသို့ လျှပ်တစ်ပြက်ထိုးထည့်လိုက်လေတော့၏။

သတိထားနေသည့်ကြားမှ ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသဖြင့် မုံ့လှမှာထိတ်ခနဲဖြစ်သွားရလေသည်။

သို့သော် အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော မုံ့လှအနေဖြင့် တွေဝေတုံ့ဆိုင်းနေခြင်းမရှိပါ။

လှစ်ခနဲရှောင်တိမ်းလိုက်၏။

ကံအားလျော်စွာပင် မျက်လုံးကိုမထိမိဘဲ သီသီလေးလွဲချော်သွားလေသည်။ မုံ့လှသည် ချက်ချင်းပင် ကျာပွတ်ကိုဆွဲထုတ်ပြီး ထိုသူငယ်အားယမ်းလိုက်သည်။ လူငယ်ကလည်း တဆက်တည်းမှာပင် လျင်မြန်စွာဖြင့် သူ၏အိုးအား မုံ့လှ၏ကိုယ်ပေါ်သို့မှောက်ချလိုက်ရာ

www.burmeseclassic.com



မှုံလူမှာ ဘာလုပ်၍ဘာကိုင်ရမှန်းမသိအောင်ဖြစ်သွားတော့သည်။

သူသည် လူငယ့်လက်ကို ကျားဖွတ်နှင့်လှမ်း၍ရိုက်ချလိုက်နိုင်သော်လည်း သူ၏ကိုယ်ပေါ်သို့ ရွှေရောင်အဆင်းနှင့်ကင်းခြေများ အကောင်များကျလာလေတော့၏။

မှုံလူသည် ကမန်းကတန်းပင် ကိုယ်ပေါ်သို့ကျလာသောထိုအကောင်များကို ခါချလိုက်နိုင်သော်လည်း ကင်းခြေများတစ်ကောင်သည် သူ၏လက်ဖမိုးအား အသေအချာကိုက်မိသွားတော့၏။

လူငယ်မှာလည်း သူ၏ရိုက်လိုက်သော ကျားဖွတ်ရိုက်ချက်ဒဏ်ကြောင့် ဝက်အော်သကဲ့သို့ တစ်ချက်စူးစူးဝါးဝါးအော်ဟစ်ပြီး တည်းခိုခန်းတွင်းမှပြေးထွက်ပျောက်ကွယ်သွားလေတော့သည်။

✦✦✦

မှုံလူသည် သူ၏လက်ဖမိုးမှ ကင်းခြေများကိုက်သွားသောဒဏ်ရာကို တစ်ချက်စိုက်ကြည့်နေရာမှ တစ်စုံတစ်ခုကို သတိရလိုက်သည်။ ချက်ချင်းပင် ကျင်းလျှံ၏အခန်းရှိရာသို့ ကမန်းကတန်းပြေးလွှားသွားလေတော့၏။

ကျင်းလျှံ၏အခန်းသို့ရောက်သည့်အခါ တံခါးကိုတအားဆောင့်ဖွင့်လိုက်၏။ အခန်းထဲတွင် ကျင်းလျှံကို မတွေ့ရပါ။

ထို့ကြောင့် ကျင်းလျှံအတွက်စိတ်ပူကာ ကမန်းကတန်းပင် ရေချိုးခန်းရှိရာသို့ အပြေးအလွှားသွားကြည့်၏။



ရေချိုးခန်းတံခါးသည်ပွင့်နေ၏။ ကျင်းလျှံ၏အဝတ်အစားအားလုံး ရေချိုးခန်းထဲ၌ရှိနေသည်ကိုတွေ့ရသည်။

မှုံလူသည် မိမိနောက်ကျသွားပြီဖြစ်ကြောင်း အသေအချာသိလိုက်၏။ သို့သော် စိတ်မလျှော့သေးဘဲအိမ်သာဆီသို့ရောက်သွားပြန်သည်။ အိမ်သာထဲ၌လည်း ကျင်းလျှံကိုမတွေ့ရ။

မှုံလူမှာ မျက်စိပျက်မျက်နှာပျက်ဖြစ်လာတော့၏။

မည်သို့ပင်ဖြစ်စေ။

သူသည် လွယ်လွယ်နှင့်လက်လျှော့တတ်သူ မဟုတ်သဖြင့် တည်းခိုခန်းအပြင်ဘက်သို့ထွက်၍ ခပ်နိမ့်နိမ့်သစ်ပင်တစ်ပင်ပေါ် ခုန်တက်လိုက်သည်။

သစ်ပင်ပေါ်မှဆီးပြီး ဝန်းကျင်တစ်ခုလုံးသို့ အကဲခတ်ကြည့်လိုက်၏။ ဤတွင် တည်းခိုခန်းနှင့် ခပ်လှမ်းလှမ်းရှိခြံစည်းရိုးအဝတွင် လူတစ်ယောက်သည် အရာဝတ္ထုတစ်ခုကိုထမ်း၍ ပြေးလွှားနေသည်ကိုတွေ့မြင်လိုက်ရလေတော့၏။

မှုံလူ အချိန်ဆွဲမနေတော့ပါ။ ကိုယ်ဖော့ပညာအား အသုံးပြု၍ ခြံဝသို့ရောက်အောင်ပြေးလိုက်သွားတော့သည်။ ရှေ့မှပြေးလွှားနေသူသည် အရာဝတ္ထုကြီးတစ်ခုကိုထမ်းပြီး ပြေးလွှားနေသည့်တိုင် အတော်မြန်မြန်ပြေးနိုင်သည်ကိုတွေ့ရ၏။

သို့ဖြစ်ရာ ....

ထိုသူ၏သိုင်းပညာနှင့်ကိုယ်ဖော့ပညာသည် အတော်ပင် အဆင့်မြင့်ကြောင်း ခန့်မှန်းမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုံ့လူသည် ထိုလူနှင့်လေးပေခန့်အကွာသို့ရောက်သည်တွင် သူ၏ဆူးတပ်ဆင်ထားသောကျာပွတ်အား အားကုန်ဝေ့ယမ်းကာ ထိုသူ၏ခြေထောက်ဆီသို့လှမ်းရိုက်လိုက်၏။

ထိုလူသည် ကျာပွတ်ဒဏ်ကြောင့် ခြေလှမ်းတုံ့ခနဲ တစ်ချက်ရပ်သွားပြီး ကျောပေါ်မှထမ်းလာသောအရာဝတ္ထုအား မြေပေါ်သို့ပစ်ချလိုက်၏။

တစ်ဆက်တည်းမှာပင် သူ၏လက်ထဲမှပုဆိန်ဖြင့် မုံ့လူအား ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

ထိုလူသည် ဝေ့ယမ်းဝင်ရောက်လာသောကျာပွတ်ကို ခုန်ပျံရှောင်တိမ်းပြီး သူ၏ပုဆိန်ဖြင့် တရစပ်ပြန်လည်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ သာမန်တိုက်ခိုက်နေရုံဖြင့် အသာစီးရနိုင်မည်မဟုတ်ကြောင်း မုံ့လူနားလည်လိုက်သည်။

လက်ရှိအခြေအနေအရ .... ကြာရှည်တိုက်ခိုက်နေ၍မဖြစ်ကြောင်းတွေးမိသည်။ ထို့ကြောင့် အမြန်ပွဲသိမ်းနိုင်ရန်အရှိန်မြှင့်၍ တိုက်ခိုက်လေတော့၏။

လိုအပ်လာလျှင် တုတ်တစ်ချောင်းကဲ့သို့ အသုံးပြု၍ရသော ကျာပွတ်အား တစ်ဖြောင့်တည်းဆန့်ထုတ်ကာ ထိုလူ၏နဖူးတည့်တည့်သို့ထိုးထည့်လိုက်၏။

ထိုလူမှာ ရှောင်တိမ်းနိုင်စွမ်းမရှိဘဲ ကျာပွတ်ဖျားထိုးမိခံလိုက်ရသည်။ ကျာပွတ်အားအရှိန်ကြောင့် ထိုလူသည် တစ်ချက်ယိမ်းယိုင်သွားလေသည်။



ဤသို့ယိမ်းယိုင်သွားခြင်းသည်ပင် မုံ့လူအတွက် အကွက်ကောင်းဖြစ်သွား၏။ မုံ့လူသည် ရုတ်တရက်ယိုင်သွားသောထိုလူအား သူ၏ကျာပွတ်ဖြင့်အနီးကပ်ဝှေ့ယမ်းလိုက်ရာ ထိုလူမှာ မုံ့လူ၏ကျာပွတ်ဖြင့် ရစ်ပတ်မိပြီး လုံးဝမလှုပ်ရှားနိုင်ဘဲဖြစ်သွားတော့သည်။

မုံ့လူသည် ထိုလူ၏သွေးကြောကိုကပျာကယာပြေး၍ထိုးပိတ်လိုက်ရာ ထိုလူမှာ လုံးဝမလှုပ်ရှားနိုင်ဘဲဖြစ်သွားတော့၏။

ထို့နောက် မုံ့လူသည် ထိုလူထမ်းလာသောအထုပ်ကြီး ရှိရာသို့ အပြေးအလွှားသွားကြည့်လိုက်၏။

မုံ့လူ၏အထင် မှန်သွားသည်။

အကြောင်းမှာ ....

ထိုလူထမ်းလာသောအထုပ်သည် မိန်းကလေးတစ်ယောက်အား စောင်နှင့်ရစ်ပတ်ထမ်းလာသောအထုပ်ဖြစ်နေသောကြောင့်ပင်။

"ဟေ့ကောင် မှန်မှန်ပြောစမ်း၊ မင်းမိန်းကလေးကို ဘယ်လိုချုပ်လိုက်တာလဲ"

ထိုလူက ဘာမှမပြောဘဲ မုံ့လူအား မကျေမချမ်းဖြင့် စိုက်ကြည့်နေသည်။

မုံ့လူသည် စိတ်မရှည်စွာဖြင့် ထိုလူ၏လက်ကိုဆွဲ၍တစ်ချက်ချိုးလိုက်လေတော့၏။

"ဖြောင်း ...."

ဟူသောအသံနှင့်အတူ ထိုလူမှာ စူးစူးဝါးဝါးတစ်ချက်အော်ဟစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်ရက်စက်ပါလား၊ ကျုပ်လက်ကိုချိုးပစ်တယ် ဟုတ်လား"

"အေး .... မင်း ငါမေးတာမှန်မှန်မပြောရင် နောက်ကျန်တဲ့ လက်တစ်ချောင်းကိုပါ ချိုးဦးမယ်"

မုံလွှသည် ဒေါသတကြီးပြောရင်း ထိုလူ၏မျက်နှာအား တစ်ချက်ဖြတ်ရိုက်လိုက်ပြန်၏။

"မင်းနာမည်ဘယ်သူလဲ၊ ပြောစမ်း"

ထိုလူသည် အံကိုတင်းတင်းကြိတ်ရင်း ....

"ပေါင်ထိုက် ...."

ဟုမဖြေချင့်ဖြေချင်နှင့်ဖြေလိုက်၏။ ထိုအချိန်တွင် ကျင်းလျှံ ထံမှညည်းညူသံတစ်ချက်ကြားလိုက်ရသဖြင့် မုံလွှသည် ပေါင်ထိုက် အား အကြောပြန်မိတ်ကာ ကျင်းလျှံထံသို့ပြေးသွားလေတော့သည်။

"ကျင်းလျှံ မင်းသတိရပြီလား"

စိုးရိမ်တကြီးဖြင့် အလောတကြီးမေးလိုက်သည်။ ကျင်းလျှံ က တစ်စုံတစ်ခုကိုပြောပြီးညည်းနေသဖြင့် သူမပြောသောစကားမှာ မပီမသဖြစ်နေသည်။

သူမဘာပြောလိုက်မှန်း မုံလွှမသိပါ။

မုံလွှက သူမ၏မျက်နှာနေရာမှစောင်ကို အသာအယာလှပ် ပေးပြီး ဦးခေါင်းအားကိုင်လှုပ်ကာခေါ်လိုက်သည်။

"ကျင်းလျှံ .... ကျင်းလျှံ"

ခဏကြာမှ ကျင်းလျှံသတိပြန်ဝင်လာသည်။



မျက်လုံးဖွင့်ပြီး ဟိုကြည့်သည်ကြည့် ကြည့်သည်။

"ဟင် .... ကျွန်မ .... ကျွန်မ ...."

ကျင်းလျှံသည် ကမန်းကတန်းထထိုင်ပြီး စောင်နှင့်သူမ၏ ခန္ဓာကိုယ်ကို ကပျာကယာပတ်ထားလိုက်သည်။

မုံလွှက သူမအားပြောလိုက်သည်။

"ကျင်းလျှံ .... မင်း အဲဒီစောင်ကိုပတ်ပြီး ဟောဟိုတည်းခို ခိုမ်သာဘေးက သစ်ပင်အောက်မှာသွားစောင့်နေ၊ ကျုပ် ရန်သူကိုမိ ထားတယ်၊ ကျုပ်ခေါ်လာခဲ့မယ်"

ကျင်းလျှံသည် မုံလွှညွှန်ပြသည့်နေရာသို့ ဒယီးဒယိုင်နှင့်ပင် သွားလေတော့သည်။

✦✦✦

ပေါင်ထိုက်မှာ လက်တစ်ဘက်ကျိုးသွားသည့်အပြင် နာ ခေါင်းမှသွေးများ အဆက်မပြတ်ယိုစီးကျနေသည်။

မုံလွှသည် ထိုလူအား သည်ပုံစံနှင့် တည်းခိုခန်းသို့ခေါ်သွား ၍မဖြစ်ကြောင်းနားလည်သည်။

သူ့အား လူအများ၏ရှေ့၌စစ်မေးနေပါက မိမိတို့အကြောင်း ကိုပါ လူအများသိရှိသွားမည်ကိုစိုးရိမ်ရသည်။

ထို့ကြောင့် မုံလွှသည်မှောင်ရိပ်ကျသောနေရာသို့ထိုလူအား ခေါ်ဆောင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလျှံမှာ ရှက်လည်းရှက် ဒေါသလည်းထွက်နေပုံရ၏။ ပေါင်ထိုက်အား သေချာစူးစိုက်ကြည့်ကာ ....

"မှုံလူ သူ့ကိုတစ်ခါတည်းသာသတ်လိုက်"

ဟုလှမ်းပြောလိုက်သည်။

"စိတ်ချ ကျုပ်မေးတာတွေကိုမဖြေရင်တော့သတ်မှာပဲ"

မှုံလူက အေးစက်စက်လေသံဖြင့်ပြန်ပြောလိုက်၏။

ပေါင်ထိုက်သည် ထိုစကားကြောင့် ထိတ်လန့်သွားသည်။

သူ့ကိုကြည့်ရသည်မှာ အတော်လေးစိတ်ဓာတ်ကျဆင်းနေပုံ ရလေသည်။ ကြက်ကြီးလည်လိမ်ထားသလို ခေါင်းကြီးငိုက်စိုက်ကျ နေ၏။ မှုံလူက ငိုက်စိုက်ကျနေသောပေါင်ထိုက်၏ခေါင်းကိုဆတ်ခနဲ ဆွဲမော့လိုက်၏။

"မောင်ကောင် မှန်မှန်ပြောစမ်း၊ မင်းတို့ ဒီကိုလာတာ ဘယ် နှစ်ယောက်လဲ၊ လိမ်ဖို့မကြိုးစားနဲ့နော်၊ ဇက်ပြုတ်သွားမယ်"

ပေါင်ထိုက် အတော်ကြောက်ရွံ့သွားပုံရ၏။

"နှစ် .... နှစ်ယောက်ပါ"

တုန်တုန်ယင်ယင်ဖြင့်ပြန်ဖြေသည်။ မှုံလူက ပြုံး၍ခေါင်း ညိတ်၏။

"မင်းမဆိုးဘူး၊ လိမ္မာလာပြီ"

ပြီးနောက် ဆက်မေးလိုက်ပြန်သည်။

"ကင်းခြေများအိုးနဲ့လူက မင်းနဲ့ဘာတော်သလဲ၊ သူ့နာမည် ကကောဘယ်သူလဲ"



ပေါင်ထိုက် သက်ပြင်းတစ်ချက်ချလိုက်သည်။

အတန်ကြာမှ ....

"အစ်ကိုပါ .... သူ့နာမည်ကယင်းဆိုင်"

"မင်း အဲဒီကင်းခြေများအကြောင်းကို ဘာသိလဲပြောစမ်း"

ထိုစကားကြောင့် ကျင်းလျှံထိတ်လန့်သွားမိသည်။

"ဘာလဲ မှုံလူ ရှင် ကင်းခြေများအကိုက်ခံလိုက်ရတယ်ပေါ့ ...တ်လား"

"ဟုတ်တယ်၊ လက်မှာ တစ်ချက်အကိုက်ခံလိုက်ရတယ်၊ ခု ...တ်ထိနာနေတုန်းပဲ"

မှုံလူ၏စကားကြောင့် ကျင်းလျှံသည် ပေါင်ထိုက်အားဒေါသ ...ကြီးကြည့်ကာ ....

"ဟဲ့ကောင် .... အဲဒီကင်းခြေများကိုက်ရင် ဘာဖြစ်သလဲ ...မှန်ပြောစမ်း"

ပေါင်ထိုက်သည် ကျင်းလျှံအားကြောက်ရွံ့စွာတစ်ချက်လှမ်း ...ည့်လိုက်သည်။

"အစ်ကိုကော .... အစ်ကိုယင်းဆိုင် အခုဘယ်မှာလဲ"

"မင်းရဲ့အစ်ကို ဝါကျာပွတ်စာမိလို့ ငယ်သံပါအောင်အော်ပြီး ...ပြီလေ"

ပေါင်ထိုက် သက်ပြင်းတစ်ချက်ချလိုက်ပြန်သည်။

"သူ့ကိုကျွန်တော်ကြောက်တယ်၊ ဒါကြောင့် ကျွန်တော် ...ခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မကြောက်နဲ့ ငါမေးတာသာမှန်မှန်ပြော၊ အဲဒီကင်းခြေများ ကိုက်ရင် ဘာဖြစ်တတ်သလဲ"

ပေါင်ထိုက်သည် ချက်ချင်းမဖြေသေးဘဲ အတန်ကြာဝေးငိုင်နေ၏။ ပြီးမှ ....

"အစ်ကိုပြောဖူးတယ်၊ အဲဒီကင်း အကိုက်ခံရတဲ့လူဟာ ခုနစ်ရက်ပဲခံတယ်တဲ့"

"မင်းအစ်ကိုဆီမှာ အဆိပ်ဖြေဆေးရှိသလား"

ပေါင်ထိုက် ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ မသိဘူး"

ထိုစဉ် ကျင်းလျှံ၏အသံထွက်ပေါ်လာပြန်သည်။

"နင် ငါရေချိုးနေတုန်း မေ့သွားအောင် ဘယ်လိုလုပ်လိုက်တာလဲ၊ ပြောစမ်း"

ပေါင်ထိုက်က ....

"ခင်ဗျားချိုးတဲ့ရေထဲမှာ မေ့နိုင်တဲ့ဆေးတစ်မျိုးကိုခတ်ထားလို့ပါ။ ဒါပေမယ့် အန္တရာယ်မရှိပါဘူး၊ တစ်နာရီအတောအတွင်း ပြန်သတိရတာပဲမဟုတ်လား"

ကျင်းလျှံသည် ကိုယ့်ကိုယ်ကိုမလုံမလဲဖြစ်သွားပြီး ....

"နင် ငါ့ကိုဘာမတော်မတရားကြံသေးလဲ"

ပေါင်ထိုက်က ခပ်သွက်သွက်ပင်ခေါင်းခါပြ၏။

"ခင်ဗျားကို မတရားကြံဖို့ နေနေသာသာ ခင်ဗျားသတိမေ့ခင် မနည်းထမ်းထုတ်ပြီးပြေးရတာပါဗျာ"



မှုလှက မျက်မှောင်ကုတ်ကာ ....

"နေပါဦး မင်းတို့ကို ဘယ်သူက ဒီလိုလုပ်ဖို့ခိုင်းလိုက်တာလဲ၊ ဘာအကြံနဲ့လဲ မှန်မှန်ပြောစမ်း"

ပေါင်ထိုက်သည် အတန်ကြာအောင် စဉ်းစားနေ၏။ ပြီးမှ သက်ပြင်းတစ်ချက်အသာချကာ ....

"ကျုပ်အစ်ကိုနဲ့ လီရှောင်လုံနဲ့က သူငယ်ချင်းတွေ"

ကျင်းလျှံက ပေါင်ထိုက်ကိုဖျတ်ခနဲလှမ်းကြည့်လိုက်ပြီး ....

"လီရှောင်လုံကဘာလဲ ဘယ်ကလဲ"

"လီရှောင်လုံက ထိပ်တန်းသိုင်းဆရာကြီးတစ်ယောက်ပါ၊ သူ့ဆီကို တာ့စန်းအိဂိုဏ်းကလူတစ်စုရောက်လာပြီး ခင်ဗျားတို့ကိုတွေ့ရင်ဖမ်းထားဖို့နဲ့ ငါးစွတ်ချွေကဆုငွေပေးမယ်ဆိုတဲ့အကြောင်းတွေ လာပြောသွားတယ်"

ပေါင်ထိုက်၏စကားကြောင့် မှုလှက အံ့သြစွာဖြင့် ကျင်းလျှံကိုလှမ်းကြည့်လိုက်သည်။ ကျင်းလျှံက ....

"အင်း .... ဆက်ပြောပါဦး"

ပေါင်ထိုက်ကဆက်ပြောသည်။

"အဲဒီသတင်းလဲရရော လီရှောင်လုံနဲ့ကျုပ်အစ်ကို တိုင်ပင်ပြီး ခင်ဗျားတို့ ဒီရောက်နေတယ်ဆိုတဲ့သတင်းကိုကြားတာနဲ့ ကျုပ်ကိုအစ်ကိုကလွှတ်လိုက်တာ"

မှုလှ အံတင်းတင်းကြိတ်လိုက်ပြီး ....

"တခြား မင်းတို့ကို ဘာတွေမှာလိုက်သေးသလဲ ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကိုတော့ သတ်နိုင်ရင်သတ်ခဲ့ဖို့နဲ့ ကျင်းလျှံကိုတော့ မှဲ့တစ်ပေါက်မစွန်းဘဲခေါ်လာခဲ့ဖို့မှာလိုက်ပါတယ်"

မှုံလှူနှင့်ကျင်းလျှံတို့မှာ ဘာစကားမျှမပြောနိုင်တော့ဘဲ နှုတ်ဆိတ်သွားကြလေသည်။

✦✦✦

သူတို့၏အခြေအနေသည် တစ်စထက်တစ်စ ဆိုးရွားလာပြီ ဖြစ်၏။ သည်အတိုင်းမှန်လျှင် သူတို့အနေဖြင့် ဤတည်းခိုခန်း၌ဆက်လက်တည်းခိုနေထိုင်ရန်ပင် မသင့်တော့ပေ။

ညတွင်းချင်း ခရီးထွက်မှဖြစ်တော့မည်။

သို့သော် .... ခက်နေသည်က ယင်းဆိုင်ကိုဦးစွာရှာဖို့လိုအပ်နေခြင်းဖြစ်သည်။

မှုံလှူသည် ပေါင်ထိုက်အားတစ်ချက်ကြည့်လိုက်ပြီး ....

"ယင်းဆိုင် ဘယ်မှာရှိမလဲ"

"ကျုပ်ပြောလိုက်ရင် သူကကျုပ်ကိုသတ်မှာပေါ့"

မှုံလှူ မဲ့ပြုံးပြုံးလိုက်ပြီး ....

"မင်းမပြောရင် ငါကလဲမင်းကိုသတ်မှာပဲ"

ပေါင်ထိုက်အဖို့ ရှေ့တိုးတံပိုး နောက်ဆုတ်လှည်းတုပ် ဆိုသလိုအကျဉ်းအကျပ်တွေ့နေရလေပြီ။ ပြင်းထန်သောဝေဒနာခံစားနေရင်းမှ သက်ပြင်းတစ်ချက်ချလိုက်မိ၏။



မတတ်နိုင်တော့ပါ။

လောလောဆယ်ရင်ဆိုင်နေရသည့်ပြဿနာကို ဦးစားပေးဖြေရှင်းရပေတော့မည်။

နောက်ကိစ္စက နောင်ခါလာ နောင်ခါချေးပင်။

ထို့ကြောင့် ....

"ဘီလူးခေါင်းတောင်ကုန်းမှာ"

ဟုပြောလိုက်ရသည်။ ထိုနေရာတစ်ဝိုက်ကို မှုံလှူကောင်းစွာသိထားပြီးဖြစ်သည်။

တကူးတကရှာဖွေရန်မလို။

"အဲဒီမှာ ဘယ်သူတွေရှိသလဲ"

ကျင်းလျှံက ဝင်မေးလိုက်ခြင်းဖြစ်သည်။ ပေါင်ထိုက်က ...

"လီရှောက်လုံနဲ့ကျုပ်အစ်ကို၊ နောက် တခြားသိုင်းသမားတွေရှိတယ်"

မှုံလှူက ကျင်းလျှံအားမျက်ရိပ်ပြပြီး လှမ်းပြောလိုက်သည်။

"ကဲ .... ခင်ဗျား ဣန္ဒြေမပျက် အဝတ်အစားပြန်ဝတ်လိုက်၊ ကျုပ်တို့အချိန်မရှိဘူး၊ အမြန်ဆုံးခရီးဆက်မှဖြစ်မယ်"

နှစ်ယောက်သား ထွက်ခွာသွားရန် ဟန်ပြင်လိုက်ကြသဖြင့် ပေါင်ထိုက် မျက်လုံးပြူးသွားပြီး ပျာပျာသလဲလေသံဖြင့် ....

"ကျုပ် ကျုပ်ကိုဒီလိုပဲထားခဲ့တော့မှာလား၊ လမ်းလျှောက်နိုင်အောင်တော့ အကြောလေးတော့ ဖြေခဲ့ပေးပါဦးဗျာ"

မှုံလှူကမဲ့ပြုံးပြုံးလိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုသတ်မသွားတာဘဲ ကျေးဇူးတင်ဖို့ကောင်းနေပြီ" ပေါင်ထိုက်မှာ ပါးစပ်ပိတ်သွားလေတော့၏။

✦✦✦

မိုးမလင်းသေးပါ။

သို့သော် မကြာမီမှာပင်လင်းလာတော့မည်ဖြစ်သည်။ မြင်းနှစ်ကောင်နှင့်လူနှစ်ယောက်သည် မှုန်ဝါးဝါးအလင်းရောင်အောက်ဝယ် လျင်မြန်စွာရွေ့လျားနေကြသည်။

သူတို့ ဦးတည်ပြေးလွှားနေသောလမ်းမှာ ထိုက်စံကျေး တောင်ကုန်းပေါ်သို့ဖြစ်၏။

အမှန်ဆိုလျှင် ....

သူတို့သည် ထိုတောင်ကုန်းပေါ်သွားရန် အကြောင်းမရှိချေ

သို့သော် မုံ့လူမှာ ရွှေရောင်အစင်းနှင့်ကင်းခြေများအကိုက် ခံရသည်။ ခုနစ်ရက်အတွင်းဖြေဆေးမရလျှင် အဆိပ်တက်ပြီးသေ သွားနိုင်သည်ဟုပေါင်ထိုက်ကပြောသဖြင့် ဖြေဆေးယူရန် သွားရောက် ရခြင်းဖြစ်လေသည်။

ယင်းဖြေဆေးသည်လည်း ယင်းဆိုင်ထံမှာပင် ရှိသည်ဟုဆို သောကြောင့် ယင်းဆိုင်အားတွေ့ရန် လာရောက်ရခြင်းဖြစ်သည်။

ပေါင်ထိုက်၏ ပြောစကားအရဆိုလျှင် ယင်းဆိုင်အားတွေ့ ရန်မှာ သိပ်ပြီးမလွယ်ကူလှပေ။



ထိပ်တန်းသိုင်းဆရာကြီး လီရှောင်လုံ အပါအဝင် အခြားသိုင်းသမားမြောက်မြားစွာလည်း ရှိနေသည်ဟု ပေါင်ထိုက်က ဆိုထားပြန်သည်။

သို့သော် မတတ်နိုင်ပါ။ ယင်းဆိုင်ထံမှ ကင်းခြေများအဆိပ်ဖြေဆေးကိုတော့ ရအောင်ပင်တောင်းယူရပေမည်။

ပတ်ဝန်းကျင်သည် မြင်းနှစ်ကောင်ပြေးလွှားနေသော ခွာသံမှအပ ပကတိ တိတ်ဆိတ်ငြိမ်သက်နေ၏။ သူတို့သည် ထိုသို့သွားနေရာမှ အတန်ကြာသောအခါ လမ်းခုလပ်တစ်နေရာတွင် တဲအိုပျက်တစ်လုံးကိုတွေ့လိုက်ရလေသည်။

မုံ့လူက တစ်ချက်သမ်းဝေလိုက်ပြီး ....

"ကျုပ်တို့ ဒီတဲမှာခဏနားကြရအောင်"

ကျင်းလျှံက ပတ်ဝန်းကျင်အခြေအနေကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် ပကတိ တိတ်ဆိတ်နေသည်။ ညည်းသည့်အသံမှ မကြားရပေ။

"ဘာလဲ နှင်ကအိပ်ချင်လို့လား"

မုံ့လူက မြင်းပေါ်မှ ခုန်ဆင်းလိုက်ရင်း ....

"အိပ်ချင်စိတ်မရှိပေမယ့် တရေးတော့ပျော်အောင် အိပ်ရမယ်၊ ရန်သူနဲ့တွေ့ကြုံရင်ဆိုင်တဲ့အခါ အားအင်အပြည့်အဝရှိမှာ ...."

ကျင်းလျှံမှာ ပြောမယ့်သာပြောနေရသည်။ သူမကိုယ်တိုင်ကလည်း တရေးတော့ဝဝ အိပ်လိုက်ချင်သည်။

www.burmeseclassic.com



ထို့ကြောင့် ကျင်းလျှံက မည်သို့မျှမပြောတော့ဘဲ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

သူတို့သည် မြင်းများကို သူတို့၏အနားတွင်ပင် ချည်နှောင်၍ တစ်ယောက်နှင့်တစ်ယောက် ခပ်လှမ်းလှမ်းတစ်နေရာစီ နေရာခွဲ၍လဲလျောင်းနေရာ မကြာမီမှာပင် သူတို့သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

✦✦✦

"ခွပ် .... ခွပ် .... ခွပ် ...."

ခပ်လှမ်းလှမ်းဆီမှပြေးလွှားလာနေသော မြင်းခွာသံဖြစ် ၏ မြင်းခွာသံသည် ဆက်လက်ထွက်ပေါ်လျှက်ရှိနေသည်။

"ခွပ် .... ခွပ် .... ခွပ် ...."

မြင်းခွာသံများသည် တဖျက်လေးနှင့် ပို၍နီးကပ်လာ၏ မှုံလူသည် မြင်းခွာသံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ မိုးလင်းနေပြီဖြစ်သည်။

သူသည် မြင်းခွာသံကို ဆက်လက်၍နားစွင့်နေမိသည်။

သို့သော် စောစောက မြင်းခွာသံသည် မကြားရတော့ဘဲ ပကတိ တိတ်ဆိတ်သွားပြန်သည်။

သူက စိတ်ထဲစွဲနေ၍ကြားမိသည်ဟုထင်လိုက်သည်။

သူသည် ကျင်းလျှံအားနှိုးရန်ဟန်ပြင်လိုက်စဉ်မှာပင် ....



"ဒေါက် ...."

မြားတစ်စင်းသည် သူတို့နှစ်ယောက်အလယ်သို့ အရှိန်ပြင်းစွာနှင့်လာရောက်စိုက်နေတော့သည်။ ကျင်းလျှံလည်း နိုးလာ၍ကြည့်လိုက်ရာ မြားကိုမြင်လိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွား၏။

"သူ .... သူတို့ ကျွန်မတို့နောက်ကိုလိုက်လာကြပြီ"

ကျင်းလျှံ၏တုန်တုန်ယင်ယင်စကားသံကြောင့် မှုံလူလည်း ဗျာပျာသလဲဖြစ်သွားကာ ....

"ဘာလဲ .... ခင်ဗျားဆိုလိုတာက ...."

မှုံလူ၏စကားမဆုံးသေးမီမှာပင် ကျင်းလျှံကမျက်နှာမသာယာနှင့် ကြားဖြတ်ပြောလိုက်သည်။

"ဟုတ်တယ်၊ ငေါ်စွတ်စွေလွှတ်လိုက်တဲ့လူတွေပဲ"

သူမ၏စကားသံနှင့်မရှေးမနှောင်းမှာပင် မြင်းငါးကောင်နှင့် လူငါးယောက်တို့သည် သူတို့၏ရှေ့သို့တဖြည်းဖြည်းချဉ်းကပ်ရောက်ရှိလာလေတော့၏။

✦✦✦

တုန်လှုပ်ချောက်ချားမှုကြောင့် ကျင်းလျှံ၏မျက်နှာတွင် သွေးရောင်ပင်မရှိတော့ပါ။ မှုံလူက ထိုလူငါးယောက်ကို မျက်တောင်မခတ်စိုက်ကြည့်နေသည်။

ထိုလူငါးဦးစလုံး မြင်းပေါ်မှဆင်းလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် မှုံလှတို့အား စက်ဝိုင်းပုံသဏ္ဍာန်ဝိုင်းရံလျက် တဖြည်းဖြည်းလျှောက် လှမ်းလာကြလေသည်။

ထိုသူငါးဦးစလုံးသည် အနက်ရောင်ဝတ်ရုံများကိုဝတ်ဆင်ထားကြသူများဖြစ်၏။

သို့သော် .... ထိုသူငါးယောက်ထဲတွင် အလယ်မှနှစ်ယောက်သည် သာမန်အဆင့်မဟုတ်ကြပေ။ တာ့စန်းအိုဂိုဏ်း၏လက်ရွေးစင်သိုင်းသမားခေါင်းဆောင်များဖြစ်ကြ၏။

အထူးသဖြင့် သူတို့ဝတ်ရုံ၏ရင်ဘတ်နေရာတွင် အမှတ်အသားများပါရှိနေရာ ထိုအမှတ်စဉ်ကိုကြည့်၍ ၎င်းတို့၏အဆင့်အတန်းကိုသိရခြင်းဖြစ်သည်။

တစ်ဦးမှာ အမှတ်စဉ်(၇) သိုင်းသမားဖြစ်ပြီး ကျန်တစ်ဦးမှာ အမှတ်စဉ်(၈)သိုင်းသမားဖြစ်၏။

အမှတ်စဉ်တပ်ထားသည့်လက်ရွေးစဉ်သိုင်းသမားများ ကိုယ်တိုင် ဦးဆောင်လာခြင်းဖြစ်ရာ ကျင်းလျှံ၏ပြဿနာသည် ပေါ့ပေါ့သေးသေးမဟုတ်ကြောင်း မှုံလှခန့်မှန်းမိလိုက်လေသည်။

မှုံလှသည် သူနေရာမှ တစ်ချက်ကလေးမျှပင်မလှုပ်ဘဲ ထိုလူငါးယောက်အား အကဲခတ်ကြည့်နေလိုက်၏။

ကျင်းလျှံကမူ မတ်တတ်ရပ်၍ အသင့်ပြင်ထားလိုက်၏။

အမှတ်(၇)ခေါင်းဆောင်သည် ကျင်းလျှံရှေ့သို့ဖြည်းဖြည်းချင်းလျှောက်လာနေ၏။ ကျင်းလျှံရှေ့သို့ရောက်သောအခါ လက်နှစ်ဖက်ဆုပ်ပြီး အရိုအသေပေးကာ ....



"ကျွန်တော်တို့နဲ့ပြန်လိုက်ခဲ့ဖို့ ဂိုဏ်းချုပ်ကြီးဆီကအမိန့်ပါလာပါတယ်ခင်ဗျာ"

အလွန်တရာရိုကျိုးသောလေသံဖြင့် ပြောလိုက်သည်။

ကျင်းလျှံမှာ ကွက်ခနဲမျက်နှာပျက်သွား၏။ သူမသည် မှုံလှအားတစ်ချက်လှမ်းကြည့်လိုက်သည်။ မှုံလှက မသိချင်ဟန်ဆောင်၍ အခြားတစ်ဘက်သို့လှည့်နေလိုက်သည်။

"ရှင်တို့ခေါ်တဲ့နောက်ကို ကျွန်မမလိုက်နိုင်ဘူးဆိုရင်ကော"

"ဟုတ်ကဲ့ .... မလိုက်ဘူးဆိုရင် မဖြစ်ဖြစ်တဲ့နည်းနဲ့ ခေါ်လာရမယ်လို့ ဂိုဏ်းချုပ်ကြီးက အမိန့်ရှိလိုက်ပါတယ်"

ကျင်းလျှံက မှုံလှအား မသိမသာလှမ်းကြည့်လိုက်ပြန်၏။ မှုံလှသည် အပျင်းတစ်ချက်ဆန့်ပြီးမတ်တတ်ရပ်လိုက်၏။

ထိုနောက် .... သူနှင့်ဘာမှမဆိုင်သလို တစ်ဘက်သို့လှည့်နေလိုက်သည်။

ကျင်းလျှံသည် စိတ်ထဲ၌ အကြီးအကျယ် ဒေါသထွက်သွားမိသည်။ အစစအရာရာ ကာကွယ်စောင့်ရှောက်နိုင်ရန် အခကြေးငွေပေးရှိထားခဲ့ကာမှ တကယ့်အရေးတွင် ရှေ့မှမားမားမတ်မတ်မရပ်ဘဲ ကိုယ်နှင့်မဆိုင်သလိုပြုမူနေသောကြောင့်ဖြစ်သည်။

မှုံလှကလည်း သူ့အတွေးနှင့်သူဖြစ်သည်။

ကျင်းလျှံပြောခဲ့ စဉ်က သူ့အားလိုက်သတ်မည့်ကို ကြောက်ရွံ့၍ ကာကွယ်ပေးရန်ဟုဆိုသည်။

ယခု သူ့နောက်လိုက်လာသောရန်သူများက သတ်ရန်ဝေးစွ

www.burmeseclassic.com

www.burmeseclassic.com



သူမအား အရှိအသေပေး၍ တောင်းမွန်စွာပင်ခေါ်နေသည်မဟုတ်ပါလား။ မုံလူမှာ စဉ်းစား၍မရအောင်ဖြစ်သွားရလေသည်။

သို့သော် သူ၏တာဝန်သည် ကျင်းလျှံအား ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ အတယ်၍ ကျင်းလျှံက ငြင်းဆန်နေပါလျက် အတင်းအဓမ္မဆွဲခေါ်ခဲ့လျှင်တော့ သူ့အနေဖြင့် လက်ပိုက်ကြည့်နေလိမ့်မည်မဟုတ်ပါ။

သို့ရာတွင် တစ်ခုခက်နေသည်က သူတို့အား ဝိုင်းရံထားသူများမှာ လက်ရွေးစင်သိုင်းသမားကနှစ်ယောက်၊ ထိပ်သီးသိုင်းသမားက သုံးယောက်ဖြစ်နေခြင်းပင်။

ထိုငါးယောက်ကို သူ့အနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်း ရှိမရှိ ချင့်ချိန်နေမိသည်။

ထိုစဉ် .... ကျင်းလျှံနှင့်စကားပြောနေသော အမှတ်စဉ် (၇) ခေါင်းဆောင်သည် သူ့ဆီသို့လျှောက်လာသည်။

"မုံလူဆိုတာမင်းလား"

အေးစက်စက်လေသံဖြင့်မေးလိုက်သည်။

မုံလူကမော့ကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်"

"မင်းက တို့ဂိုဏ်းရဲ့အလုပ်ကိုဝင်ရှုပ်တယ်ပေါ့"

မုံလူက ကြောင်အမ်းအမ်းအမူအရာလုပ်ပြပြီး ....

"ခင်ဗျားတို့ဂိုဏ်းရဲ့အလုပ် ဟုတ်လား .... ခင်ဗျားပြောတာ ကျုပ်နားမလည်ဘူး"



မုံလူ၏စကားကြောင့် ထိုလူဒေါပွသွားကာ ....

"မင်း ခုမှ မသိချင်ယောင်ဆောင်မနေနဲ့၊ ကျင်းလျှံကို မင်းကာကွယ်စောင့်ရှောက်ဖို့ တာဝန်ယူထားတယ်မဟုတ်လား"

"ဟုတ်တယ်လေ .... ဒါ ကျုပ်အလုပ်ပဲ၊ ခင်ဗျားတို့နဲ့ သူဘယ်လိုပတ်သက်နေမှန်း ကျုပ်မသိဘူး"

ထိုလူက မဲ့ပြုံးပြုံးကာ ....

"အခု သိပြီမဟုတ်လား၊ သူ့ကိုလဲ ပြန်ခေါ်သွားမယ်၊ မင်းကိုလဲ ငရဲပြည်ပို့မယ်၊ မင်းဘာပြောချင်သေးလဲ"

မုံလူက ပခုံးတွန့်ပြလိုက်ပြီး ...

"ခင်ဗျားတို့နဲ့ပတ်သက်နေတယ်ဆိုရင်တော့ ပြန်ခေါ်သွားပေါ့၊ ကျုပ်ကအနေသာကြီးပဲ"

ထိုစကားကိုကြားလိုက်ရသည့်အခါ ကျင်းလျှံမှာဒေါသထွက်ပြီး အသားများပင် ဆတ်ဆတ်တုန်လာလေ၏။

မိမိအား ကာကွယ်စောင့်ရှောက်ရန် ငွေကြေးအမြောက်အမြားပေးထားပါလျက် အရေးကြုံသည့်အခါ စောင့်ရှောက်ဖော်မရဘဲ ကိုယ်လွှတ်ရုန်းသည့် အတွက် စက်ဆုပ်ရွံရှာသွားလေသည်။

မုံလူကို အထင်ကြီးမိခဲ့သည်မှာမှားလေပြီဟု အကြီးအကျယ် ထင်တာရမိတော့သည်။

"ထွီ .... တကယ့်အရေးကျမှ ရှင်ဟာ ယောက်ျားမပီသတဲ့ ကိုယ်ကောင်းသမားမှန်း သိရတော့တယ်"

မုံလူက သူ့ကိုပြောသည်ဟုပင် ထင်မှတ်ပုံမရ။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲ ထားလိုက်၏။

အမှတ်စဉ် (၇)ခေါင်းဆောင်က ကျင်းလျှိုဘက်ပြန်လှည့်လာကာ ....

"ကဲ .... ခင်ဗျားရဲ့သူရဲကောင်းကြီးကလဲ ခင်ဗျားကိုကယ်နိုင်မှာမဟုတ်တော့ဘူး၊ သူ့သချိုင်းတောင် သူဘယ်လိုရှာရမှန်းမသိဘူးဖြစ်နေပြီ၊ ဒါကြောင့် ခင်ဗျား ကျုပ်တို့ခေါ်တဲ့နောက်ကို အသာတကြည်လိုက်ခဲ့ပါတော့"

အမှတ်စဉ်(၇)ခေါင်းဆောင်သည် ပြောပြီးသည်နှင့် အမှတ်စဉ်(၈)ဘက်သို့လှည့်ကာ ....

"မင်းနဲ့နှစ်ယောက် သူ့ကိုကြည့်ဆုံးမလိုက်၊ ငါ ကျင်းလျှိုကိုခေါ်သွားမယ်"

ထိုအချိန်တိုင်အောင် မှုံလှသည် သူနှင့်ဘာမျှမဆိုင်သလို မလှုပ်မယှက်ရှိနေလေသည်။

ကျင်းလျှိုမှာ မှုံလှအပေါ် အတော်ပင် မကျေမနပ်ဖြစ်သွား၏။

အထင်တကြီးနှင့် ကြေးကြီးပေး၍ငှါးရမ်းခဲ့သောမှုံလှသည် တော့စန်းအိဂိုဏ်းအား ဤမျှကြောက်ရွံ့နေလိမ့်မည်ဟုမထင်ခဲ့ချေ။

ယခုတော့ သူမ အားကိုးရာမှားခဲ့လေပြီ။

"ဟင်း ရှင့်လို သူရဲဘောကြောင်တဲ့လူကိုမှ အားကိုးမိခဲ့တာ ကျွန်မအမှားပဲ"

ပြောပြောဆိုဆိုပင် ကျင်းလျှိုသည် မြင်းပေါ်ခုန်တက်လိုက်၏

သူမ မြင်းပေါ်ရောက်သည်နှင့် ....



အမှတ်စဉ်(၇)ခေါင်းဆောင်နှင့် ငယ်သားနှစ်ဦးတို့သည် ကျင်းလျှိုအား ဘယ်ညာညှပ်၍ခေါ်ဆောင်ထွက်ခွာသွားလေတော့၏။

✦ ✦ ✦

မှုံလှသည် နေရာ၌ပင် မလှုပ်မယှက်ရပ်လျက်ကျန်ရစ်ခဲ့၏။

ခေါင်းဆောင်ရွှေစွန်းနှင့်ငယ်သားနှစ်ဦး သူ့အနီးသို့ ချဉ်းကပ်လာကြသည်။ ခေါင်းဆောင်ရွှေစွန်းနှင့်ငယ်သားတစ်ဦးသည် ဓားကိုင်၍ အခြားငယ်သားတစ်ယောက်မှာမူ ကြေးပြားဝိုင်းကြီးနှစ်ချပ်ကို လက်တစ်ဘက်စီ၌ကိုင်ထား၏။

ရွှေစွန်းက မှုံလှအားမထီတရီကြည့်၍...

"ဘယ်လိုလဲ ကြေးစားသူရဲကောင်းကြီးရဲ့ တို့ကို အံတုဖို့ ကြံနေသေးလား"

မှုံလှကခပ်မဲ့မဲ့ပြုံးလိုက်ပြီး ကျင်းလျှိုတို့ထွက်သွားသောလမ်းကို မသိမသာလှမ်းကြည့်လိုက်သည်။

"ခင်ဗျားတို့နဲ့ကျုပ် ဘာမှရန်ငြိုးမရှိပါဘူး၊ ကျုပ်လဲမသိလို့ လိုက်မိတာပဲ"

"အေး .... ခုတော့ သိရပြီမဟုတ်လား၊ မင်းကိုအသေသတ်ဖို့အမိန့်ပါလာတယ်ကွ"

ရွှေစွန်းသည် ပြောပြောဆိုဆိုပင် သူ၏ဓားနှင့် မှုံလှအား လှမ်းပြီးပြတ်ဝင်ခုတ်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြစ်လာမည်ကိုရိပ်စားမိသောမုံ့လှကလည်း သူ့အား ဝိုင်းရံထားသူ သုံးယောက်၏အလယ်မှ ဓားကိုရှောင်ရင်း အမြင့်သို့ ခုန်တက်လိုက်ရာ သူတို့သုံးယောက်နှင့် ခပ်လှမ်းလှမ်းသို့ ပြန်ကျလာလေသည်။

မုံ့လှကကျယ်လောင်စွာရယ်မောလိုက်ပြီး ....

"မင်းတို့ ဒီလိုလုပ်မယ်ဆိုတာသိလို့ ငါလှူခွဲလိုက်တာပဲကွ၊ ကဲ အဆင်သင့်သာ ငါ့ကိုတိုက်ဖို့ပြင်ပေတော့"

မုံ့လှ၏အပြုအမူကို စွေ့စွန်းနှင့် ငယ်သားနှစ်ဦးတို့အံ့အား သင့် သွားကြသည်။ ပထမတော့ မုံ့လှသည် ကြောက်ရွံ့ဟန်ဆောင်၍ တောင်းပန်နေ၏။

ယခု သူတို့သုံးယောက်အား ရဲဝံ့စွာပင် စိန်ခေါ်နေပြန်သည်။ စွေ့စွန်းသည် မုံ့လှအနီးသို့ရောက်အောင်ခုန်သွားပြီး ဓားနှင့်တရကြမ်း ဝင်ပိုင်းလေတော့သည်။

မုံ့လှက ဘေးသို့ရှောင်ကာ သူ၏လက်စွဲတော်ကျာပွတ်ကို ထုတ်၍ စွေ့စွန်းရှိရာသို့ဝှေ့ယမ်းလိုက်သည်။ ကျာပွတ်သည် စက်ပိုင်း သဏ္ဍာန်လှုပ်ရှားသွား၏။

မုံ့လှသည် သူ၏ကျာပွတ်အား တစ်ချက်ထပ်မံဝှေ့ယမ်းကာ စွေ့စွန်း၏ခြေထောက်ဆီသို့ သိမ်း၍ရိုက်ချလိုက်သည်။ ကျာပွတ်သည် စွေ့စွန်း၏ခြေထောက်ကိုပတ်မိသွား၏။

မုံ့လှက ကျာပွတ်ကိုဆောင့်ဆွဲလိုက်သည်နှင့် စွေ့စွန်းမှာ အပေါ်သို့မြောက်တက်သွားလေတော့သည်။



ပြန်အကျတွင် မုံ့လှက ကျာပွတ်ဖြင့်သုံးချက်မျှဆက်၍မွှေ့ ရိုက်ပြန်ရာ စွေ့စွန်းမှာမထနိုင်အောင်ဖြစ်သွားတော့သည်။

ငယ်သားနှစ်ဦးသည် သူတို့ဆရာ လဲကျသွားသည်ကိုမြင် လိုက်ရသဖြင့် စိတ်ဓာတ်ကျသွားသော်လည်း မုံ့လှထံသို့ အတင်းဝင် ရောက်တိုက်ခိုက်ကြသည်။

လင်းကွင်းသမားသည် မုံ့လှထံသို့ ခုန်ပျံဝင်ရောက်ပြီး သူ၏ လက်နက် လင်းကွင်းနှင့် မုံ့လှအား တရကြမ်းဝင်ရောက်ခုတ်လေ၏။ မုံ့လှက အသာအယာပင်ရှောင်တိမ်းပေးလိုက်သည်။

ဓားနှင့်ငယ်သားက အခွင့်ကောင်းယူကာ မုံ့လှ၏နောက်မှ နေ၍ဓားဖြင့်ဆီးခုတ်ရာ မုံ့လှက ကိုယ်ကိုယိမ်းနွဲ့၍အသာအယာရှောင် တိမ်းပေးလိုက်၏။

တစ်ဆက်တည်းမှာပင် သူ၏ကျာပွတ်ကို တစ်ချက် ဝှေ့ယမ်း လိုက်ရာ လင်းကွင်းသမား၏မျက်နှာမှ သွေးများဖြာဆင်းကျလာပြီး သေမကွဲညည်းညူလျက် မြေပေါ်လဲကျသွားတော့သည်။

ဓားသမားမှာ သူ့အဖော် လင်းကွင်းသမားကိုကြည့်၍တုန် လုပ်သွားပြီးတစ်ချက်ငေးငိုင်သွားသည်။

ထိုစဉ် မုံ့လှ၏ကျာပွတ်သည် မယုံကြည်နိုင်လောက်အောင် သူ၏လည်ပင်းသို့လာရောက်ရစ်ပတ်လေသည်။

သူသည် အသံတစ်ချက်ပင် မထွက်နိုင်တော့ဘဲ မြေပေါ်သို့ ပြီးခနဲလဲကျသွားလေတော့၏။

ထိုအချိန်တွင် ....

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာနှင့်လဲနေသောစွေစွန်းသည် ခါးကြားမှဓားတိုနှ
လက်ကိုဆွဲထုတ်ပြီး မှဲ့လူရှိရာသို့ တစ်ပြိုင်နက်တည်း လှမ်းပေါက်လိုက်
လေသည်။

မှဲ့လူက ထိုဓားနှစ်လက်စလုံးကိုရှောင်တိမ်းပြီး ကျာပွတ်ဖြ
စွေစွန်း၏ကိုယ်ပေါ်သို့ လေးငါးချက်မျှ ပြင်းပြင်းထန်ထန်ရိုက်ချလိုက်
သွေးများသည် စွေစွန်း၏ပါးစပ်ထဲမှ မြင်မကောင်းအောင်ထွက်လ
လေ၏။

သူသည် မှဲ့လူအားမယုံကြည်နိုင်စွာတစ်ချက်ကြည့်ပြီးနော
ငြိမ်ကျသွားလေတော့သည်။

မှဲ့လူသည် ထိုသုံးယောက်အား တစ်ချက်ကလေးမျှ
လှည့်မကြည့်တော့ဘဲ သူ၏မြင်းပေါ်သို့လွှားခနဲခုန်တက်လိုက်သည
ထို့နောက် .... ကျင်းလျှံအားခေါ်ဆောင်သွားရာဘက်သို့ ဒုန်
စိုင်းလိုက်ပါသွားလေတော့၏။

✦✦✦

မြင်းသုံးကောင် ရှေ့နောက်တန်းစီသွားနေသည်။ အမှတ်
ခေါင်းဆောင်ဆူလောင်ထိုက်သည် သူ၏ငယ်သားကို ရှေ့မှသွား
ကာ ကျင်းလျှံအားအလယ်မှထားလျက် သူက နောက်မှလိုက်လာ
သည်။ သူသည် မှဲ့လူအားသုတ်သင်ပြီးလိုက်လာကြမည့် အဖွဲ့သား
ဦးကိုစောင့်ရင်း ခပ်မှန်မှန်ပင် ခရီးဆက်နေလေသည်။



ကျင်းလျှံမှာ ရန်သူနှစ်ယောက်ကြားမှနေ၍ မည်သို့လွတ်
မြောက်အောင်ပြုလုပ်ရမည်ကို အမျိုးမျိုးအကြံထုတ်နေ၏။ ယင်းသို့
အကြံထုတ်ရင်း မှဲ့လူ၏သူရဲဘောကြောင်ပုံကိုတွေးမိပြီး ဒေါသဖြစ်လာ
မိလေသည်။

သို့သော် .... တစ်ဖက်မှတွေးမိပြန်တော့လည်း မှဲ့လူ ယင်းသို့
သူရဲဘောကြောင်ခြင်းကပင် ခပ်ကောင်းကောင်းဖြစ်နေပြန်သည်။

အကြောင်းမှာ သူ့ကိုသုတ်သင်ရန် သုံးယောက်ချန်နေခဲ့ပြီး
သူမနှင့်အတူ နှစ်ယောက်သာပါလာခြင်းကြောင့်ဖြစ်သည်။

ယခုကဲ့သို့လူစုခွဲ၍ မိမိအား ခေါ်ဆောင်လာခြင်းသည် မိမိ
အတွက် ပြန်လည်တိုက်ခိုက်ထွက်ပြေးရန် အခွင့်အရေးရှိခြင်းပင်
မဟုတ်ပါလား။

ရန်သူငါးယောက်ကိုရင်ဆိုင်ရခြင်းထက် ရန်သူနှစ်ယောက်
တိုရင်ဆိုင်ရခြင်းက ပို၍အခွင့်အလမ်းသာသည်မဟုတ်ပါလား။

ယခု ရန်သူက ရှေ့တစ်ယောက် နောက်တစ်ယောက်ဖြစ်၏။
ဘာမျှထွေထွေထူးထူးစဉ်းစားနေရန်မလိုတော့။ ကျင်းလျှံသည်
ရုတ်တရက် သူမ၏လက်နှစ်ဖက်ကို လျှပ်တစ်ပြက်လှုပ်ရှားလိုက်၏။

"ဝှစ် ...."

"ဝှစ် ...."

လျှို့ဝှက်ဓားနှစ်ချောင်းသည် ရှေ့နှင့်နောက် ဆန့်ကျင်ဘက်
သားရာနှစ်ဘက်ဆီသို့ တစ်ပြိုင်တည်း တန်းတန်းမတ်မတ်ပြေးထွက်
သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘက်သို့ပစ်လွှင့်သွားသောဓားသည် ....

ငယ်သား၏လည်ဂုတ်ဆီသို့ အရှိန်ပြင်းစွာတိုးဝင်သွားသည်။

ယင်းသို့ ရုတ်တရက် တိုက်ခိုက်ခံရမည်မထင်မှတ်သဖြင့် ထိုငယ်သားသည် မရှောင်တိမ်းနိုင်ဘဲထိမှန်ခံလိုက်ရ၏။

"အား ...."

ငယ်သားသည် စူးစူးဝါးဝါးအော်ရင်း မြင်းပေါ် ငိုက်ကျသွား၏။ မြင်းလည်းလန့်ပြီး ကဆုန်စိုင်းပြေးထွက်သွားရာ ထိုငယ်သားမှာ မြင်းပြေးရာနောက်သို့ ကန့်လန့်ကန့်လန့်ပါသွားလေတော့၏။

တစ်ချိန်တည်းမှာပင် အမှတ်(၇)ခေါင်းဆောင် ဆူလောင်ထိုက်သည် ကျင်းလျှံလှုပ်ရှားလိုက်သည်ကို ဖျတ်ခနဲမြင်လိုက်ရသဖြင့် ကမန်းကတန်းတိမ်းရှောင်လိုက်ရာ အရှိန်ပြင်းစွာတိုးဝင်လာသောဓားနှင့်သီသီလေးလွဲသွားလေသည်။ အကယ်၍ သူသာ သတိမကောင်းခဲ့လျှင် ကျင်းလျှံ၏ဓားသည် သူ့လည်တိုင်ကိုဖောက်ဝင်သွားမည်မှာ သေချာနေပေတော့သည်။

သူသည် ပွတ်ကာသီကာရှောင်တိမ်းပြီးသည်နှင့်မြင်းကိုဒုန်းဆိုင်းကာ ကျင်းလျှံနောက်သို့ပြေးလိုက်လေသည်။ ကျင်းလျှံအနီးရောက်သည်နှင့် ကျင်းလျှံအား မြင်းပေါ်မှတွန်းချလိုက်၏။

ကျင်းလျှံသည် မြင်းပေါ်မှပြုတ်ကျသွား၏။

သို့သော် ရုပ်ပျက်ဆင်းပျက်ပြုတ်ကျသွားခြင်းမဟုတ်။

မြေပြင်ပေါ် မတ်တတ်ရပ်လျက်အနေအထားဖြင့် အလိုက်သင့်ကျသွားခြင်းသာဖြစ်လေသည်။



သူမသည် တိုက်ခိုက်ရန်အသင့်ပြင်ရင်း ဆူလောင်ထိုက်ကို ရင်ဆိုင်လိုက်သည်။ ဆူလောင်ထိုက်ကလည်း သူမဆီသို့ တိုက်ခိုက်ရန်လျှောက်လာသည်။

"ကျင်းလျှံ မင်းတယ်ရက်စက်ပါလား။ တို့ကမင်းကို ဆရာကြီးရဲ့အမိန့်ကြောင့် ဘာမှမလုပ်ဘဲ အေးအေးဆေးဆေးခေါ်ခဲ့တယ်၊ မင်းက တို့ကိုပြန်ပြီးခုခံတယ်ပေါ့ဟုတ်လား"

"ဆူလောင်ထိုက် ရှင်ဘာမှပြောမနေနဲ့၊ ကျွန်မ ရှင်တို့ဆီကို လိုက်မလိုက်နိုင်ဘူး။ ကျွန်မကိုသတ်ပြီးမှပဲ ရှင်ခေါ်သွားလို့ရမယ်"

ဆူလောင်ထိုက်က အံတင်းတင်းကြိတ်လိုက်ပြီး ....

"အေး .... မင်းက ဒီလိုလုပ်မှကြိုက်တယ်ဆိုတော့လဲ"

ဆူလောင်ထိုက်သည် စကားကို ဆုံးအောင်မပြောတော့ဘဲ ကျင်းလျှံအား သူ၏လက်ဝါးနှင့် ရုတ်တရက်ဖြတ်ရိုက်လိုက်လေသည်၊ ကျင်းလျှံကလည်း ခေသူမဟုတ်။ ဆူလောင်ထိုက်၏ရိုက်ချက်ကိုလှစ်ခနဲရှောင်တိမ်းရင်း ကိုယ်တစ်ပတ်လှည့်၍ကန်ထည့်လိုက်သည်။

"ဟုန်း ...."

ကျင်းလျှံ၏ကန်ချက်သည် ဆူလောင်ထိုက်၏ခါးအား တန်းတန်းမတ်မတ်ပင် ထိမှန်သွား၏။ ဆူလောင်ထိုက်မှာ အကြီးအကျယ်နာသထွက်သွားကာ ....

"ကျင်းလျှံ .... မင်းကြောင့်လဲ ဂိုဏ်းတစ်ခုလုံး ပြဿနာတွေဖြစ်ခဲ့ရပြီးပြီ၊ အခုလဲ ငါ့ကိုပါဒုက္ခပေးပြန်ပြီ၊ မင်းကိုညှာနေလို့မဖြစ်တော့ဘူး။ သေဖို့သာပြင်တော့"

www.burmeseclassic.com

www.burmeseclassic.com



ဆူလောင်ထိုက်သည် ကြုံးဝါးရင်း ကျင်းလျှံထံသို့ အရှိန်ပြင်းစွာခုန်ဝင်ကာ မျက်နှာကိုဖြတ်ရိုက်လိုက်သည်။ ကျင်းလျှံက ကမန်းကတန်းရှောင်လိုက်သော်လည်း ကုပ်ပိုးကိုထိမှန်ခံလိုက်ရသဖြင့် တစ်ချက်မျှယိမ်းယိုင်သွားလေသည်။ ထိုစဉ်မှာပင် ဆူလောင်ထိုက်သည် ကျင်းလျှံ၏လက်နှစ်ဖက်ကို အမိအရဖမ်းဆုပ်လိမ်လိုက်ရာ ကျင်းလျှံမှာ မလှုပ်ရှားနိုင်အောင်ဖြစ်သွားတော့သည်။

ဆူလောင်ထိုက်သည် ဒေါသကိုမထိန်းနိုင်တော့ဘဲ ကျင်းလျှံ၏မျက်နှာအား ဖြတ်ရိုက်ရန် လက်ကိုမြှောက်လိုက်၏။ ယင်းတဒင်္ဂအချိန်မှာပင် ထိုမြှောက်လိုက်သောလက်ကို မြွေတစ်ကောင်က လာရောက်ရစ်ပတ်လိုက်သလိုခံစားရပြီး နောက်ဘက်သို့ယိမ်းယိုင်လဲကျသွားလေတော့သည်။

ကျင်းလျှံသည် ဆူလောင်ထိုက်၏လက်ဝါးရိုက်ချက် မိမိမျက်နှာသို့ကျရောက်လာတော့မည်ကို သိလိုက်၏။ သူမအနေဖြင့် မည်သို့မျှရှောင်တိမ်းနိုင်စွမ်းမရှိသည်ကိုလည်း သိလိုက်၏။ ဘာမျှမတတ်နိုင်တော့သည့်အဆုံး သူမသည် မျက်လုံးကိုသာ စုံမှိတ်ထားလိုက်တော့သည်။

ယင်းအခိုက်အတန့်မှာပင် သူမအား ချုပ်ကိုင်ထားသောလက်သည် ရုတ်တရက်ပြေလျော့သွားသဖြင့် မျက်လုံးကို အသာပြန်ဖွင့်ကြည့်လိုက်မိသည်။

ဤတွင် .... မမျှော်လင့်မထင်မှတ်သောမြင်ကွင်းကြောင့် ကျင်းလျှံ၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားရတော့သည်။



လက်မောင်းကို ကျာပွတ်ရစ်ပတ်လျက်လဲကျနေသော ဆူလောင်ထိုက်အား မှုံ့လူက ခါးထောက်၍ရပ်ကြည့်နေသည်ကိုတွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

မှုံ့လူကရယ်မောလိုက်ပြီး ...

"ဘယ်လိုလဲ တာ့စန်းအိရဲ့နံပါတ်(၇)"

ဆူလောင်ထိုက်သည် မှုံ့လူအား မယုံကြည်နိုင်စွာဖြင့်ကြည့်ရင်း ပြန်လည်တိုက်ခိုက်ရန် လူးလဲထလိုက်၏။

သို့သော် မှုံ့လူ၏ကျာပွတ်သံ တရွှမ်းရွှမ်းနှင့်အတူ ဆူလောင်ထိုက်မှာ ပြန်လည်လဲကျပြီး တဖြည်းဖြည်းငြိမ်ကျသွားလေတော့သည်။

ကျင်းလျှံသည် မှုံ့လူကိုပြုံးပြလိုက်သည်။

"မှုံ့လူ .... ရှင့်ကိုကျွန်မအပြစ်တင်စောမိတာများသွားပြီ"

မှုံ့လူက အသာအယာပြုံးကာ ....

"ကျုပ် ခင်ဗျားဆီက တစ်နေ့သုံးရာကို အလကားယူမယ့်လူမဟုတ်ပါဘူး"

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## တွေးမရပါ ဘဝတစ်လွှာ

နံနက်ခင်းနေခြည်သည် ခပ်နွေးနွေးသာဖြစ်သည်။ သို့သော် နေလုံးကြီး တဖြည်းဖြည်းမြင့်တက်လာသည်နှင့်အမျှ အပူရှိန်က လည်းပို၍ပြင်းထန်လာလေသည်။

လူသားနှစ်ဦးသည် မြင်းပေါ်မှလိုက်ပါလာရသော်လည်း အပူရှိန်ကြောင့် ပင်ပန်းနွမ်းနယ်နေကြ၏။

ထိုလူသားနှစ်ဦးကား မုံ့လှုနှင့်ကျင်းလျှံတို့ဖြစ်ကြသည်။

ကျင်းလျှံသည် မုံ့လှုအပေါ် မဒိကျေမနပ်ဖြစ်ခဲ့သည့်ကိစ္စကို ပြန်လည်အစဖော်လိုက်၏။

"မုံ့လှု .... ရှင့်အပြုအမူတွေကို ကျွန်မစဉ်းစားလို့မရဘူး"

မုံ့လှုကလည်း အေးစက်စက်လေသံဖြင့်ပြန်ပြောသည်။

"ခင်ဗျားရဲ့အပြုအမူတွေကိုလဲ ကျုပ်စဉ်းစားလို့မရဘူး"

ကျင်းလျှံ မျက်မှောင်ကုပ်သွားသည်။

"ဘာ .... ဘာပြောတယ်၊ ရှင်ဘာကိုဆိုလိုတာလဲ"

"ခင်ဗျားကကော .... ကျုပ်ကိုဘာပြောတာလဲ"



ကျင်းလျှံက ဒေါသနှင့်လှမ်းကြည့်လိုက်ပြီး ....

"သူတို့လာပိုင်းကြတုန်းက ရှင် ထိုင်ပြီးရှိခိုးတော့မလိုလုပ်ခဲ့တာလေ"

မုံ့လှုပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ .... ခုဆို ခင်ဗျား သူတို့ရန်က ဝေးသွားပြီမဟုတ်လား"

ကျင်းလျှံ ပါးစပ်ပိတ်သွားသည်။

မုံ့လှုကဆက်ပြောသည်။

"ကျုပ်ကို ကင်းခြေများကိုက်ထားလို့ လက်ကရောင်ကိုင်းနေတယ်၊ သူတို့ငါးယောက်ကိုရင်ဆိုင်ရင်း မတော်တဆ ကျုပ်ရှုံးသွားခဲ့ရင် ခင်ဗျားပါ ဒုက္ခရောက်မသွားနိုင်ဘူးလား၊ ဒါကြောင့် သူတို့ကိုလူစုခွဲလိုက်ရတာပါ"

မုံ့လှု၏ဖြတ်ထိုးဉာဏ်ကို ယခုမှ ကျင်းလျှံနားလည်သဘောပေါက်ကာ စိတ်ထဲမှကျိတ်၍ချီးကျူးလိုက်မိသည်။

မှန်ပါသည်။

တစ်ယောက်နှင့်အများယှဉ်လာလျှင် လက်ရုံးရည်ချည်းသက်သက် အားကိုး၍မရပါ။ နှလုံးရည်ပါထက်မြက်မှ အောင်မြင်နိုင်သည်မဟုတ်ပါလား။

ကျင်းလျှံသည် မုံ့လှုအားကြည့်ကာကျေနပ်စွာပြုံးလိုက်၏။

"ရှင့်ကို ကျွန်မယုံကြည်ပါတယ်၊ ဒါနဲ့ ဟိုသုံးယောက်ကိုကော ရှင်သတ်လိုက်သေးလား"

www.burmeseclassic.com

www.burmeseclassic.com



မုံလှ ခေါင်းခါလိုက်သည်။

"ကျုပ်ဘယ်တော့မှလူမသတ်ဘူး၊ ဒါပေမယ့် သူတို့ကတော့ သိုင်းလောကကို အဏော်စိတ်ကုန်သွားကြမှာအမှန်ပဲ"

မှန်သည်။ မုံလှသည် တော်ရုံတန်ရုံရန်သူအား အသတ်သေဆုံးသည်အထိ မလုပ်ရက်ပါ။

သို့သော် သူ၏ကျာပွတ်စာမိသူများသည် အနည်းဆုံးတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ တော်ရုံနှင့် နာလန်မထူနိုင်ဘဲ ဖြစ်သွားရသည်ချည်းသာ။

"ဒါနဲ့ ခင်ဗျားကိုခေါ်လာတဲ့နှစ်ယောက် ကျုပ်ရောက်တော့ တစ်ယောက်ပဲရှိပါတော့လား၊ ကျန်တဲ့တစ်ယောက်ကကော ...."

ကျင်းလျှံအား ရန်သူနှစ်ယောက်ညှပ်ခေါ်သွားသည်ကို သတိရလိုက်သဖြင့် မုံလှကမေးလိုက်ခြင်းဖြစ်သည်။

"အဲဒီတစ်ယောက်က ကျွန်မရဲ့လျှို့ဝှက်ဓားထိပြီး လူကောမြင်းပါပျောက်သွားပြီလေ"

ကျင်းလျှံကပခုံးတွန့်ပြရင်း ပြောလိုက်သည်။

မုံလှက သူမအားသေချာစူးစိုက်ကြည့်လိုက်ပြီး ....

"ခင်ဗျား ဝေါ်စွတ်စွေနဲ့ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျုပ်ကိုပြောပြဖို့အချိန်တန်ပြီနဲ့တူတယ်"

ကျင်းလျှံသက်ပြင်းတစ်ချက်မသိမသာချလိုက်၏။

ပြီးမှ ....

"ရှင် ကျွန်မအပေါ် ဘာမယုံစရာရှိလို့လဲရှင်"



"ခင်ဗျားပြောတော့ ဝေါ်စွတ်စွေ သတ်မှာကြောက်လို့ ပြေးနေရတာဆို၊ ဒါပေမယ့် ဝေါ်စွတ်စွေလွှတ်လိုက်တဲ့လူတွေကတော့ ခင်ဗျားကိုလေးလေးစားစားနဲ့ပြန်ခေါ်နေကြပါလား"

ကျင်းလျှံကမဲ့ပြုံးပြုံးလိုက်ပြီး ....

"ဒါကတော့ ကျွန်မကို သူကိုယ်တိုင်သတ်ချင်လို့ချော့ခေါ်နေတာပါရှင်"

မုံလှသည် ကျင်းလျှံအမည်ရှိမိန်းမချောလေးကို မည်သို့နားလည်ရမှန်းမသိအောင်ဖြစ်သွားရတော့သည်။ နှစ်ဦးစလုံး အတွေးကိုယ်စီနှင့်ငြိမ်နေကြသည်။ အတန်ကြာမှ ကျင်းလျှံကစ၍ပြောသည်။

"မုံလှ ကျွန်မတို့ ဘာမှမစားရသေးဘူးဆိုတာ သတိရသေးရဲ့လား"

ကျင်းလျှံ၏စကားကိုကြားရမှ မုံလှလည်း ဗိုက်ထဲဆာသလိုဖြစ်လာရသည်။ ခေါင်းညိတ်လိုက်ရင်း ....

"ဟုတ်တယ် .... ကျုပ်လဲ ခုမှဆာမှန်းသိရတော့တယ်"

"အခု ရှင်ဘာလုပ်ဖို့စိတ်ကူးထားလဲ"

မုံလှက ချက်ချင်းပင် လက်ကိုမြှောက်ပြလိုက်သည်။

"ကင်းခြေမျှားကိုက်ထားတဲ့ဒီဒဏ်ရာက ယင်းဆိုင်နဲ့တွေ့မှ ဖြစ်မှာမဟုတ်လား၊ ဒါကြောင့် သူ့ဆီအရင်ဆုံးသွားမှာပေါ့"

ကျင်းလျှံခေါင်းခါလိုက်သည်။

"လောလောဆယ် သူ့ဆီအရင်သွားလို့မဖြစ်သေးဘူးရှင့်၊ အခု ကျွန်မဗိုက်ဆာလှပြီ"

www.burmeseclassic.com

www.burmeseclassic.com



မှလှသည် သူ့အားမျက်စောင်းထိုး၍ ကလေးတစ်ယောက်လို နှုတ်ခမ်းစူပြီးပြောနေသောကျင်းလျှံ၏အမူအရာကြောင့် ရင်ထဲတစ်မျိုးကြီးဖြစ်သွားသည်။

အမျိုးအမည်မသိသော ဝေဒနာတစ်ရပ်ကိုခံစားလိုက်ရလေသည်။ သူသည် ယောင်ယောင်မှားမှားဖြင့်ပင် ခေါင်းညိတ်ကာ ....

“ဟုတ် .... ဟုတ်ကဲ့၊ ရှေ့မှာ အိမ်တစ်အိမ်လောက်တော့ တွေ့တန်ကောင်းပါရဲ့”

ဟုမျာမျာသလဲ ပြန်ပြောလိုက်လေသည်။

✦✦✦



## မိတ်ဟောင်းဆွေဟောင်း

နိုင်ဖုံးမြို့လယ်ခေါင်တစ်နေရာတွင်ရှိသော ခြံဝင်းကြီးသည် ...ွန်စွာကျယ်ဝန်းလှသည်။ ထိုခြံဝင်းသည် ကြီးကျယ်သလောက် ခြံ ...င်းထဲဆောက်လုပ်ထားသောအဆောက်အအုံကြီးသည်လည်း ကြီး ...ခန့်ညားလှပေသည်။

အဆောက်အအုံကြီး၏ပတ်လည်တွင် အစောင့်အကြပ်များ ...ထားသည်။

ယင်းအဆောက်အအုံကြီး၏ အလယ်တည့်တည့်နေရာတွင် “...စန်းအိ” ဟူသော အနီရဲရဲနောက်ခံပေါ်တွင် ကြေးဝါစာလုံးကြီးဖြင့် ...ယ်ဝင့်ကြွားစွာရေးထွင်းထားသည့်ဆိုင်းဘုတ်ကြီးကို တွေ့မြင်ရ ...ည်ဖြစ်သည်။

ထိုအဆောက်အအုံ၏ညှော်ခန်းတွင် စားပွဲရှည်ကြီးတစ်လုံးရှိ ...၏။

ထိုစားပွဲရှည်ကြီး၏ထိပ်တည့်တည့်တွင် အနီရောင်ဝတ်စုံနှင့် ...စ်ယောက် ခန့်ညားစွာထိုင်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ယာဘက်နံဘေးတွင် ဖြူဖွေးသောဆံပင်နှင့် အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသောလူတစ်ယောက်ရှိနေသည်။

စားပွဲထိပ်တည့်တည့်၌ထိုင်နေသော အနီရောင်ဝတ်စုံနှင့်လူမှာ တာ့စန်းအိဂိုဏ်းကြီး၏အရှင်သခင်ဝေါ်စွတ်စွေဖြစ်၏။

သူ့ဘေးတွင်ရှိနေသော ဆံပင်ဖြူ နှင့်အစိမ်းရောင်ဝတ်ဆင်ထားသူမှာ ဝေါ်စွတ်စွေ၏အစ်ကို တာ့စန်းအိဂိုဏ်း၏အမှတ်စဉ် (၂) ခေါင်းဆောင် ဝေါ်စွတ်ကျန်ဖြစ်လေသည်။

ဝေါ်စွတ်ကျန်က ဝေါ်စွတ်စွေအား မကျေမနပ်ကြည့်ကာ ...

"ငါ့ညီ ..... မင်းဟာ မိန်းမတစ်ယောက်အတွက်နဲ့ ဒီလို တို့ဂိုဏ်းသားတွေကိုအဆုံးရှုံးခံတော့မှာလား"

ဟုပြောလိုက်သည်။ ဝေါ်စွတ်စွေက ဘာမျှပြန်မပြော။ စား... တစ်နေရာဆီသို့သာ စူးစိုက်၍ကြည့်နေသည်။ ဝေါ်စွတ်ကျန်က ဆ... လက်ပြောဆိုပြန်လေသည်။

"အခုပဲကြည့်လေ၊ မင်းလွှတ်လိုက်တဲ့ငါးယောက်အဖွဲ့... တစ်ယောက်က လည်ပင်းမှာဒဏ်ရာနဲ့သေသွားရပြီ၊ ကျန်တဲ့... ယောက်လဲ တော်တော်နဲ့နာလန်ထူနိုင်မှာမဟုတ်တော့ဘူး"

ဝေါ်စွတ်ကျန်သည် လွန်စွာခံပြင်းနေဟန်တူ၏။

ပြောရင်း အံတင်းတင်းကြိတ်ကာ တစ်ဘက်သို့လှည့်... လိုက်သည်။ ဝန်းကျင်တစ်ခုလုံးသည် ခေတ္တမျှတိတ်ဆိတ်သွားပြီ... ဝေါ်စွတ်စွေသည် လက်နှစ်ဖက်ကိုစားပွဲပေါ်တင်ကာ လက်ချောင်း... များက စားပွဲခုံကိုတဒေါက်ဒေါက်နှင့်ခေါက်နေလေ၏။



နှုတ်ကမူ ဘာတစ်ခွန်းမျှမပြောချေ။

ဝေါ်စွတ်ကျန်က ဆက်၍ပြောပြန်သည်။

"ကျင်းလျှံကိုပြန်ခေါ်ဖို့လွှတ်လိုက်တာ သုံးဖွဲ့ ရှိတယ်မဟုတ်လား၊ ကျန်တဲ့နောက်နှစ်ဖွဲ့ကလဲ ဘာတွေဖြစ်လာဦးမယ်ဆိုတာမသိဘူး၊ စောင့်ကြည့်ရဦးမယ်"

ဝေါ်စွတ်ကျန်သည် ထိုသို့ပြောပြီး သူ့ညီ၏မျက်နှာအားလှမ်းကြည့်လိုက်သည်။ ဝေါ်စွတ်စွေကမူ မတုန်မလှုပ် ပကတိတိတ်ဆိတ်ငြိမ်သက်နေ၏။

ညီဖြစ်သူ၏အေးစက်စက်အပြုအမူကြောင့် ဝေါ်စွတ်ကျန်သည် အကြီးအကျယ်ဒေါသထွက်လာမိတော့၏။

"ဟော့ကောင် ငါပြောနေတာ မင်းကြားတယ်မဟုတ်လား"

ထိုအခါမှ ဝေါ်စွတ်စွေကမျက်လုံးလှန်ကြည့်လိုက်သည်။

"ကြားသားပဲ ... ဒီကြေးစားလေးတစ်ယောက်ကိုတောင်မှ နိုင်အောင်မတိုက်နိုင်တာ ရှက်ဖို့တောင်ကောင်းနေပြီ"

ဝေါ်စွတ်ကျန် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးငါ့ညီ၊ ကြေးစားဆိုပေမယ့် မုံ့လူဟာ နှယ်နှယ်ရရသိုင်းသမားဟုတ်ဘူး၊ သူဟာကျာပွတ်ကိုကျွမ်းကျွမ်းကျင်ကျင်ကိုင်နိုင်တဲ့အပြင် သူ့ရဲ့ကျာပွတ်ကလဲ လိုသလိုသုံးလို့ရတယ်၊ ...ဆတ်ပြီး ကျာပွတ်ရဲ့လက်ကိုင်ရိုးမှာ လျှို့ဝှက်တပ်ထားတဲ့ ဓားလေး ...ရှိတယ်လို့ ငါကြားဖူးထားတယ်"

ဝေါ်စွတ်စွေကအံတင်းတင်းကြိတ်၍ ....

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ပညာလေးကိုတောင်မှ ဒီကာလက်ရွေးစင်တွေက မနိုင်တော့ဘူးလား"

ဝေါ်စွတ်ကျန်ကမဲ့လိုက်သည်။

"ဒါတော့ မင်းကိုယ်တိုင်ယှဉ်ကြည့်ရင် သိရမှာပဲ"

"ဘာလဲ အစ်ကိုကြီးက ကျုပ်ကိုကြောက်နေတယ်များထင်လို့လား"

ဝေါ်စွတ်ကျန် သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းကိုကြောက်တယ်လို့ ငါမပြောပါဘူး ဒါပေမယ့် ကျင်းလျှံကိုဖြစ်တဲ့နည်းနဲ့သတ်ခဲ့ဖို့ကိုတော့ မင်းအမိန့်ပေးသင့်တယ်"

ဝေါ်စွတ်စွေ အသာအယာခေါင်းခါလိုက်သည်။

"ဒါတော့မဖြစ်ဘူး ကျုပ်က သူ့ကိုတန်းတန်းစွဲဖြစ်နေမိတာကိုးဗျ"

ဝေါ်စွတ်ကျန်မှာ ပြောစရာစကားမရှိတော့သည့်အလား ပါးစပ်ပိတ်သွားလေတော့၏။

✦✦✦



ထိုက်စံကျော့တောင်ကုန်း ....

ထိုက်စံကျော့တောင်ကုန်းသည် ညက မုံလှုတို့ တည်းခိုနေသောနေရာနှင့် မိုင်နှစ်ဆယ်မျှသာကွာဝေးသောနေရာဖြစ်သည်။

သူတို့သည် ယင်းဆိုင်အား တွေ့ဆုံရန်အတွက် ထိုနေရာသို့ ညတတည်းကထွက်ခွာလာခဲ့ကြခြင်းဖြစ်သည်။

သို့သော် မိုးလင်းမှပင် ခရီးဆက်တော့မည်ဆိုပြီး တဲပျက်တစ်လုံးတွင် ဝင်ရောက်အိပ်စက်နေရာမှ ယခုကဲ့သို့ ရန်သူငါးဦးနှင့် တွေ့ဆုံရင်ဆိုင်တိုက်ခိုက်ခဲ့ရခြင်းဖြစ်သည်။

ယခု သူတို့သည် ထိုက်စံကျော့တောင်ကုန်းဆီသို့ဆက်လက်ထွက်ခွာလာခဲ့ကြပြီဖြစ်သည်။ မုံလှုသည် ဆာလောင်မွတ်သိပ်မှုဒဏ်ကိုခံနိုင်သော်လည်း ကျင်းလျှံမှာမူ ခံနိုင်ရည်ရှိပုံမရချေ။

အလွန်ပင် ဆာလောင်လှသည်ဆိုသဖြင့် မုံလှုသည် သွားရင်းလာရင်း လူနေအိမ်ခြေ တွေ့လိုတွေ့ငြားရှာရတော့သည်။

မကြာမီ ခပ်လှမ်းလှမ်းတစ်နေရာတွင် အိမ်လေးတစ်လုံးကို တွေ့မြင်လိုက်ရ၏။ မုံလှု၏မျက်နှာ ပြုံးရွှင်သွားပြီး ....

"အစ်ကော်ပဲ .... ဟိုရှေ့မှာအိမ်တစ်လုံးကိုတွေ့ရတယ်"

ကျင်းလျှံလည်း ဝမ်းသာအားရပြင့်လှမ်းကြည့်လိုက်၏။

"ဟုတ်တယ်၊ အဲဒီရောက်အောင် ကျွန်မတို့ခပ်မြန်မြန်သွားကြမယ်၊ ကျွန်မတော့ သိပ်ဆာနေပြီ"

အချိန်အနည်းငယ်အတွင်း၌ပင် သူတို့သည် အိမ်ကြီးနားသို့ ရောက်ရှိလာကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့သည် ထိုအိမ်ကြီးအား အနီးကပ်မြင်လိုက်ရသောအခါ အံ့အားသင့်သွားကြရတော့၏။

ထိုအိမ်ကြီးသည် အိုမင်းဟောင်းနွမ်းနေပြီး မည်သူတစ်ဦးတစ်ယောက်မျှ နေထိုင်ကြဟန်မတူပါ။ အိမ်ကြီး၏ဝန်းကျင်တစ်ခုလုံးသည်လည်း ငြိမ်သက်တိတ်ဆိတ်လျက်ရှိနေ၏။

သူတို့နှစ်ဦးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ သို့သော် သူတို့ စိတ်ဖျက်အားလျှော့ခြင်းမရှိပါ။

မြင်းများကို ခြံဝင်းတစ်နေရာတွင်ချည်နှောင်ထားလိုက်ပြီး အိမ်ကြီးထဲသို့ တဖြည်းဖြည်းချင်း ဝင်ရောက်ခဲ့ကြလေတော့၏။

✦✦✦

သူတို့သည် သတိကြီးစွာထား၍ အိမ်အိုကြီးအား အကဲခတ်ကြည့်လိုက်ကြသည်။ ပြိုပျက်ယိမ်းယိုင်လုမတတ်ဖြစ်နေသောအိမ်အိုကြီးမှာ အမိုက်များရှုပ်ပွလျက် ဖုန်အလိမ်းလိမ်းဖြစ်နေပေသည်။

မုံ့လူက မျက်မှောင်ကုပ်၍အကဲခတ်ကြည့်လိုက်သည်။

ဖုန်များ အလိပ်လိုက်တက်နေသောကြမ်းခင်းများပေါ်တွင် မကြာခင်ကမှ သွားလာထားသောခြေရာများ ထင်ကျန်နေသည်ကို တွေ့ရသည်။ သူသည် ကျင်းလျှံ့အားခေါ်၍ အတွင်းဘက်သို့လျှောက် ဝင်သွားလေသည်။

ဧည့်ခန်းနေရာတွင် စားပွဲဟောင်းတစ်လုံးရှိနေသည်။



ထိုစားပွဲဘေးတွင်လည်း ကုလားထိုင်အဟောင်းများကရှိနေ၏။ မုံ့လူသည် ခြေရာများကိုဂရုစိုက်၍ကြည့်နေရာ ခြေရာများသည် ထိုစားပွဲအနီးအနားတစ်ဝိုက်တွင် ရှုပ်ယှက်ခတ်နေသည်ကိုတွေ့ရလေ၏။ သူတို့မရောက်ခင် တစ်စုံတစ်ယောက်သည် သူတို့ကဲ့သို့ပင် လာရောက်သွားဟန်တူပေသည်။

မုံ့လူသည်တစ်ခဏမျှစဉ်းစားလိုက်၏။

ထို့နောက် ကျင်းလျှံ့၏မျက်နှာကိုလှမ်းကြည့်လိုက်သည်။

“ကဲ .... မိန်းကလေး၊ ကျုပ်တို့ ဒီအိမ်ထဲမှာတော့ ဘာမှ စားရာရမှာမဟုတ်ဘူး၊ ပြန်ထွက်ကြမယ်”

ကျင်းလျှံ့ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့ ပြန်ထွက်ကြတာပေါ့”

ပြောပြောဆိုဆိုပင် သူတို့နှစ်ယောက် အိမ်အပြင်ဘက်သို့ ပြန်ထွက်လာခဲ့ကြ၏။

ထိုစဉ်မှာပင် ....

“ဟား .... ဟား .... ဟား .... ဟား”

ရယ်မောသံကြီးတစ်သံသည် သူတို့၏နောက်ဘက်မှ ကျယ်လောင်စွာပေါ်ထွက်လာလေတော့၏။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ထွက်ပေါ်လာသည့်ရယ်မောသံကြောင့် မှုံလူနှင့် ကျင်းလျှံတို့သည် အံ့ဩထိတ်လန့်သွားပြီး အိမ်ကြီး၏ဘေးပတ်ပန်းကျင်ကို ကျိုးကန်းတောင်းမှောက်အကဲခတ်ကြည့်မိလိုက်ကြ၏။

လူသူတစ်စုံတစ်ယောက်ကိုမျှမတွေ့ရသဖြင့် နှစ်ယောက်စလုံး ကြောင်အမ်းအမ်းဖြစ်ကုန်ကြသည်။ နားမလည်နိုင်ဟန်ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်မိလိုက်ကြသည်။

ထိုစဉ်မှာပင် ....

"မှုံလူ .... မှုံလူ .... မင်းကိုငါ အနှစ်နှစ်အလလရှာလိုက်ရတာကွာ၊ ခုမှပဲတွေ့ရတော့တယ်၊ ဟား .... ဟား .... ဟား ...."

ထိုသို့ပြောဆိုသံနှင့်အတူ လူတစ်ယောက်သည် အိမ်ပေါ်တုတ်တန်းပေါ်မှ ကြောင်တစ်ကောင်၏ပေါ့ပါးခြင်းမျိုးနှင့် ခုန်ဆင်းလာလေသည်။ မှုံလူမှာ ရုတ်တရက် အံ့အားသင့်သွားပြီး ထိုလူအား မယုံကြည်နိုင်စွာဖြင့်လှမ်းကြည့်မိလိုက်သည်။

ထိုလူအား သေချာတွေ့မြင်လိုက်ရသည့်အခါ ....

"ဟင် .... ဆောင်းလောင်"

နှုတ်မှလွှတ်ခနဲခေါ်လိုက်မိတော့၏။

ကျင်းလျှံက သူ့အားလှမ်းကြည့်လိုက်ပြီး ....

"ရှင် သူ့ကိုသိလို့လား"

မှုံလူခေါင်းညိတ်ပြလိုက်သည်။

"အင်း .... သိတယ်"

ဆောင်းလောင်ဟုအခေါ်ခံရသောလူသည် မှုံလူတို့အနီးသို့



ခြည်းဖြည်းချင်းလျှောက်လှမ်းလာသည်။ ထိုလူသည် ကျင်းလျှံအား တစ်ချက်စူးစိုက်ကြည့်လိုက်ပြီးမှ မှုံလူဘက်သို့လှည့်ကာ ....

"မင်းက မိန်းမချောချောလေးရနေလို့ တို့ကိုမေ့သွားတာပေါ့ ဟုတ်လား"

ထိုစကားကြောင့် ကျင်းလျှံ၏မျက်နှာ ရဲခနဲဖြစ်သွားသည်။

သူမ ရှက်သွားသည်ကိုသိလိုက်သဖြင့် မှုံလူသည် မဆင်မခြင်ပြောလိုက်သည့်ဆောင်းလောင်အား ဒေါသထွက်သွားလေသည်။

"ခင်ဗျား ဒီလိုအရမ်းဗွတ်မပြောပါနဲ့၊ သူ ကျုပ်နဲ့ဘာမှကော်တာမဟုတ်ဘူးဗျ"

ဆောင်းလောင်က မျက်မှောင်ကုပ်ပြီး မိန်းကလေးကိုအကဲခတ်ကြည့်လိုက်သည်။

ယင်းသို့အကြည့်ခံရသဖြင့် ကျင်းလျှံသည် မနေတတ်သလိုဖြစ်သွားကာ ခေါင်းငုံ့ထားလိုက်လေသည်။

မှုံလူပြောသလို ထိုမိန်းကလေးသည် မှုံလူနှင့် တစ်စုံတစ်ရာပတ်သက်ပုံမရကြောင်းအကဲခတ်မိသောကြောင့် ဆောင်းလောင်သည် တစ်ချက် အားနာသလိုဖြစ်သွားသည်။

ထို့ကြောင့် သူသည် ကျင်းလျှံအနားသို့သွား၍လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပေးရင်း ....

"မိန်းကလေး .... ကျုပ် မသိလို့ပြောမိတာကို စိတ်မဆိုးပါနဲ့၊ တောင်းပန်ပါတယ်"

တစ်ဆက်တည်းမှာပင် မှုံလူအားလက်ညှိုးထိုးပြ၍ ....

www.burmeseclassic.com

www.burmeseclassic.com



"သူ မိန်းကလေးတစ်ယောက်ကိုဒုက္ခပေးခဲ့လို့ သူ့ကိုသတ်ဖို့ ကျုပ်ကလိုက်ရှာနေတာ"

ကျင်းလျှံမှာ ဆောင်းလောင်၏စကားကြောင့် မျက်လုံးပြူး သွားလေသည်။

သူမသည် မုံ့လူကိုတစ်ချက်လှမ်းကြည့်လိုက်မိ၏။

မုံ့လူမှာ မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ ....

"ဆောင်းလောင် ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကိုမတရားပြော ရတာလဲဗျ"

မကျေမနပ်ဖြင့် ပြန်အော်မေးလိုက်၏။

ဆောင်းလောင်က ကျယ်လောင်စွာရယ်မောလိုက်ပြီး ....

"မင်းစိတ်ကြောင့် ငါ့နှမဘာယ်လောက်ဒုက္ခရောက်နေရတယ် ဆိုတာ မင်းသိတယ်မဟုတ်လား၊ ကဲ .... ဘာပြောဦးမလဲ"

ထိုစကားကြားလိုက်ရသည်နှင့် မုံ့လူ၏ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါ၍သွားတော့သည်။ သူသည် မည်သည့်စကားကိုမျှ မပြောနိုင် တော့ဘဲ အတန်ကြာအောင်ငေးငိုင်သွားလေတော့၏။

သူသည် စိတ်မကောင်းစွာဖြင့် ဆောင်းလောင်အား လှမ်း ကြည့်ကာ ...

"ဒါခင်ဗျားအထင်မှားနေတာပါ၊ ခင်ဗျားရဲ့နှမကို ခင်ဗျား ချစ် သလို ကျုပ်ကလဲ အစ်ကိုတစ်ယောက်လို ပြုစုစောင့်ရှောက်ခဲ့တာ ခင်ဗျားအသိပါဗျာ"

ဆောင်းလောင်က ပါးစပ်ပိတ်ထား၏။



မုံ့လူကဆက်ပြောသည်။

"ခင်ဗျားခရီးထွက်သွားတဲ့အချိန်မှာ ကျုပ် ခင်ဗျားတို့ဆီမှာ ကြာကြာဆက်နေခဲ့ရင် ခင်ဗျားနှမ ကျုပ်အပေါ်ပိုရင်းနှီးပြီး သံယောဇဉ် တွယ်မှာကြောက်လို့ ရှောင်ထွက်လာခဲ့တာပါ"

မုံ့လူ၏စကားကြောင့် ဆောင်းလောင်သည် သက်ပြင်းတစ် ချက်ချကာနှုတ်ဆိတ်သွား၏။ မည်သည့်စကားကိုမျှမပြောဘဲ အတန် ကြာအောင် တွေးတောငေးမောနေတော့သည်။

မုံ့လူလည်း ဘာစကားမျှပြောစရာမရှိဟန်ဖြင့် နှုတ်ဆိတ်နေ လေသည်။ ခဏကြာမှ ဆောင်းလောင်သည် သက်ပြင်းချကာ ....

"ဘာပဲဖြစ်ဖြစ်လေ .... ယောကျ်ားကောင်းတစ်ယောက်ပဲ၊ ဒါသဘောမတူစရာအကြောင်းမရှိပါဘူး"

မုံ့လူမျက်လုံးပြူးသွား၏။ ကမန်းကတန်းပင် ပြန်ပြော၏။

"ဟာ မဟုတ်သေးပါဘူး၊ ကျုပ်က ဓားသွားပေါ်မှာ လမ်း လျှောက်နေရတဲ့လူပါဗျာ၊ ဓားသမားတစ်ယောက်ရဲ့ဘဝကို ခင်ဗျား သိတယ်မဟုတ်လား"

ဝန်းကျင်တစ်ခုလုံး တစ်ခဏမျှတိတ်ဆိတ်သွားပြန်၏။

ဆောင်းလောင်သည် တစ်ချိန်က သူ့နှမ၏ပြောစကားကို ပြန်လည်ကြားယောင်လာသည်။ သူသည် နှမဖြစ်သူအား မုံ့လူက စော်ကားသွားသလားဟုမေးခဲ့ဖူး၏။ သူ့နှမက ...

"စော်ကားဖို့နေနေသာသာ ကျွန်မကို လူတစ်ယောက်လို့တောင် ထင်မှတ်ခဲ့ပုံမရပါဘူးအစ်ကိုရယ်"

www.burmeseclassic.com



ဆောင်းလောင်သည် သက်ပြင်းတစ်ချက်အသာချလိုက်ပြီး

"အင်း .... ပြီးတာလဲ ပြီးပါစေတော့လေ၊ ငါ့ညီမရဲ့ကံပဲပေါ့၊ ဒါနဲ့ အခုမင်းတို့ဘယ်သွားကြမှာလဲ"

ထိုအခါမှ မှုံလူလည်း ကိုယ့်ကိစ္စ ကိုယ်ပြန်သတိရကာ ...

"ကျုပ်တို့ ခရီးတစ်ခုသွားရင်း ဆာဆာလောင်လောင်ရှိတာနဲ့ ဒီအိမ်မှာလူရှိတယ်ထင်ပြီး စားစရာတောင်းဖို့ဝင်လာကြတာပါ၊ ဒါနဲ့ ခင်ဗျားကကော ဘာကိစ္စနဲ့ဒီကိုရောက်လာရတာလဲ"

ဆောင်းလောင်သည် ကျင်းလှုံ၏မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ကျင်းလှုံမှာ ဆာလောင်မှုကြောင့် ပင်ပန်းနွမ်းနယ်နေသည်ကိုအကဲခတ်မိလိုက်သည်။ သူသည် အိတ်ထဲမှအထုပ်တစ်ထုပ်ကိုနှိုက်ထုတ်ရင်း ....

"ငါဒီကိုရောက်လာတာ တခြားမဟုတ်ပါဘူး၊ ဒီက မိတ်ဆွေတစ်စုက အလုပ်ကိစ္စနဲ့ပတ်သက်ပြီး တိုင်ပင်စရာရှိတယ်ဆိုလို့ပါ"

သူသည် နှုတ်မှလည်းပြောရင်း လက်ထဲမှအထုပ်ကိုလည်း စားပွဲပေါ်တင်ကာဖြေလိုက်လေသည်။

အထုပ်ပြေသွားသောအခါ အသားပေါက်စီလေးငါးလုံးခန့်ကိုမြင်လိုက်ရသည်။

"ရော့ .... ဘာပဲဖြစ်ဖြစ် မင်းဟာ ငါ့ညီမအသက်ကိုကယ်ခဲ့ဖူးတယ်၊ ဒီတော့ ငါကကျေးဇူးပြန်ဆပ်တဲ့အနေနဲ့ ...."

သူသည် ထိုသို့ပြောရင်း အထုပ်ထဲမှအသားပေါက်စီများကို မှုံလူတို့ရှေ့သို့ထိုးပေးလိုက်လေသည်။



ကျင်းလှုံကော မှုံလူပါ ဟန်ပင် မဆောင်နိုင်ကြတော့ဘဲ ဗိုက်ဆာဆာနှင့် အသားပေါက်စီတစ်လုံးစီကိုယူ၍စားလိုက်ကြ၏။

စားနေရင်းမှပင် မှုံလူက ....

"ခင်ဗျားနဲ့ချိန်းထားတဲ့မိတ်ဆွေတွေဆိုတာ ဘယ်သူတွေလဲ၊ သိရဘူးလား"

ဟုဆောင်းလောင်အား မေးလိုက်လေသည်။

ဆောင်းလောင်က တစ်ချက်စဉ်းစားလိုက်ပြီးမှ ...

"သိရပါတယ်၊ ငါနဲ့ချိန်းထားတယ်ဆိုတဲ့မိတ်ဆွေတွေက ဒီနယ်တစ်ဝိုက်မှာနာမည်ကြီးနေတဲ့ သိုင်းဆရာကြီးလီရှောင်လုံနဲ့ သူ့သည့်၊ ယင်းဆိုင်တို့ပါပဲ"

ထိုစကားကိုကြားသည်နှင့် ပေါက်စီစားနေကြသော မှုံလူနှင့်ကျင်းလှုံတို့မှာထိတ်လန့်တကြားဖြစ်သွားကြကုန်တော့၏။

✦✦✦

ထိုနယ်တစ်ဝိုက်တွင် သိုင်းဆရာကြီး လီရှောင်လုံသည် လွန်စွာမှနာမည်ကြီးသည်။ သူသည် တာ့စန်းအိဂိုဏ်းနှင့်လည်း သင့်တင့်အောင်ပေါင်းထားသည်။

သူ၏လက်အောက်တွင် သိုင်းသမားပေါင်းများစွာရှိသည့်အထဲ ယင်းဆိုင်နှင့်ပေါင်ထိုက်တို့ညီအစ်ကိုမှာ သူ၏ အားအထားရဆုံးသောလူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် အလုပ်ကိစ္စတစ်ခုခုပေါ်လာလျှင် ထိုညီအစ်ကို နှစ်ယောက်နှင့်သာတိုင်ပင်၍လုပ်ကိုင်လေ့ရှိသည်။

ယခုလည်း တာ့စန်းအိုဂုဏ်းမှထွက်ပေါ်လာသည့်သတင်းတစ်ပုဒ်ကို သူလက်ခံရရှိလိုက်သည်။

ထိုသတင်းကား အခြားမဟုတ်။

မုံ့လူအမည်ရှိကြေးစားသိုင်းသမားတစ်ယောက်နှင့် ကျင်းလုံဆိုသောအမျိုးသမီးတစ်ယောက်ကိုတွေ့ပါက မုံ့လူကိုသတ်ပြီး ကျင်းလုံအား မှဲ့တစ်ပေါက်မစွန်းရအောင် စောင့်ရှောက်ခေါ်လာနိုင်ခဲ့လျှင် မက်မောလောက်ဖွယ် ဆုကြေးငွေပေးမည်ဆိုသောသတင်းဖြစ်၏။

လီရှောင်လုံသည် ထိုသတင်းကိုရရှိသည်နှင့် ယင်းဆိုင်နှင့် ပေါင်ထိုက်တို့ညီအစ်ကိုအားခေါ်၍ မည်သို့ပြုလုပ်ရမည်ကို တိုင်ပင်လေသည်။

ယင်းဆိုင်က သူ့တွင် ဓားစွမ်းထက်သောအဆင့်မြင့်သိုင်းသမားတစ်ဦးရှိသည်ဟုပြောဆိုကာ ဆောင်းလောင်အား ထိုအိမ်ပျက်ကြီး၌တွေ့ဆုံရန်ချိန်းဆိုလိုက်သည်။

သို့သော် သူတို့ချိန်းဆိုထားသည့်နေ့မတိုင်မီမှာပင် မုံ့လူတို့သည် တစ်ရက်စော၍တည်းခိုခန်းသို့ရောက်ရှိလာလေသည်။

ထိုည မှာပင် ထိုက်စိကျော့တောင်ကုန်း၌စခန်းချနေသော လီရှောင်လုံသည် မုံ့လူအားလုပ်ကြံရန် ယင်းဆိုင်နှင့်ပေါင်ထိုက်တို့ကိုစေလွှတ်လိုက်၏။

သို့သော် မျှော်လင့်သလိုဖြစ်လာခဲ့ချေ။



သူတို့အကြံမအောင်မြင်ဘဲ ယင်းဆိုင်မှာ ဒဏ်ရာရပြီး ထိုက်စိကျော့တောင်ကုန်းသို့ ပြန်ပြေးလာခဲ့ရသည်။ ပေါင်ထိုက်မှာ မုံ့လူ၏ သက်ချက်ဖြင့် တည်းခိုခန်းမှာပင်ကျန်ရစ်ခဲ့ရလေသည်။

✦✦✦

ယနေ့ ....

ယနေ့သည် ယင်းဆိုင်က ဆောင်းလောင်အား ထိုအိမ်ပျက်ကြီး၌တွေ့ဆုံရန်ချိန်းထားသောနေ့ဖြစ်၏။ ထို့ကြောင့် ဆောင်းလောင်သည် စောစီးစွာပင် ထိုအိမ်ပျက်ကြီး၌ လာရောက်စောင့်ဆိုင်းနေခဲ့လေသည်။

သို့သော် ယင်းဆိုင်ရောက်မလာဘဲ သူ လွမ်းစွာတွေ့ချင်နေသည့်မုံ့လူနှင့် မမျှော်လင့်ဘဲဆုံတွေ့ခဲ့ရခြင်းဖြစ်သည်။

မြင်လျှင်မြင်ချင်းမှာပင် မုံ့လူ၏အခြေအနေကိုတွေ့မြင်ခဲ့ရပြီး သွန်စွာစိတ်မကောင်းဖြစ်သွားခဲ့ရလေသည်။ စိတ်မကောင်းဖြစ်နေရာ မုံ့လူ၏လက်ဖမိုး ညိုမည်းယောင်ကိုင်းနေသည်ကိုတွေ့မြင်လိုက်ရသည့်အခါ မျက်မှောင်ကုပ်သွားပြီး ....

"မင်းလက်က ယောင်ကိုင်းနေပါလား၊ ဘာဖြစ်တာလဲ"

မုံ့လူကကိုယ့်လက်ကိုယ်ပြန်ကြည့်ကာ မနေ့ညက တည်းခိုခန်း၌ဖြစ်ပျက်ခဲ့သမျှကို ဆောင်းလောင်အား ပြန်လည်ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ယင်းဆိုင်ထံ အဆိပ်ဖြေဆေးတောင်းရန် ထွက်လာခြင်းဖြစ်ကြောင်း ပြည့်ပြည့်စုံစုံပင်ပြောပြလိုက်၏။

ဆောင်းလောင်သည် မှံလူပြောသမျှ အသေအချာဂရုစိုက်၍နားထောင်နေခဲ့သည်။ မှံလူ၏စကားဆုံးသွားမှ ....

"ဒါဆို ယင်းဆိုင် ငါ့ကိုခေါ်တဲ့ကိစ္စ မင်းတို့နဲ့များပတ်သက်နေမလားမသိဘူး"

ထိုစကားကြောင့် မှံလူမျက်မှောင်ကုပ်သွားသည်။

"ယင်းဆိုင်က ခင်ဗျားကိုဘယ်လိုပြောပြီးခေါ်တာလဲ"

ဆောင်းလောင်သည် အတန်ကြာစဉ်းစားနေ၏။ ပြီးမှ....

"သူ့မှာအရေးကြီးတဲ့ကိစ္စတစ်ခုရှိတယ်၊ ကူညီပါ၊ အကျိုးမယုတ်စေရပါဘူးလို့ပြောတယ်"

ထိုသို့ပြောနေချိန်မှာပင် ခြံဝင်းအတွင်းသို့ လူဆယ်ဦးခန့် မြင်းကိုယ်စီနှင့်ဝင်ရောက်လာကြလေသည်။

ဆောင်းလောင်သည် ပြော လက်စ စကားဖြတ်ပြီး မှံလူ့ကိုမျက်ရိပ်ပြလိုက်၏။ ထို့နောက် သူသည် အိမ်ပျက်ကြီးထဲမှထွက်သွားလေသည်။

မှံလူနှင့်ကျင်းလျှံတို့သည် အိမ်ပျက်ထဲမှာပင် ကျန်ရစ်ခဲ့ကာ အခြေအနေကို အကဲခတ်စောင့်ကြည့်နေလိုက်ကြလေသည်။

ဆောင်းလောင်သည် အိမ်ရှေ့တွင်ရပ်နေကြသော မြင်းစီးသမားများကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။

ထိုစဉ် .....



မြင်းစီးသမားများအလယ်မှ အဝါရောင်ဝတ်ဆင်ထားသူတစ်ယောက်သည် မြင်းပေါ်မှဆင်းလိုက်လေ၏။ ထိုသူသည် သိုင်းဆရာကြီးလီရှောင်လုံဖြစ်ကြောင်း ဆောင်းလောင်သိရှိလေသည်။

လီရှောင်လုံသည် ရှေ့သို့ လျှောက်လာပြီး ဆောင်းလောင်ကိုတစ်ချက်အကဲခတ်ကာ ....

"ယင်းဆိုင်ချိန်းထားတဲ့ဆောင်းလောင်မဟုတ်လား"

ဟုမေးလိုက်လေသည်။

ဆောင်းလောင်ခေါင်းညိတ်လိုက် သည်။ ပြီးနောက် သူသည် အသံကျယ်ကျယ်ဖြင့်အားလုံးကြားအောင် ပြောလိုက်လေသည်။

"ဟုတ်ပါတယ်၊ ကျုပ်ဆောင်းလောင်ပါ၊ စကြာဓားသမား ဆောင်းလောင်ဆိုတာ ကျုပ်ပါပဲ"

ထိုစကားကို အိမ်ပျက်ကြီးထဲမှမှံလူလည်း ကြားလိုက်ရ၏။ ခင် သူနှင့်တွေ့စဉ်က ဆောင်းလောင်သည် သာမန်သိုင်းသမားမျှသာဖြစ်သည်။

ယခု သိုင်းလောကတွင်နာမည်ကြီးနေသော 'စကြာဓားသမားသည် သူသူငယ်ချင်းဆောင်းလောင်ဖြစ်ကြောင်း လုံးဝမသိခဲ့။

သူပြောမှသိရသဖြင့် မှံလူမှာ အတော်ပင်အံ့အားသင့်သွားသည်။ ထိုစဉ် လီရှောင်လုံထံမှစကားသံထွက်ပေါ်လာ၏။

"ယင်းဆိုင် မင်းကို ဘာကိစ္စနဲ့ခေါ်တယ်ဆိုတာကိုကော သိသလား"

ဆောင်းလောင်က မဆိုင်းမတွပင် ....

www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့မှမတွေ့ရသေးဘဲ၊ ကျုပ်ဘယ်လိုလုပ်သိမှာလဲ"

ထိုသို့ပြောနေစဉ်မှာပင် လီရှောင်လုံသည် အိမ်ပျက်ကြီးထဲ အမှတ်မထင်လှမ်းကြည့်လိုက်ရာ လူနှစ်ယောက်တိုရိုးခနဲတွေ့လိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။

ထို့ကြောင့် ....

"သူတို့နှစ်ယောက်က ဘယ်သူတွေလဲ"

ဟုဆောင်းလောင်ကိုမေးလိုက်သည်။

ဆောင်းလောင်ကလည်း အိမ်ပျက်ထဲလှမ်းကြည့်ပြီး ....

"သူတို့က ကျုပ်မိတ်ဆွေတွေပါ၊ ဒါကအရေးမကြီးပါဘူး အရေးကြီးတာက ယင်းဆိုင်နဲ့တွေ့ဖို့ပဲ၊ ယင်းဆိုင်ဘယ်မှာလဲ"

မုံ့လူတို့ကိုစိတ်မဝင်စားနိုင်အောင် ဆောင်းလောင်က တမင် အာရုံလွှဲလိုက်ခြင်းဖြစ်သည်။

လီရှောင်လုံက ....

"ယင်းဆိုင်ဒဏ်ရာရထားလို့ ဆေးကုနေရတယ်၊ ဒါပေမယ့် မင်းဘာလုပ်ရမယ်ဆိုတာကိုပြောပြဖို့ ငါ့ကိုမှာလိုက်တယ်"

လီရှောင်လုံသည် ပြောသာပြောနေရသည်။ သူ့အာရုံသည် အိမ်ပျက်ကြီးထဲရောက်နေ၏။ မကျေမနပ်လှမ်းကြည့်ရင်း အိမ်ပျက် ကြီးဆီသွားရန် ခြေလှမ်းလှမ်းလိုက်သည်။

ဆောင်းလောင်က လက်ဆန့်တန်း၍တန့်တားလိုက်သည်။

"ခင်ဗျား ဘာလုပ်မလို့လဲ"

လီရှောင်လုံက ....



"အိမ်ထဲမှာရှိတဲ့လူနှစ်ယောက်ဟာ မုံ့လူနဲ့ကျင်းလျှံတို့ ဖြစ် တယ်၊ ယင်းဆိုင်ကိုဒဏ်ရာရအောင်လုပ်ခဲ့တာ သူတို့ပေါ့၊ နောက်ပြီး ယင်းဆိုင်ရဲ့ညီ ပေါင်ထိုက်ကိုလဲ သူတို့သတ်လိုက်ကြပြီထင်တယ်"

ထိုစကားကြောင့် ဆောင်းလောင်ရယ်လိုက်သည်။

"ပေါင်ထိုက်ကို မသတ်ပါဘူးဗျာ၊ ဒီကိစ္စကို ကျုပ်သိပြီးပါပြီ၊ ခင်ဗျားတို့လူနှစ်ယောက်က သူတို့ကိုတည်းခိုခန်းအထိလိုက်ပြီး ဒုက္ခ ပေးခဲ့ကြတာကိုးဗျ"

လီရှောင်လုံသည် ဆောင်းလောင်ကိုမကျေမနပ်ကြည့်ကာ

"ဘာလဲ .... မင်းကသူတို့ကိုကာကွယ်နေတာလား"

ဆောင်းလောင်ကလည်း ....

"ခင်ဗျား သူတို့ကိုဘာလုပ်ချင်လို့လဲ"

ဟုပြတ်ပြတ်သားသားပင် မေးလိုက်သည်။ လီရှောင်လုံက မျက်နှာတစ်ချက်ပြုံးကာ ....

"အေး မင်းမသိရင်ပြောပြမယ်၊ သေချာနားထောင်"

"ဟုတ်ကဲ့ နားထောင်နေပါတယ်ဗျာ၊ ပြောစရာရှိတာသာ ပြောစမ်းပါ"

လီရှောင်လုံသည် ကျင်းလျှံရှိရာသို့ညွှန်ပြလိုက်ပြီး ....

"ဟောဟိုက ကျင်းလျှံဆိုတဲ့မိန်းကလေးဟာ တာ့စန်းအိမ် ချုပ်ကြီးရဲ့အချစ်တော်၊ သူ ဇွဲဒီဂိုဏ်းကထွက်ပြေးလာတာကို သူကကူညီအားပေးခဲ့တယ်၊ သူတို့ကိုတွေ့တဲ့နေရာမှာဖမ်းဆီးပေးဖို့ အိမ်ချုပ်ကြီးကအကူအညီတောင်းခဲ့တယ်၊ ဒါကြောင့် ငါက ဒီတာဝန်၊

www.burmeseclassic.com

www.burmeseclassic.com



ယင်းဆိုင်ကိုလွှဲပေးခဲ့တယ်၊ ယင်းဆိုင်က မင်းဆီအကူအညီတောင်းဖို့ ချိန်းခဲ့တယ်၊ သူတောင်းမယ့်အကူအညီက အဲဒီနှစ်ယောက်ကိုဖမ်းဆီးပေးဖို့ပဲ၊ ရှင်းပါတယ်နော်"

လီရှောင်လုံက ရှည်လျားစွာပင် ရှင်းပြလိုက်လေသည်။

ထိုအချိန်တွင် မှုံလူသည် အသားပေါက်စီကို လက်စသတ်စားလိုက်ပြီး ဆောင်းလောင်တို့ရှိရာ အိမ်ပြင်သို့ထွက်လာလေသည်။ မှုံလူထွက်လာသည်ကိုမြင်သည့်အခါ လီရှောင်လုံသည် သူ့လူများကို မျက်ရိပ်တစ်ချက်ပြလိုက်၏။

ဤတွင် လီရှောင်လုံနှင့်ပါလာသော သိုင်းသမားများသည် မှုံလူအား စက်ဝိုင်းပုံဝိုင်းရံထားလိုက်ကြလေတော့၏။

မှုံလူက ၄င်းတို့အား တစ်ချက်ဝေ့၍ အကဲခတ်လိုက်၏။

ပြီးနောက် မနီးမဝေးရှိ ဆောင်းလောင်နှင့်ယှဉ်လျက်ရပ်နေသော လီရှောင်လုံအား မျက်နှာချင်းဆိုင်လိုက်လေသည်။

"ခင်ဗျား ဘာကြောင့်ကျုပ်ကိုရန်မူချင်ရတာလဲ"

လီရှောင်လုံကိုတည့်တည့်ကြည့်ကာ မေးလိုက်သည်။

လီရှောင်လုံကဟက်ခနဲရယ်ကာ ....

"မင်းက တာ့စန်းအိဂိုဏ်းကိုအံတုချင်တာကိုးကွ"

မှုံလူက ပခုံးတွန့်ကာ ....

"ဒါတော့ကျုပ်မသိဘူး၊ ကျုပ်အလုပ်က ကျုပ်ကို အခကြေးငွေကောင်းကောင်းပေးပြီး အကူအညီတောင်းရင် ကျုပ်ဘက်ကလဲ အဲဒီလူကို အကောင်းဆုံး ကူညီဆောင်ရွက်ပေးရမှာပဲ မဟုတ်လား



တာ့စန်းအိဂိုဏ်းမကလို့ ဘာဂိုဏ်းကြီးဖြစ်နေနေ ကျုပ်အနေနဲ့ဂရုစိုက်နေမှာမဟုတ်ဘူး"

လီရှောင်လုံမှာ ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွား၏။

ဆောင်းလောင်ကမူ ခေါင်းတဆတ်ဆတ်ညိတ်ကာ ....

"ဟုတ်တယ် သူပြောတာ ထရားနည်းလမ်းကျတယ်"

ဆောင်းလောင်က မှုံလူဘက်မှ ဝင်ရောက်ထောက်ခံလိုက်သဖြင့် လီရှောင်လုံဒေါပွသွားသည်။

"ဘာတရားနည်းလမ်းကျရမှာလဲကွ၊ ငွေရရင် ပြီးရောဆိုပြီး တာ့စန်းအိဂိုဏ်းကိုအံတုရင် ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားမှာပေါ့"

ထိုစကားကြောင့် မှုံလူကဟက်ဟက်ပက်ပက်ရယ်လိုက်သည်။

ဘာလုပ်

ဆရာကြီး

လီရှောင်လုံ မကျေမနပ်ဖြစ်သွားပြီး ....

"မင်း ဘာရယ်တာလဲ"

ချောင်း

မှုံလူကအရယ်ရပ်ကာ ....

သူ့လူ

"ခင်ဗျား ကျုပ်တို့နဲ့ရန်ငြိုးရန်စရှိသလား"

လီရှောင်လုံသည် ခေါင်းအမ်းအမ်းဖြင့်ခေါင်းခါလိုက်၏။

"ဒါဖြင့် ခင်ဗျား ကျုပ်တို့နှစ်ယောက်ကို ဘာ့ကြောင့် ဖမ်းချင်ချင်ဖြစ်နေရတာလဲ"

"ပြောပြီးပြီလေ .... တာ့စန်းအိဂိုဏ်းက အကူအညီတောင်းလို့ပါဆို"

မှုံလူသည် ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟား .... ဟား .... ဟား .... ခင်ဗျားက တာ့စန်းအ ဝိုထ်းကပေးမယ့်ဆုငွေကိုမက်ပြီး ကျုပ်တို့ကိုဖမ်းဖို့ကြိုးစားနေတယ် ဆိုတာ ပေါင်ထိုက်ပြောပြလို့ကျုပ်သိပြီးပါပြီဗျာ"

လီရှောင်လုံမှာ ဘာမှပြန်မပြောနိုင်တော့ဘဲ ပါးစပ်ပိတ်သွား လေသည်။ မုံ့လူကဆက်ပြောလိုက်သည်။

"ဘာထူးသလဲ .... ခင်ဗျားလဲ ငွေရရင်ပြီးရောဆိုပြီး တရား သလား မတရားဘူးလားဆိုတာတောင် မစဉ်းစားတော့ဘူး၊ ခင်ဗျား အာ ကျုပ်ထက်တောင်ပိုဆိုးနေပြီ"

လီရှောင်လုံမျက်နှာရှုံ့သွားသည်။ ရှက်ဒေါသကြောင့် သူ မုံ့လူအားသည် နီရဲသွား၏။ သို့သော် ဘာတစ်ခွန်းမျှပြန်မပြော

မုံ့ဘင်ဘက်သို့လှည့်ကာ ....

ပြီးဲ့ ဆောင်းလောင် မင်းကကော ဘယ်လိုလဲ၊ ယင်းဆိုင်း သော လီ ထောက်မလား၊ မင်းမိတ်ဆွေဘက်ကရပ်မှာလား"

ဆောင်းလောင်ကရယ်လိုက်သည်။

"လောလောဆယ်တော့ ကျုပ်က ပွဲကြည့်ပရိသတ်ပါပဲ၊ ဒ မယ့် မျက်စိထဲနောက်လာရင်တော့ ....

သူစကားပင်မဆုံးသေးပါ။

လီရှောင်လုံက ယင်သားများကိုလက်ဝှေ့ယမ်းပြပြီး သူကိုယ် တိုင် ဦးဆောင်တိုက်ခိုက်လေတော့၏။ သူသည် ဓားကိုလျှပ်တစ်ပြက် ဆွဲထုတ်ပြီး မုံ့လူထံခုန်ဝင်တိုက်ခိုက်လိုက်ခြင်းဖြစ်၏။ မုံ့လူကလည်း အသင့်ပြင်ထားပြီးဖြစ်ရာ လီရှောင်လုံ ရုတ်တရက်တိုက်ခိုက်လာ



သည်နှင့် နောက်သို့အသာယိမ်း၍ရှောင်ပြီး သူ့အား ဝိုင်းရံထားသည့် သိုင်းသမားများကို ဦးစွာ ကျာပွတ်နှင့်တစ်ချက်ဝှေ့ယမ်းလိုက်၏။

"ရွှမ်း ...."

ဝိုင်းရံထားသူများ ထိတ်လန့်တကြားဖြင့် နောက်သို့ရုံခနဲခုန် ဆုတ်သွားကြလေသည်။ ထိုအချိန်တွင် သိုင်းသမားလေးယောက်က ဘင်းလျှံအားဖမ်းချုပ်ရန် အိမ်ပျက်ထဲပြေးဝင်သွားကြသည်။

ဆောင်းလောင်က ရုတ်တရက်လေထဲခုန်တက်ပြီး ၎င်းတို့၏ ရှေ့မှပိတ်ဆို့ဟန့်တားလိုက်သည်။

"မင်းတို့ မိန်းကလေးဆီသွားစရာမလိုဘူး"

ထိုသိုင်းသမားလေးယောက်မှာ တုံ့ခနဲရပ်သွားပြီး ဘာလုပ် ရန်မသိအောင်ဖြစ်သွားကြသည်။ ထို့ကြောင့် ၎င်းတို့၏ဆရာကြီး ရှောင်လုံကိုလှမ်းကြည့်လိုက်ကြသည်။

လီရှောင်လုံသည် မုံ့လူအား တိုက်ခိုက်ရန် အကွက်ချောင်း နေရာမှ ထိုဖြစ်ရပ်ကိုမြင်လိုက်ရသည့်အခါ ဒေါသတကြီးဖြင့် သူ့လူ များအားအော်ပြောလိုက်လေတော့၏။

"ဟေ့ .... တို့အလုပ်ကိုဝင်ရှုပ်ရင် ဘယ်သူဖြစ်ဖြစ် အလွတ် မပေးနဲ့၊ တိုက်သာတိုက်"

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလောင်သည် မည်သည့်ဘက်မှမပါဘဲ ကြားမှလက်ပိုက်ကြည့်နေမည်ဟု မူလကဆုံးဖြတ်ထားခဲ့သည်။ သို့သော် မှုံလှတာဝန်ယူစောင့်ရှောက်လာသည့်မိန်းကလေးကိုမူ ဘာမှမဖြစ်စေပါ။ ထို့ကြောင့် လီရှောင်လုံ၏သိုင်းသမားလေးယောက် မိန်းကလေးထံသွားရန် ဟန်ပြင်သည့်အခါ ကြားမှဝင်ရောက်ဟန့်တားလိုက်ခြင်းသာဖြစ်သည်။

ထိုသို့ဟန့်တားသည်ကို လီရှောင်လုံက မှုံလှဘက်မှဝင်က သည်ဟုထင်သွားပုံရသည်။ ထို့ကြောင့် ဆောင်းလောင်ကိုပါတိုက်ခိုက်ရန်အမိန့်ပေးလိုက်ခြင်းဖြစ်သည်။

ဆောင်းလောင်က သဘောကျစွာရယ်လိုက်သည်။

သူကား စိန်ခေါ်လျှင် တိမ်ပေါ်အထိ တက်လိုက်ရန်ဝန်လေးသူ မဟုတ်ချေ။ သိုင်းသမားလေးယောက်ကိုဝေ့ကြည့်လိုက်ပြီး ....

"ဟင်း .... ဟင်း .... စကြာဓားဆိုတာ မင်းတို့ နည်းနည်းမကြားဖူးဘူးထင်တယ်"

ပြောပြောဆိုဆိုပင် ဆောင်းလောင်သည် ဓားကိုရှမ်းခနဲတစ်ချက်ဝေ့ယမ်းလိုက်ရာ .....

"အား ...."

စူးစူးဝါးဝါးအော်ဟစ်သံနှင့်အတူ သိုင်းသမားလေးယောက်ထဲမှတစ်ယောက်သည် ရင်ဘတ်ကိုလက်ဝါးဖြင့်အုပ်လျက်လဲကျသွားလေတော့၏။ ထိုအချိန်တွင် လီရှောင်လုံသည် မှုံလှအား တရကြမ်းတိုက် ခိုက်လျက်ရှိနေပြီဖြစ်ရာ ....



သူလူများကို ကောင်းစွာအာရုံမစိုက်နိုင်တော့ချေ။

သူလူလေးယောက်သည် ပထမတန်းသိုင်းသမားများဖြစ်၍ ဆောင်းလောင်ကို ကောင်းစွာသုတ်သင်နိုင်လိမ့်မည်ဟု ယုံကြည်ထားသောကြောင့်ဖြစ်သည်။

သို့သော် မကြာမီမှာပင် ....

"အား ...."

စူးစူးဝါးဝါးအော်သံကြီးတစ်သံ ထပ်မံထွက်ပေါ်လာပြန်သည့်အခါ သူသည် မနေနိုင်နိုင်တော့ဘဲ မှုံလှအားတိုက်ခိုက်နေရာမှ စောင်း၍ကြည့်လိုက်မိ၏။ ဆောင်းလောင်အား ဝိုင်းဝန်းတိုက်ခိုက်နေကြသူများထဲမှ နောက်ထပ်တစ်ယောက် ထပ်မံလဲကျသွားသည်ကို တွေ့မြင်လိုက်ရပြန်လေသည်။

လီရှောင်လုံ အကြီးအကျယ်ဒေါသပွသွားတော့၏။ သူသည် အံတင်းတင်းကြိတ်ကာ မှုံလှအားတရကြမ်းဖိ၍တိုက်ခိုက်လေတော့သည်။ သူ၏သိုင်းပညာသည် ထိပ်တန်းအဆင့်တွင်ရှိရာ ဓားချက်တိုင်းသည် ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ပြင်းထန်ထက်မြက်နေပေသည်။

သူသည် ဓားကိုစုံကိုင်ပြီး နဂါးတိမ်ဖောက်သိုင်းကွက်ဖြင့် မှုံလှ၏ဦးခေါင်းကို တစ်ရှိန်ထိုးထိုးသွင်းလိုက်၏။ ဤသိုင်းကွက်ကား အသိမ်းသိုင်းကွက်ပင်ဖြစ်၏။ ရန်သူအတော်များများသည် ဤသိုင်းကွက်အောက်မှာပင် အသက်ပျောက်သွားခဲ့ရသည်ချည်းဖြစ်သည်။

သို့သော် ....

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ကြိမ်တွင်မူ သူ၏ဖွဲ့သိမ်းဓားချက်သည် အချည်းနှီးဖြစ်ခဲ့ရလေသည်။ မုံ့လူသည် သူ၏ဓားချက်ကို မြွေတစ်ကောင်လို တွန့်လိမ်လျက် ရှောခနဲရှောင်ထွက်သွားသောကြောင့်ဖြစ်၏။

တစ်ဆက်တည်းပင် .....

မုံ့လူသည် ကျားပွတ်ကိုတစ်ချက်ဝေ့ယမ်းလိုက်ရာ ကျားပွတ်အဖျားသည် လီရှောင်လုံ၏ရင်ဘတ်အားရှပ်ထိသွား၏။

"ဗြို ....."

ရင်ဘတ်နေရာရှိအင်္ကျီစမှာ ဓားနှင့်ထိုးခွဲခံလိုက်ရသလို စုတ်ပြဲသွားလေသည်။ လီရှောင်လုံထိတ်ခနဲဖြစ်သွား၏။ မုံ့လူကိုလည်း အထင်မသေးဝံ့ဘဲဖြစ်သွားတော့သည်။

သူ၏သိုင်းသမားဘဝသက်တမ်းတစ်လျှောက်လုံး၌ တစ်ကြိမ်တစ်ခါမျှ ဒဏ်ရာရခဲ့ဖူးသည်မဟုတ်ပါ။ ယခုတစ်ကြိမ်သာ ပထမဦးဆုံး ဒဏ်ရာရဖူးခြင်းဖြစ်သည်။

ထို့ကြောင့် သူ့အား ဒဏ်ရာရအောင်တိုက်ခိုက်နိုင်ခဲ့သည့် မုံ့လူကို အထင်မသေးဝံ့တော့ခြင်းဖြစ်လေသည်။

ထိုစဉ် .....

"အား ....."

အော်သံတစ်ချက် ထပ်မံထွက်ပေါ်လာပြန်ရာ လီရှောင်လုံ ကွက်ခနဲမျက်နှာပျက်သွားသည်။ ထိတ်လန့်တကြားဖြင့် လှမ်းကြည့်လိုက်သည့်အခါ ဆောင်းလောင်အား ဝိုင်းဝန်းတိုက်ခိုက်နေကြသူများထဲမှ နောက်တစ်ယောက်ထပ်မံလဲကျသွားသည်ကိုတွေ့လိုက်ရ၏။



လီရှောင်လုံမှာ မှန်းချက်နှင့်နှမ်းထွက်မကိုက်ဘဲဖြစ်လာသဖြင့် အကြီးအကျယ်ဒေါသထွက်လာလေတော့သည်။

သို့သော် .... မုံ့လူနှင့်ဆောင်းလောင်တို့အား မိမိ၏လက်ရှိအင်အားနှင့်ယှဉ်နိုင်မည်မဟုတ်သည်ကို နားလည်သဘောပေါက်သဖြင့် ဒေါသကိုပြန်လည်မျိုသိပ်ထားလိုက်ရသည်။

ယခုအခြေအနေအတိုင်းသာ ဆက်လက်တိုက်ခိုက်နေလျှင် တဖြည်းဖြည်းနှင့်အမှည့်ခြွေ ခြွေသလို လုံးပါး ပါးပေတော့မည်။

ထို့ကြောင့် အခွင့်ကောင်းဖန်တီး၍ ထိုနေရာမှအမြန်ထွက်ခွါရန်ဆုံးဖြတ်လိုက်လေသည်။

သို့ဖြင့် လီရှောင်လုံသည် အခွင့်ကောင်းကိုစောင့်နေခဲ့ရာ တစ်ချီတွင် ကျားပွတ်ရိုက်ချက်ကိုတိမ်းရှောင်ရင်း ခါးကြားမှဓားမြှောင်တစ်လက်ကို ရုတ်တရက်ဆွဲထုတ်ကာ ဆောင်းလောင်ထံပစ်ပေါက်လိုက်၏။

ဓားသည် အရှိန်နှင့်ပစ်လွှင့်သွား၏။

"ဝှီး ....."

ဆောင်းလောင်မှာ ရန်သူနှင့်သဲသဲမဲမဲတိုက်ခိုက်နေသဖြင့် လီရှောင်လုံထံမှဓား ဝင်ရောက်လာသည်ကိုသတိမပြုမိပေ။

ထို့ကြောင့် ဓားသည် ဆောင်းလောင်၏ညာဘက် လက်မောင်းသို့စိုက်ဝင်သွားလေသည်။ ဆောင်းလောင်မှာ ဆက်လက် မတိုက်ခိုက်နိုင်တော့ဘဲ ကမန်းကတန်းရှောင်တိမ်းကာ ဓားနှင့်ပစ်သူကိုလှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လီရှောင်လုံ၏လက်ချက်မှန်း သိလိုက်ရသည်။

ဆောင်းလောင် ဒေါသတကြီးဖြင့်သွားရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ထိုအချိန်တွင် လီရှောင်လုံသည် သူ၏လူများကို အချက်ပြကာ မြင်းပေါ်ခုန်တက်ပြီး ဒုန်းစိုင်းနှောင်းနှင်ထွက်ခွာသွား လေတော့၏။

✦✦✦

## ထောင်ချောက်

လီရှောင်လုံနှင့်သူ့အဖွဲ့သားများ ထွက်ခွာသွားကြပြီဖြစ်၏။ စောစောကဆူညံပွက်လောရိုက်နေခဲ့သောပတ်ဝန်းကျင်သည် ယခု အခါ တိတ်ဆိတ်ငြိမ်သက်သွားပြီဖြစ်သည်။

ကျင်းလျှံသည် ဓားဒဏ်ရာရသွားသောဆောင်းလောင်၏ သက်ကို အဝတ်စဖြင့်ပတ်တီးစည်းပေးလိုက်သည်။

မုံ့လူက စိတ်မကောင်းဟန်ဖြင့် ဆောင်းလောင်ကိုကြည့်ကာ ပြောလိုက်သည်။

"ကျုပ်နဲ့ပတ်သက်ပြီး ခင်ဗျား ဒီလိုဖြစ်ရတာ ကျုပ်စိတ်မ ကောင်းပါဘူးဗျာ"

ဆောင်းလောင်က အသံအယာပြုံးပြရင်း ....

"ကိစ္စမရှိပါဘူးကွာ၊ မင်းတောင် ငါ့နှမကိုအသက်စွန့်ပြီး ကယ် သေးတာပဲ"

"ဒါ .... ဒါကတော့ဗျာ"

မုံ့လူ ဘာဆက်ပြောရမှန်းမသိဘဲ ခေါင်းငုံ့ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျင်းလျှံထံမှစကားသံထွက်လာ၏။

"မုံလူ ဒီအစ်ကိုကြီးကို သခင်တော်တစ်ယောက်ယောက်ဆီ ခေါ်သွားရင် ကောင်းမယ်ထင်တယ်"

စိုးရိမ်မကင်းသံဖြင့် ကျင်းလျှံကပြောလိုက်ခြင်းဖြစ်သည်။

ချိုသာနူးညံ့ပျောင်းသော ထိုစကားသံကြောင့် ဆောင်းလောင်သည် အသာခေါင်းမော့ကြည့်လိုက်မိ၏။ ထိုအခါမှ ကျင်းလျှံသည် လွန်စွာ ချောမောလှပသောမိန်းကလေးဖြစ်ကြောင်း သတိပြုမိတော့သည်။ စိုးရိမ်မကင်းဟန်ဖြင့် သူ့အားလှမ်းကြည့်နေသော သူမ၏မျက်ဝန်းအစုံသည် တစ်ဖက်သားအား အလိုလိုတိမ်းညွတ်လာစေလောက်အောင် ဆွဲဆောင်မှုအပြည့်ရှိကြောင်းခံစားလိုက်ရသည်။

ဆောင်းလောင်သည် သက်ပြင်းတဟ်ချက်ချလိုက်ပြီး ....

"ကျုပ်အတွက် ဘာမှမစိုးရိမ်ပါနဲ့ဗျာ၊ ခင်ဗျားတို့သွားရမယ့်လမ်း ဖြောင့်ဖြောင့်ဖြူးဖြူးဖြစ်ဖို့ပဲအရေးကြီးပါတယ်"

ကျင်းလျှံကစိတ်မကောင်းဟန်ဖြင့် ....

"ကျွန်မတို့အတွက် ရှင်ခုလိုဖြစ်တာ ကျွန်မတကယ့်ကို စိတ်မကောင်းပါဘူးရှင်"

ဆောင်းလောင် သက်ပြင်းတစ်ချက်ချလိုက်သည်။ ပြီးမှ...

"ကိစ္စမရှိပါဘူးဗျာ .... ကျုပ်နှမမျက်နှာကိုမြင်ယောင်ပြီး သူ့ကိုစောင့်ရှောက်ရမယ့်တာဝန်ရှိနေလို့ပါ"

ထိုသို့ပြောပြီးနောက် ဆောင်းလောင်သည် တစ်ဘက်သို့လှည့်နေလိုက်တော့သည်။



ကျင်းလျှံမှာ သူ့စကားအဓိပ္ပါယ်ကို နားမလည်သော်လည်း သူတို့မောင်နှမနှင့်မုံလူတို့သည် တစ်နည်းနည်း ဆက်စပ်ပတ်သက်မှု ရှိခဲ့လိမ့်မည်ဟု နားလည်လိုက်လေသည်။

ဆောင်းလောင်၏နှမနှင့် မုံလူတို့ ချစ်သူများဖြစ်ခဲ့လေသလား။ မဆီမဆိုင်တွေးရင်း သူမ၏စိတ်ထဲ၌တစ်မျိုးဘဝမည်ခံစားလိုက်ရသည်။ ဘာ့ကြောင့် သည်လိုတွေးပြီးစိတ်လှုပ်ရှားသွားရသည်ကို ကိုယ့်ကိုယ်ကိုပင် နားမလည်နိုင်အောင်ဖြစ်သွားရတော့သည်။

ဆောင်းလောင်သည် တစ်ဘက်သို့လှည့်နေရာမှ မုံလူ၏ လက်မှကင်းခြေများအကိုက်ခံထားရသည့်ဒဏ်ရာကို သတိရလာသည်။ ထို့ကြောင့် မုံလူ၏လက်ကိုလှမ်းကြည့်လိုက်ပြီး ....

"ဒါနဲ့ မင်းလက်ကဒဏ်ရာအတွက် ယင်းဆိုင်နဲ့တွေ့ရဦးမှာ ပေါ့တော့လား"

ဟုမေးလိုက်သည်။ မုံလူခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်"

"ဒါဆို ဘာလို့အချိန်ဖြုန်းနေတာလဲ၊ ယင်းဆိုင်ဟာ မင်းပေးလိုက်တဲ့ဒဏ်ရာကြောင့် ထိုက်စံကျော့တောင်ကုန်းမှာပဲ ရှိနေလိမ့်မယ်၊ အဲဒီကို မင်းအမြန်လိုက်သွားပေတော့"

မုံလူ ဘာမှပြန်မပြောနိုင်မီမှာပင် ကျင်းလျှံကကြားဖြတ်ဝင်ပြောလိုက်သည်။

"ဒီလိုလုပ်ပါလား၊ ယင်းဆိုင်ဟာ သူ့ဒဏ်ရာကို သခင်တော်တစ်ယောက်ယောက်နဲ့ အဲဒီတောင်ကုန်းမှာကုနေမှာပဲ၊ မုံလူကရော

www.burmeseclassic.com

www.burmeseclassic.com



ယင်းဆိုင်နဲ့တွေ့ရအောင်သွားမှာဆိုတော့ အဲဒီမှာရှိတဲ့သမားတော်နဲ့ ရှင့်ဒဏ်ရာကိုကုရအောင် ရှင်ပါ ကျွန်မတို့နဲ့လိုက်ခဲ့ပါလား၊ အတူတူသွားကြရအောင်လေ"

ကျင်းလျှံ၏စကားကို မုံ့လူကထောက်ခံသည်။

"ဟုတ်တယ် .... ခင်ဗျားပါလိုက်ခဲ့ရင် ပိုကောင်းမယ်"

ထိုသို့ပြောပြီးနောက် မုံ့လူသည် ဆောင်းလောင်၏သဘောထားကိုမေးမနေတော့ဘဲ ခရီးဆက်ရန်မြင်းကိုပြင်တော့သည်။

ဆောင်းလောင်အတွက်လည်း သေဆုံးသွားသည့် ရန်သူ၏မြင်းတစ်ကောင်ကို ဆွဲယူပြင်ဆင်ပေးလိုက်လေသည်။ ထို့နောက်သုံးယောက်သား မြင်းပေါ်တက်ကာ ထိုက်စံကျော့တောင်ကုန်းဆီသို့ဦးတည်ထွက်ခွာသွားကြလေတော့၏။

✦✦✦

မုံ့လူတို့သုံးယောက် ထိုက်စံကျော့တောင်ကုန်းသို့ ရောက်သည့်အခါ နေလုံးကြီးသည် အနောက်တောင်စွယ်သို့ ငုတ်လျှိုးဝင်ရောက်စပြုနေပြီဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ရိပ်ပင် သမ်းနေလေပြီ။ မုံ့လူတို့သုံးယောက်သည် တောင်ကုန်းပေါ်ရှိ လျှို့ဝှက်စွာတည်ရှိနေသော ဂူတစ်ဂူရှေ့သို့ရောက်ရှိလာကြသည်။

ဆောင်းလောင်သည် ဂူထဲသို့ ရှေ့မှဦးဆောင်ဝင်ရောက်သွားလေသည်။ ဂူထဲသို့အတန်ကြာဝင်ရောက်မိသည့်အခါ ပိတ်ထားသည့်



တံခါးကြီးတစ်ချပ်ကိုတွေ့မြင်လိုက်ရ၏။ ဆောင်းလောင်က တံခါးကိုဆုလိုက်သည်။ ထိုအခါ တံခါးမကြီး၏လူကြည့်ပေါက်မှ မျက်လုံးနှစ်လုံးကိုမြင်လိုက်ရသည်။ အထဲမှလူက တံခါးပေါက်လေးမှ ဆောင်းလောင်တို့အားကြည့်၍ ....

"ဘာကိစ္စလဲ၊ ဘယ်ကလဲ"

ဆောင်းလောင်က ထိုအပေါက်ကလေးကိုကြည့်၍ ....

"ယင်းဆိုင်ရဲ့မိတ်ဆွေပဲ၊ သူနဲ့တွေ့ချင်လို့"

အထဲမှအသံသည် တိတ်ဆိတ်သွားပြီး တံခါးပေါက်အသေးလေးသည်လည်း ပြန်ပိတ်သွား၏။ တစ်ခဏမျှကြာသောအခါ တံခါးမကြီး၏ဖွင့်သံကိုကြားရပြီး တံခါးကြီးသည်ပွင့်သွားသည်။

တံခါးစောင့်သည် လက်နှစ်ဖက်ဆုပ်၍ ဆောင်းလောင်အားအရိုအသေပေးလိုက်သည်။

"ဆရာယင်းဆိုင် အတွင်းထဲမှာ ဆေးကုသနေပါတယ်၊ သူ့ဆီကိုဝင်လာခဲ့ဖို့ပြောပါတယ်"

သူတို့သုံးဦးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ မုံ့လူက ယင်းဆိုင်သည် သူတို့သုံးဦးကို ဤအဆောက်အအုံထဲတွင်ပိတ်၍ဖမ်းဆီးတော့မည်ကို စိုးရိမ်သွားမိသည်။

ဆောင်းလောင်ကလည်း ထိုသို့ပင် တွေးမိလိုက်လေသည်။ ဆောင်းလောင်က ခဏမျှစဉ်းစားလိုက်ပြီး ....

"သူဟာ ကျုပ်နဲ့ရင်းနှီးတဲ့မိတ်ဆွေပဲ၊ ဒီလောက်တော့ ကျုပ်တို့အပေါ် အကောက်ကြံမယ်မထင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုသို့ပြောပြီး အခန်းတွင်းသို့ ရှေ့မှဦးဆောင်သွားလေတော့သည်။ မုံ့လူနှင့်ကျင်းလျှံကလည်း ဆောင်းလောင်၏နောက်မှ သတိကြီးစွာဖြင့်ဝင်လိုက်သွားကြပေတော့သည်။

✦ ✦ ✦

အခန်းထဲတွင် ယင်းဆိုင်သည် သမားတော်ကြီးနှင့်အတူ သူ၏ဒဏ်ရာအားဆေးကုသနေသည်ကို တွေ့လိုက်ရလေသည်။

သူ၏မျက်နှာမှ ကန့်လန့်ဖြတ်ဒဏ်ရာကြီးသည် တည်းခိုခန်း၌ သူက ကင်းခြေများထည့်ထားသောအိုးကို မုံ့လူ၏ကိုယ်ပေါ်သို့ သွန်ချလိုက်သည်တွင် မုံ့လူက ကျာပွတ်ဖြင့် ပြန်လည်လှမ်းရိုက်လိုက် သဖြင့် ရရှိခဲ့သောဒဏ်ရာဖြစ်သည်။

ယခု သူသည် ထိုဒဏ်ရာကိုကုသနေရင်းမှ အစောင့်တစ်ဦးက သူ့အား ဆောင်းလောင်ကတွေ့ချင်သည်ဟုလာပြောသဖြင့် သူက အခြားဘယ်သူတွေပါသေးသလဲဟု အစောင့်အားမေးလိုက်သည်။ ထိုအခါ အစောင့်က အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ပါ ပါလာသည့်အပြင် ထိုသူနှစ်ယောက်၏ပုံသဏ္ဌာန်ကိုပါ ပြောပြလိုက်သည်။

ယင်းဆိုင်မှာ အံ့ဩဝမ်းသာသွားလေတော့၏။

သူသည် နံနက်ပိုင်းက လီရှောင်လုံအား ဆောင်းလောင်နှင့် တွေ့ရန်အတွက် အိမ်ပျက်ကြီးဆီသို့စေလွှတ်လိုက်ခြင်းဖြစ်သည်။



ထိုအိမ်ပျက်ကြီး၌ လီရှောင်လုံနှင့် ရန်သူသုံးယောက်တို့ တွေ့ဆုံတိုက်ခိုက်ကြသည်ဟု သတင်းရရှိလိုက်သည်။

ထို့နောက် လီရှောင်လုံအရေးနိမ့်ပြီး သူ၏နေအိမ်သို့ပြန်သွားသည်ဟု ငယ်သားတစ်ယောက်ထံမှသိရှိခဲ့ရသည်။

လီရှောင်လုံအား ဝိုင်းဝန်းတိုက်ခိုက်သူမှာ ဆောင်းလောင်၊ မုံ့လူနှင့်ကျင်းလျှံတို့ဖြစ်သည်ဟုလည်း သိခဲ့ရသည်။ ယခု သူ့ထံသို့ ဆောင်းလောင်နှင့်မုံ့လူကော ကျင်းလျှံပါ သုံးယောက်စလုံးရောက်ရှိလာသည်ဟုကြားသိလိုက်ရသောအခါ သူ့အကြံနှင့်သူ ဝမ်းသာသွားလေတော့၏။

ထို့ကြောင့် သူသည် အစီအစဉ်တစ်ခုကို အမြန်ဆုံးပြုလုပ်လိုက်ပြီး ဆောင်းလောင်တို့အား သူ့ထံသို့လာရောက်ရန် ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။ မကြာမီ လူသုံးယောက်သည် သူ့ထံသို့လျှောက်လှမ်းလာသည်ကိုတွေ့လိုက်ရလေ၏။ ဝင်လာသော လူသုံးယောက်မှာ သူထင်ထားသည့်အတိုင်း ဆောင်းလောင်၊ မုံ့လူနှင့်ကျင်းလျှံတို့ဖြစ်၏။

ဆောင်းလောင်သည် ခုတင်တစ်လုံးပေါ်တွင် လဲလျောင်းနေသော ယင်းဆိုင်၏အနီးသို့လျှောက်သွားကာ ဦးညွှတ်၍အရိုအသေပေးလိုက်လေသည်။

"ခင်ဗျား ဒဏ်ရာရနေတယ်လို့ လီရှောင်လုံဆီကကြားခဲ့ရတယ်၊ ကျုပ်စိတ်မကောင်းပါဘူး"

ယင်းဆိုင်သည် အံကိုတင်းတင်းတစ်ချက်ကြိတ်လိုက်ပြီး ခပ်လှမ်းလှမ်းတွင်ရပ်နေကြသော မုံ့လူအားလှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ်ဒဏ်ရာရနေတာ ဟိုမှာရပ်နေတဲ့မှဲ့လူရဲ့ လက်ချက်ပေါ့၊ ဒီကောင့်ကို ငါဘယ်တော့မှမကျေဘူး"

ဆောင်းလောင်ကပါ မှဲ့လူကိုလှည့်ကြည့်လိုက်ပြီး ရယ်မောလိုက်သည်။ ထို့နောက် သူသည် ဒဏ်ရာရနေသောယင်းဆိုင်အနီး၌ ဝင်ထိုင်လိုက်သည်။

"သူနဲ့ခင်ဗျားက ရန်ငြိုးရှိနေလို့လား"

ယင်းဆိုင်သည် ခပ်လှမ်းလှမ်း၌ရပ်နေသော မှဲ့လူနှင့်ကျင်းလျှံတို့နှစ်ယောက်ကိုတစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် သူသည် ဆောင်းလောင်အား သူ့အနားသို့ခေါ်၍ နှစ်ကိုယ်ကြား တီးတိုးစကားပြောဆိုလေသည်။

ဆောင်းလောင်က ယင်းဆိုင်ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့်နားထောင်နေ၏။ ယင်းဆိုင်ကလည်း ပြုံးသည့်အခါပြုံး၍ မဲ့သည့်အခါမဲ့ပြီး ဆောင်းလောင်အားပြောကြားနေပေသည်။ မှဲ့လူနှင့်ကျင်းလျှံသည် သူတို့နှစ်ယောက်အား အကဲခတ်ကြည့်နေမိသည်။ သူတို့၏ပြောစကားများကိုတော့မကြားရပါ။ ယင်းဆိုင်နှင့် ဆောင်းလောင်တို့၏ ရင်းနှီးခင်မင်မှုကိုလည်းတွေ့လိုက်ရသဖြင့် သူတို့အံ့ဩနေမိသည်။ အကယ်၍ သူတို့နှစ်ယောက်၏ပြောစကားများကို မှဲ့လူနှင့်ကျင်းလျှံသာကြားမိခဲ့လျှင် ပို၍အံ့ဩထိတ်လန့်ကုန်မည်မလွဲပေ။

✦✦✦



ယင်းဆိုင်နှင့်ဆောင်းလောင်မှာ သိုင်းလောကတွင် တစ်နှစ်ခည်း၌နာမည်ကျော်ကြားလာကြသော သိုင်းသမားနှစ်ယောက် ဖြစ်ကြသည်။ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် လွန်စွာမှ ချစ်ခင်ရင်းနှီးကြသည်။

တစ်ယောက် အရေးကြုံလာခဲ့လျှင် ကျန်တစ်ယောက်ကိုခေါ်၍အကူအညီတောင်းတတ်ကြသည်အထိ ရင်းနှီးချစ်ခင်ကြ၏။

သို့သော် သူတို့နှစ်ယောက်မှာ လူများအပေါ်တွင် မည်သည့်အခါမှ မတရားမလုပ်ကြပါ။ ထို့ကြောင့် အဖြူရောင်သိုင်းသမားနှစ်ဦးဟု၍ တချို့က လေးစားချစ်ခင်ကြသော်လည်း အနက်ရောင်သိုင်းသမားများကမူ သူတို့အား လွန်စွာမှမုန်းတီးကြပေသည်။

တကယ်တော့ ယင်းဆိုင်သည် တာ့စန်းအိဂိုဏ်း၏ သိုင်းလောကတစ်ခုလုံးအား စိုးမိုးခြယ်လှယ်လိုသောရည်ရွယ်ချက်ကို လွန်စွာမုန်းတီးသူတစ်ဦးဖြစ်ပါသည်။

သို့သော် ဤကိစ္စ၌ သူအား လီရှောင်လုံက တာ့စန်းအိဂိုဏ်းထွက်ပြေးလာသောမိန်းကလေးကိုဖမ်းဆီးပြီး ပြန်ပို့ပေးနိုင်လျှင် ဆုငွေမြောက်မြားစွာရရှိမည်ဟုပြောလာသဖြင့် သူသည် ထိုထွက်ပြေးလာသောမိန်းကလေးအားဖမ်းဆီးပြီး တာ့စန်းအိဂိုဏ်းအား အကျပ်ကိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ပေသည်။

ယင်းကိစ္စကြောင့် သူသည် ဆောင်းလောင်အား ချိန်းဆို၍အကူအညီတောင်းလိုက်ခြင်းဖြစ်သည်။ ယခု သူသည် ဆောင်းလောင်အားတီးတိုးပြောနေသည်မှာ ထိုအကြောင်းများပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလောင်ခေါ်လာသော မှုံလွှနှင့်ကျင်းလျှံအား ဖမ်းဆီးနိုင်ရန် လက်ရွေးစင်သိုင်းသမားများနှင့် လေးပစ်ကျွမ်းကျင်သောသိုင်းသမားများပင် ဤအခန်းတွင်း၌ အဆင်သင့်မြင်ဆင်ထားပြီးဖြစ်၍ ယခု သူက ဆောင်းလောင်၏သဘောထားကို တောင်းခံနေခြင်းဖြစ်ပေသည်။

ဆောင်းလောင်သည် ယင်းဆိုင်၏ထီးတိုးပြောနေသောစကားဆုံးသွားသည်နှင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ ထို့နောက် သူသည် ယင်းဆိုင်၏အနီးမှထလာပြီး မှုံလွှနှင့်ကျင်းလျှံရှိနေသောနေရာသို့ လျှောက်လာကာ စားစရာများတင်ထားသောစားပွဲဆီသို့ လက်ညှိုးညွှန်ပြလိုက်လေသည်။

“ကဲ .... မင်းတို့နှစ်ယောက် ဟောဟိုစားပွဲမှာထိုင်ပြီး စားစရာတွေစားကြပါ။ ငါ့မိတ်ဆွေအတွက် ငါတာဝန်ယူပါတယ်”

သူတို့သည် ထိုသို့ပြောပြီးသည်နှင့် ယင်းဆိုင်အနီးသို့ ပြန်သွားကာ ....

“ဒီမှာယင်းဆိုင် .... မင်းရဲ့မိတ်ဆွေကြီး လီရှောင်လုံက စားလုမ်းပေါက်သွားလို့ ငါ့လက်မှာဒဏ်ရာရလာတယ်၊ မင်း ငါ့ကိုဆေးကုမပေးနိုင်ဘူးလား”

ယင်းဆိုင်က မျက်မှောင်ကုတ်လိုက်ပြီး ဆောင်းလောင်၏ဒဏ်ရာကိုကြည့်ကာ စိတ်မကောင်းဖြစ်သွားပုံရလေသည်။ ယင်းဆိုင်သည် လက်ခုပ်တစ်ချက်တီးလိုက်ရာ အခန်းတွင်းသို့ လူငယ်တစ်ယောက်ရောက်ရှိလာပေသည်။



ယင်းဆိုင်က ထိုဝင်ရောက်လာသောလူငယ်အား သမားတော်ကြီးကို အခေါ်ခိုင်းလိုက်လေသည်။

“ဒါနဲ့ ငါမေးပါရစေဦး၊ မင်းက သူတို့ကို ဘာလုပ်မယ် စိတ်ကူးထားသလဲ”

ယင်းဆိုင်သည် မှုံလွှတို့နှစ်ဦးအား လက်ညှိုးညွှန်၍ မေးလိုက်ခြင်းဖြစ်သည်။ ဆောင်းလောင်ကတစ်ချက်ပြုံးလိုက်သည်။

“သူတို့ဟာ သူတို့လမ်းကိုသူတို့ဆက်သွားမလို့ဘဲ၊ ဒါပေမဲ့ ...”

ဆောင်းလောင်သည် ပြောလက်စ စကားကို အဆုံးမသတ်သေးဘဲ မှုံလွှ၏ရောင်ကိုင်းနေသောလက်ကိုညွှန်ပြလိုက်လေသည်။

“သူမှာ မင်းလွှတ်လိုက်တဲ့ကင်းခြေများအကောင်က ကိုက်ထားလို့ မင်းဆီဖြေဆေးလာတောင်းတာ”

ယင်းဆိုင်သည် ဆောင်းလောင်၏ပြောစကားကိုကြားရသောအခါ သဘောကျစွာရယ်မောလိုက်လေသည်။

ဆောင်းလောင်ကမျက်မှောင်ကုပ်လိုက်ပြီး ....

“ခင်ဗျား ဘာရယ်တာလဲ”

ယင်းဆိုင်က ရယ်မောရာမှရပ်တန့်လိုက်ပြီး ....

“မင်းပြောတာကိုငါသဘောကျလို့ပါ”

ဆောင်းလောင်ကနားမလည်စွာဖြင့် ....

“ဘာကိုသဘောကျတာလဲ၊ ကျုပ်ပြောတဲ့အထဲမှာ ဘာတွေများ ရယ်စရာပါနေလို့လဲ”

ယင်းဆိုင်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရန်သူကို ငါကဖြေဆေးပေးရမှာလားကွ"

ဆောင်းလောင်က ယင်းဆိုင်အား သေချာစွာ စူးစိုက်ကြည့်လိုက်ပြီး ....

"ယင်းဆိုင် ခင်ဗျားနဲ့ကျုပ်ဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းပဲ၊ သူများအပေါ် ဘယ်တော့မှလဲ မတရားမလုပ်ခဲ့ဘူးမဟုတ်လား။ မှုလူကကော ခင်ဗျားအပေါ် ဘာတွေများမတရားလုပ်ခဲ့ဖူးလို့လဲ"

ယင်းဆိုင်က မဲ့ပြုံးပြုံးလိုက်ပြီး သူ၏မျက်နှာမှဒဏ်ရာကို လက်ညှိုးထိုးပြလိုက်သည်။

"ဒီမှာ ကြည့်လေကွာ၊ သူလုပ်လိုက်တာ"

ဆောင်းလောင်ကလည်း တစ်ချက်ပြုံးလိုက်ပြီး ....

"ဗျာဖြင့် ခင်ဗျားကလဲ နာမည်ကြီး သိုင်းသမားတစ်ယောက်ဖြစ်နေပြီး ဘာလို့ကောက်ကျစ်တဲ့အကြံနဲ့ သူ့ကိုကြံစည်ခဲ့ရတာလဲ"

ယင်းဆိုင်သည် ဆောင်းလောင်၏စကားကြောင့် အတန်ကြာတွေဝေသွားပြီးမှ ....

"ဒါတော့ကွာ၊ တည်းခိုခန်းမှာ ရုတ်ရုတ်သဲသဲ မဖြစ်စေချင်တာရယ်၊ နောက်ပြီး ကောင်မလေးကိုလဲ ဒဏ်ရာမရစေချင်တာရယ်ကြောင့်ပါ"

ဆောင်းလောင်က မဲ့ပြုံးပြုံးလိုက်သည်။

"သေသေချာချာစဉ်းစားကြည့်ရင် ခင်ဗျား မတရားတာ ...."

ယင်းဆိုင်က မည်သို့မျှပြန်မဖြေဘဲ ပါးစပ်ပိတ်ထားလိုက်သည်။ အတန်ကြာတိတ်ဆိတ်နေပြီးမှ ဆောင်းလောင်က ....



"ယင်းဆိုင် .... ခင်ဗျားဆီမှာအဆိပ်ဖြေဆေးရှိတယ်မဟုတ်လား၊ သူတို့ခရီးသွားစရာရှိသေးတယ်၊ ပေးလိုက်ပါကွာ"

"မင်းတို့ ငါခင်တာကတခြားပဲ၊ သူတို့ကို ငါဖြေဆေးလဲမပေးဘူး။ ဘယ်နည်းနဲ့မှလဲ ဒီကနေ ပြန်မလွတ်နိုင်ဘူး"

ထိုအချိန်မှာပင် အခေါ်လွှတ်လိုက်သော သမားတော်ကြီးက အခန်းတွင်းသို့ဝင်ရောက်လာလေတော့သည်။

✦✦✦

သမားတော်ကြီးသည် ဆောင်းလောင်၏လက်မောင်းမှဒဏ်ရာအား ဆေးဝါးများထည့်၍ကုသပေးနေ၏။ မှုလူနှင့်ကျင်းလျှံတို့လည်း ဘာမှမဖြစ်သကဲ့သို့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ စားပွဲခုံမှ အစားအစာများကိုသာ အားပါးတရစားသောက်နေကြလေသည်။

ထိုအချိန်မှာပင် မမျှော်လင့်သောအဖြစ်တစ်ခုက ချက်ချင်းဖြစ်ပေါ်လာလေတော့သည်။

ယင်းဆိုင်သည် မည်ကဲ့သို့ စိတ်ကူးပေါက်သွားသည်မသိ လက်ခုပ်တီး၍ အချက်ပေးလိုက်ရာ ဓားကိုင်ထားသော သိုင်းသမားခြောက်ယောက်နှင့် လေးမြားများကိုအဆင်သင့်တပ်ဆင်ထားသော လေးသမားငါးယောက် အခန်းတွင်းသို့ဝင်ရောက်လာပြီး မှုလူနှင့်ကျင်းလျှံတို့၏စားပွဲအား ဝိုင်းထားလိုက်ကြလေသည်။

ဆေးဝါးထည့်၍ ပြီးသွားပြီဖြစ်သော ဆောင်းလောင်သည်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြင်းအရာကိုမြင်လိုက်ရသည်နှင့် သူ၏ဓားကိုဆွဲထုတ်ကာ ယင်းဆိုင်အနီးသို့ ခုန်ပျံ၍ရောက်ရှိသွားလေသည်။ သူသည် အိပ်ရာပေါ်တွင်လဲလျောင်းနေသော ယင်းဆိုင်၏လည်ပင်းအား သူ၏ဓားနှင့် ချိန်ရွယ်ကာ အသံကျယ်လောင်စွာဖြင့် မုံလှူတို့အားဝိုင်းရံထားသော သိုင်းသမားများအား အော်ပြောလိုက်လေသည်။

"ဖော့ကောင်တွေ ဒီမှာကြည့်၊ အဲဒီညော့သည်တွေကို တစ်စုံတစ်ခုလုပ်လိုက်တာနဲ့ မင်းတို့ဆရာကိုလဲ ငါကသတ်ပစ်လိုက်ပြီသာ အောက်မေ့လိုက်တော့"

မုံလှူတို့အားဝိုင်းထားသော သိုင်းသမားများသည် ဆောင်းလောင်ဘက်သို့ လှည့်ကြည့်လိုက်ပြီး ယင်းဆိုင်၏လည်မျိုအား ဆောင်းလောင်က ဓားနှင့်ချိန်ရွယ်ထားသည်ကို မြင်လိုက်ရသဖြင့် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင်ဖြစ်သွားတော့သည်။ ယင်းဆိုင်မှာလည်း ဆောင်းလောင်၏ပြုမူပုံကိုအံ့အားသင့်ပြီး မျက်လုံးများပြူးကျယ်သွားလေသည်။ သူ၏ရင်းနှီးသောမိတ်ဆွေ ဆောင်းလောင်သည် သူ့အား ဤကဲ့သို့ပြုမူလာလိမ့်မည်ဟုလုံးဝမျှော်လင့်မထားပေ။ သူသည် ဆောင်းလောင်အား မယုံကြည်နိုင်စွာကြည့်ပြီး ....

"မင်းက ငါ့ထက် မုံလှူကိုပိုပြီးဂရုစိုက်တယ်ပေါ့"

ဆောင်းလောင်က လေသံအေးအေးဖြင့်ရှင်းပြလိုက်သည်။

"ခင်ဗျားနဲ့ကျုပ်ဟာ ဘယ်သူ့အပေါ်မှာ ဘယ်တုန်းကမှ မတရားမလုပ်ခဲ့ဖူးဘူး၊ အခုလဲ မုံလှူဟာအခကြေးငွေယူပြီး သူ့အလုပ်ဝတ္တရားကိုသူ ဆောင်ရွက်ပေးနေတာ၊ ခင်ဗျားနဲ့လဲ မပတ်သက်ဘူး



ကျုပ်နဲ့လဲ မပတ်သက်ဘူး၊ သူ့တို့ကိုဖမ်းပြီးမှ ခင်ဗျားအနေနဲ့ ဆုငွေရမယ်ဆိုရင် အဲဒီငွေကိုကျုပ်ပေးမယ်"

ယင်းဆိုင်မှာ ထိုစကားကြောင့် တွေဝေသွားတော့သည်။

သူသည် ဆောင်းလောင်အား အသေအချာကြည့်ကာ ....

"မင်းနဲ့ကျုပ်ဟာ ရင်းနှီးတဲ့မိတ်ဆွေတွေပါ"

ဆောင်းလောင်က ရယ်မောလျက် မုံလှူအား လက်ညှိုးညွှန်ပြလိုက်လေသည်။

"သူနဲ့ကျုပ်ဟာလဲ ရင်းနှီးတဲ့မိတ်ဆွေတွေပဲ"

ယင်းဆိုင်သည် အလွန်အံ့အားသင့်သွားပြီး ....

"သူက မင်းနဲ့လဲ ရင်းနှီးတယ်ဟုတ်လား"

ဆောင်းလောင်က ခေါင်းညိတ်လိုက်သည်။

"လျှာနှစ်ခွမြွေပွေးမုံလှူဆိုတာ ကျုပ်ညီမလေးရဲ့အသက်နဲ့ အရှက်ကို ကာကွယ်ပေးခဲ့တဲ့လူတစ်ယောက်ပါ"

ယင်းဆိုင်မှာ ထိုစကားကြောင့် အလွန်အံ့ဩပြီး မျက်လုံးများပြူးကျယ်သွားလေတော့သည်။

အတန်ကြာမှ ယင်းဆိုင်သည် အိတ်ထဲမှအထုပ်လေးတစ်ထုပ်ကိုနှိုက်ယူ၍ ဆောင်းလောင်အား လှမ်းပေးလိုက်သည်။

"ရော့ .... အဲဒါ ခင်ဗျားလိုချင်တဲ့ ကင်းခြေများရဲ့အဆိပ်ဖြေဆေးပါပဲဗျာ"

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## ချစ်ဦးလေပြေ

လောကကြီးသည် လွန်စွာမှပင် ဆန်းကြယ်လှ၏။

တစ်ဦးနှင့်တစ်ဦး မသိကြသေးမီက သူသေကိုယ်သေတိုက်ခိုက်တတ်ကြသော်လည်း တစ်ယောက်အကြောင်း တစ်ယောက်သိသွားသည့်အခါ အသေအကြေတိုက်ခိုက်နေရင်းမှပင် ချက်ချင်းဆိုသလို မိတ်ဆွေဖြစ်သွားတတ်ကြသည်မဟုတ်ပါလား။

ယခုပင် ကြည့်ပါ။ ယင်းဆိုင်သည် နဂိုစိတ်ရင်း လွန်စွာဖြူစင်လှသူဖြစ်သည်။ ထို့ကြောင့်လည်း စိတ်တူသဘောတူဖြစ်သည့် ဆောင်းလောင်အား ခင်မင်ရင်းနှီးခဲ့ခြင်းဖြစ်သည်။

သူ၏မိတ်ဆွေလီရှောင်လုံက မုံ့လူတို့အားဖမ်းဆီး၍ ဆုငွေယူရန် တိုင်ပင်လာသောအခါတွင် သူသည် မုံ့လူဘယ်လိုလူစားမျိုးဖြစ်သည်ကိုမစုံစမ်းဘဲ လီရှောင်လုံ၏စကားကိုသဘောတူလက်ခံပြီးရန်သူအဖြစ်သတ်မှတ်၍တိုက်ခိုက်ခဲ့လေသည်။

ယခုအခါ မုံ့လူသည် အဖြူရောင်သိုင်းသမားဖြစ်ကြောင်း၊



အခကြေးငွေယူ၍ သူတစ်ပါး၏ကိစ္စကိုဆောင်ရွက်ပေးရသော်လည်း သူလက်ခံဆောင်ရွက်သည့်ကိစ္စတိုင်းသည် တရားသဖြင့် လုပ်ကိုင်ဆောင်ရွက်ရသည့်ကိစ္စများချည်းသာဖြစ်ကြောင်း၊ သူကိုယ်တိုင်လည်း တရားမှုမှန်သမျှကိုရှုမှန်းသူဖြစ်ကြောင်း စသည်ဖြင့်သိလိုက်ရသည့်အခါ ယင်းဆိုင်သည် မုံ့လူကိုပါ ခင်မင်ရင်းနှီးသွားတော့၏။

လောကကြီးသည် ဤမျှအထိပင် ဆန်းကြယ်လှပေသည်။ မုံ့လူနှင့်ကျင်းလျှံတို့သည် ယင်းဆိုင်၏ရန်သူအဖြစ်မှ မိတ်ဆွေအဖြစ်သို့ ရောက်ရှိခဲ့ခြင်းကြောင့် ယင်းဆိုင်၏ဧည့်ခံကျွေးမွေးမှုကိုခံယူကာ ထိုအိမ်မှာပင် နှစ်ခြိုက်စွာအိပ်စက်ခဲ့ကြလေသည်။

✦ ✦ ✦

အရှေ့တာစ်ခွင်၌ အရုဏ်ဦးလင်းရောင်ခြည်များ ယှက်သန်းလာပြီဖြစ်သည်။ မကြာမီ မိုးစင်စင်လင်းပေတော့မည်။ ထိုအချိန်တွင် မုံ့လူနှင့်ကျင်းလျှံတို့သည် အိပ်ရာမှထကာ ခရီးဆက်ရန် ပြင်ဆင်ကြလေသည်။ ထိုအခါ .... ယင်းဆိုင်နှင့်ဆောင်းလောင်က သူတို့နှစ်ယောက်ကို စိတ်မချသဖြင့် နယ်ခြားအရောက်လိုက်လံပို့ဆောင်ပေးမည်ဟုပြောဆိုကြလေသည်။

ကျင်းလျှံက ချစ်စဖွယ်ပြုံးပြရင်း .....

"အစ်ကိုကြီးတို့နှစ်ယောက်စလုံး ငယ်ပါကလေးကြပါတယ်၊ ကြောင့် အေးအေးဆေးဆေးနားရင်ငံရဲပေ။

www.burmeseclassic.com



တို့ကို အစစအရာရာကူညီခဲ့ကြတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်ရှင်"

"ညီမတို့သွားမယ့်ခရီးက မိုင် ၅၀၀ ကျော်ဝေးပြီး အန္တရာယ်များလွန်းလို့ပါ"

ယင်းဆိုင်က စိတ်မချဟန်ဖြင့်ပြောရာ ....

"ကိစ္စမရှိပါဘူးရှင် .... မှုံလှသာ ကျွန်မအနားမှာရှိရင် မိုင်ငါးရာ မကဘူး။ မိုင်တစ်ထောင်ဆိုလဲ ကျွန်မ မမှုတော့ပါဘူးရှင်"

ကျင်းလျှံက ရယ်သံလွင်လွင်လေးဖြင့် ပြန်ပြောလိုက်သဖြင့် ယင်းဆိုင်နှင့်ဆောင်းလောင်တို့ သဘောကျစွာရယ်မောလိုက်ကြလေသည်။ မှုံလှက ကျင်းလျှံကို မသိမသာတစ်ချက်လှမ်းကြည့်ရာ ကျင်းလျှံကလည်း သူ့ကိုလှမ်းအကြည့် နှစ်ယောက်သားမျက်လုံးချင်းဆုံသွားကြသည်။ နှစ်ယောက်စလုံးရင်ခုန်သွားကြကာကမန်းကတန်းပင် အကြည့်ကိုလွှဲဖယ်လိုက်ကြလေသည်။

✦✦✦

မှုံလှနှင့်ကျင်းလျှံတို့သည် ယင်းဆိုင်နှင့်ဆောင်းလောင်အား လက်ပြနှုတ်ဆက်ကာ မြင်းကိုယ်စီနှင့်ထွက်လာခဲ့ကြသည်။ သူတို့သွားရမည့်ခရီးကား ကြမ်းတမ်းရှည်လျားလွန်းလှပေသည်။

မိုင်ငါးရာမျှသွားရမည့်ခရီးသည် ယခုမှ မိုင်တစ်ရာကျော်မျှ ... ယခုအခါ မှုံလှသည် ခရီးဆုံးရောက်ရန်ကား မိုင်လေးရာခန့်



ထိုမိုင်လေးရာခရီးအနက် မိုင်သုံးရာကျော်သည် တာ့စန်းအိတ်း၏ဩဇာအာဏာသက်ရောက်ရာနယ်မြေဖြစ်သည်။

သူတို့၏ခရီးစဉ်သည် အန္တရာယ်ပတ်လည်ဝိုင်းနေသော ခရီးဟုဆိုနိုင်ပေသည်။ သို့သော် ... မှုံလှအနေဖြင့် အန္တရာယ်ကိုတွေးကြောက်မနေနိုင်တော့ပါ။

သူ့ဆန်စား ရဲရတော့မည်မဟုတ်ပါလား။

မှုံလှသည် ရှေ့မှသွားနေရာမှ နောက်မှလိုက်ပါလာသော ကျင်းလျှံကို လှည့်ကြည့်လိုက်သည်။

နံနက်ခင်းနေခြည်အောက်၌ ကမိုကရိုလှပနေသောကျင်းလျှံသည် အန္တရာယ်ပတ်လည်ဝိုင်းနေသည့်ခရီးကိုသွားနေသည်နှင့်မတူ။

အလည်အပတ်ထွက်လာသည့် ပင်တိုင်စံမင်းသမီးတစ်ပါးနှင့်ပင် တူနေတော့၏။

သူမသည် မြင်းကိုခပ်သွက်သွက်နှင်ပြီး မှုံလှအနီးသို့ချဉ်းကပ်လာသည်။

ရင်ပေါင်တန်းယှဉ်မိသည့်အခါ ကျင်းလျှံက မှုံလှအားတစ်ချက်ငဲ့စောင်းကြည့်ကာ ပြုံးပြလိုက်သည်။

မှုံလှမှာ ကျင်းလျှံ၏အပြုံးကြောင့် မနေတတ်မထိုင်တတ်ဖြစ်သွားသည်။ ကျင်းလျှံသည် မှုံလှ၏ရှက်တတ်သောမျက်နှာကိုကြည့်၍ သူမမှာ ရယ်ချင်သောစိတ်ကို မနည်းချုပ်တီးနေရပေသည်။ မှုံလှသည် ရှက်ရွံ့သည့်အမူအရာရှိသော်လည်း သူ၏ယောကျ်ားပီသသော ဥပဓိရုပ်ကြောင့် ကျင်းလန် မပြောင်လှောင်ရဲပေ။

www.burmeseclassic.com

www.burmeseclassic.com



မုံလှူသည် ကျင်းလျှံ၏ပြုံးစိစိလုပ်နေသောမျက်နှာအား လှမ်းကြည့်ကာ မလုံမလဲဖြင့် ....

"ခင်ဗျား ကျွန်တော့်ကိုဘာပြောချင်လို့လဲ"

ကျင်းလျှံက လှပစွာပြုံးလိုက်သည်။

"ရှင့်ကို ဆောင်းလောင်က သိပ်ခင်တာပဲနော်"

မုံလှူသည် ကျင်းလျှံအား ခပ်တည်တည်ဖြင့် တစ်ချက်ကြည့်လိုက်သည်။

"ခင်ဗျားမေးချင်တာ ဒါပဲလား"

ကျင်းလျှံက မုံလှူ၏အမေးကိုဘာမှမပြောဘဲ ရယ်လိုက်၏။ သူမသည် မေးလိုသောစကားများကို မုံလှူအားကြိုက်မှကြိုက်ပါ့မလား ဟုတွေးတောလိုက်မိ၏။

ကျင်းလျှံသည် မုံလှူအားပြုံးကြည့်ရင်း ....

"ဆောင်းလောင်ရဲ့ ညီမလေးက တော်တော်လှသလား၊ သူ့နာမည်က ဘယ်သူလဲဟင်"

မုံလှူက သူ့အား ခပ်တည်တည်နှင့် တစ်ချက်ကြည့်လိုက်၏။

"ကျုပ်ဒီလိုမေးလိုက်ရလို့ ခင်ဗျားမှာ ဘာတွေများ ထူးခြားသွားသလဲ"

ထိုအခါ ကျင်းလျှံက သူ၏ နှုတ်ခမ်းလေးကို ချစ်စဖွယ်စုထားလိုက်ပြီး ....

"ရှင်ကလဲ ဒါလေးမေးတာများ စိတ်ဆိုးရသလား၊ ကျွန်မကတော့ ရှင်မှိန်းမရက်ကောင်းပြီး ဖနီးချောချောလေးဖြစ်ပါစေလို့



ဆုတောင်းပေးပါတယ်ရှင်"

မုံလှူက ကျင်းလျှံကို မျက်လုံးပြူး၍ကြည့်လိုက်လေသည်။ ထို့နောက် သူသည် သက်ပြင်းတစ်ချက်ကို အသာအယာချလိုက်ပြီး သူပြောချင်သည့်စကားကို တဲ့တိုးပင်ပြောချလိုက်လေသည်။

"ကျုပ်ကလဲ ခင်ဗျားလိုလှမှလိုချင်တာဗျ"

✦✦✦

သည်တစ်ခါ မျက်လုံးပြူးသွားရသူမှာ ကျင်းလျှံပင်ဖြစ်ပေသည်။ ကျင်းလျှံက တစ်ချက်စဉ်းစားလိုက်သည်။ ရိုးသားဖြောင့်မတ်သောသူများသည် စကားပြောလျှင် တဲ့တိုးပင်ပြောတတ်ကြ၏၊ ဆိုသော စကားမှာ အမှန်ပင်ဖြစ်ကြောင်း သူက ဝန်ခံမိပေသည်။

ထို့နောက် သူမသည် မုံလှူအား ကြည့်လိုက်သည်။

"ကျွန်က ရှင်ပြောသလိုပဲ တော်တော်လှနေလို့လား"

မုံလှူက သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်ပြန်သည်။

"ကျွန်တော့်မျက်စိထဲမှာတော့ ခင်ဗျားဟာ တော်တော်ကိုလှတာပဲ၊ ဒါကြောင့်မို့လဲ အန္တရာယ်များနေတာနဲ့တူတယ်"

ကျင်းလျှံက မုံလှူ၏စကားကြောင့် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ရှင့်စကားက ဘယ်လိုဟာလဲရှင်"

မုံလှူက သူ့အားကြည့်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ၊ လူကြီးတွေပြောတာ ကြားဖူးတာပဲ၊ မိန်းကလေးတစ်ယောက်ဟာ လှပလေ အန္တရာယ်များလေပဲတဲ့"

ထိုအခါကျမှ ကျင်းလျှံက အသံချိုလွင်စွာဖြင့် ရယ်မောလိုက်လေသည်။

"ဒီလိုဆိုရင် လှတဲ့မိန်းကလေးကို ရှင်မယူရဲဘူးပေါ့၊ ဒါဖြင့် ဆောင်းလောင်ရဲ့ ညီမလေးဟာလဲ တော်တော်လေးကို လှရမယ်"

မုံ့လူက သူမအား ခပ်တည်တည်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး ....

"ဟာဗျာ .... ခင်ဗျားကလဲ နောက်ဆုံးတော့ ဒီအကြောင်းပဲ ပြန်ရောက်တာပဲ"

မုံ့လူသည် ထိုသို့ပြောပြီး မြင်းကို တအားနှင်လိုက်လေသည်။ ကျင်းလျှံက သူ့အား သဘောကျစွာ ကြည့်လိုက်ပြီး တခစ်ခစ် ရယ်မောရင်း သူ၏မြင်းကို မုံ့လူ၏ မြင်းနောက်သို့ မီအောင်ပြေးလိုက်သွားလေသည်။

ကျင်းလျှံသည် ဒုက္ခအမျိုးမျိုးကြောင့် ရန်သူ၏လက်ထဲမှ ပုန်းလျှိုးကွယ်လျှိုးဖြင့် ပြေးလွှားနေရသည့်အတွက် အလွန်ပင်စိတ်ဆင်းရဲစရာကောင်းခဲ့သော်လည်း ....

ယခုကဲ့သို့ ရန်သူနှင့် မတွေ့ရဘဲ မုံ့လူနှင့်အတူ စကားပြောဆို၍ ရယ်မောခဲ့ရသည့်အခါများတွင် သူ၏ဒုက္ခများကိုပင် ခေတ္တခဏ မေ့သွားလေသည်။

မုံ့လူ၏မြင်းသည် ရှေ့မှပြေးလွှားလျှက်ရှိနေ၏။



ကျင်းလျှံသည် မုံ့လူ၏မြင်းကို မီအောင်လိုက်နေရသည်။

သူတို့သည် မိုင် (၅၀) မျှသွားမိကြသောအခါ မွန်းတည့်ချိန်ရောက်၍ နေသည့် အတော်ပူပြင်းလာပြီဖြစ်ပေသည်။

ထို့ကြောင့် မုံ့လူကအရိပ်ကောင်းကောင်းတစ်နေရာတွင်ခရီးတစ်ထောက်နားပြီး ယင်းဆိုင်တို့ထံမှပါလာသော အစားအသောက်များကိုစားရန် အကြံပြုလိုက်သည်။

ထိုအချိန်တွင် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်သို့ရောက်ရှိနေကြပြီဖြစ်ရာ ထိုသစ်ပင်ကြီးအောက်မှာပင် စားစရာများကိုဖြန့်ခင်းကာ နှစ်ယောက်သားထိုင်စားကြလေတော့၏။

ထိုစဉ် လူရိပ်တစ်ရိပ်သည် သူတို့အနားသို့ဖျတ်ခနဲရောက်ရှိလာလေသည်။ မုံ့လူနှင့်ကျင်းလျှံတို့ ထိတ်ခနဲဖြစ်သွားကာ ပြိုင်တူပင် ထိုလူရိပ်အား လှမ်းကြည့်မိလိုက်ကြ၏။

ထိုအခါ ....

သူတို့နှင့်မလှမ်းမကမ်းတစ်နေရာတွင် လူတစ်ယောက်သည် လက်ပိုက်၍ရပ်နေသည်ကိုတွေ့လိုက်ရသည်။ မုံ့လူသည် ကျင်းလျှံအား လှမ်းကြည့်လိုက်ရာ ....

ကျင်းလျှံ၏မျက်နှာ၌ သွေးမရှိတော့သကဲ့သို့ ဖြူဖတ်ဖြူရော်ဖြစ်နေပြီး မျက်လုံးအစုံသည်လည်း ပြူးကျယ်သွားသည်ဟုထင်လိုက်ရလေသည်။

မုံ့လူသည် မျက်မှောင်ကြုတ်ကာ ....

"သူ ဘယ်သူလဲဆိုတာ ခင်ဗျားသိသလား"

www.burmeseclassic.com



ဟုမေးလိုက်သည်။

ကျင်းလျှံက မျက်နှာမသာမယာနှင့်ခေါင်းညိတ်ပြ၏။

"သိတယ်၊ ဒါပေမယ့် ရှင်အသာနေပါ၊ ကျွန်မပြောတဲ့စကား အပေါ်မှာသာမူတည်ပြီး မီးစင်ကြည့်ကပါ"

မုံလှုသည် ဘာမသိဘာမသိကြောင်အမ်းအမ်းဖြင့်ခေါင်းညိတ်လိုက်ရလေသည်။

ထိုလူသည် တဖြည်းဖြည်းချင်းသူတို့အနားသို့ လျှောက်လှမ်းလာသည်။ ထိုလူလျှောက်လှမ်းလာပုံနှင့် နောက်ကျောတွင် လွယ်ထိုးထားသောဓားအား ကြည့်ရုံဖြင့် ထိုလူသည် အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်မှန်း မုံလှု သတိပြုမိလိုက်လေသည်။

ကျင်းလျှံက စားလက်စကိုအပြီးသတ်ပြီး မတ်တတ်ရပ်လိုက်သည်။ မုံလှုသည်လည်း ဘာမသိ ဘာမသိ ကျင်းလျှံနှင့်အတူ ယှဉ်ပြီးရပ်လျက် ထိုလူအား သေချာစွာအကဲခတ်ကြည့်နေလိုက်သည်။

ထိုသူသည် မုံလှုအား လုံးဝမကြည့်ဘဲ ကျင်းလျှံကိုသာကြည့်ကာ လိုက်လှိုက်လှဲလှဲပြုံးပြလိုက်၏။

"ငါကိုတော့ ဘုရားမတာပဲဟား၊ ဒီတစ်သက်မှာ မင်းကို ပြန်မတွေ့ရတော့ဘူးလို့နေလာခဲ့တဲ့ငါဟာ အခုတော့ တိုက်တိုက်ဆိုင်ဆိုင်မင်းနဲ့ပြန်တွေ့ရပြီ"

ကျင်းလျှံသည် မုံလှု၏အနားသို့တိုးကပ်ပြီး လက်ကိုခွဲကာ ထိုသူအား မနှစ်မြို့သောအကြည့်ဖြင့်ကြည့်လိုက်သည်။

"ပီဆင်းရီ နင်နဲ့ငါ ဘာမှမဆိုင်တော့ဘူး၊ နင် ငါ့ကို ဘာမှ



အနှောင့်အယှက်မပေးပါနဲ့၊ တကယ်လို့ နှောင့်ယှက်မယ်ဆိုရင်တော့ ဟာဒီငါ့ယောက်ကျားလက်ချက်နဲ့ နင်သေရလိမ့်မယ်"

ကျင်းလျှံ၏စကားကြောင့် ပီဆင်းရီဆိုသူမှာ အံ့သြသွားပြီး မျက်လုံးပြူးသွားလေသည်။ မုံလှုလည်း ကျင်းလျှံ၏စကားကြောင့် ခန္ဓာကိုယ်တစ်ခုလုံးတုန်ခါသွားပြီး ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင်ဖြစ်သွားလေသည်။

သို့သော် မုံလှုသည် ကျင်းလျှံကြိုတင်ပြောဆိုသတိပေးထားသောစကားကြောင့် ဘာမှဝင်မပြောဘဲ အသာတိတ်ဆိတ်စွာနေလိုက်လေသည်။

"အို ဘယ့်နှယ်ပြောလိုက်တာလဲကျင်းလျှံရယ်၊ မင်းကို ငါဘယ်လောက်အထိ နှစ်နှစ်ကာကာချစ်ခဲ့တယ်ဆိုတာ မင်း အသိဆုံးပါ"

ပီဆင်းရီသည် ကျင်းလျှံအနားတွင်ရပ်နေသော မုံလှုအားတစ်ချက်ကြည့်ကာ သူပြောချင်သည့်စကားများကိုသာ ပြောချလိုက်သည်။ ကျင်းလျှံက ပီဆင်းရီအား မုန်းတီးစွာကြည့်ကာ ....

"ပီဆင်းရီ ပြီးခဲ့တာတွေ ပြီးခဲ့ပါပြီ၊ အခု နင်နဲ့ငါ ဘာမှမဆိုင်တော့ဘူး။ ဟိုတုန်းကတည်းက နင့်ကို ငါကမေတ္တာရှိခဲ့တာမှမဟုတ်တာ၊ နင်ကသာ ငါ့အပေါ်အားပြုတိုက်သလိုအနိုင်ကျင့်ခဲ့တာ"

ကျင်းလျှံ၏စကားကြောင့် ပီဆင်းရီ မျက်နှာတစ်ချက်ပျက်သွားသည်။

သို့သော် စိတ်ကိုပြန်၍ချုပ်တည်းထားလိုက်ပုံရသည်။

www.burmeseclassic.com



သူသည် တစ်ချက်ပြုံးလိုက်ပြီး ....

"ပြောပါကျင်းလျှံ .... မင်းပြောသမျှငါခံရမှာပေါ့၊ ငါက မင်းကိုချစ်ခဲ့မိတာကိုး"

ကျင်းလျှံက မဲ့ပြီးတစ်ဘက်သို့လှည့်နေလိုက်သည်။

ပိဆင်းရီကဆက်ပြောပြန်သည်။

"ငါ .... မင်းအပေါ်မှာ ဒီလောက်ချစ်တာတောင် မင်းက ငါ့ကိုပစ်ပြီး တာ့စန်းအိဂိုဏ်းချုပ်ဆီရောက်သွားတယ်လို့ ငါသတင်းကြားရတယ်၊ အခုကျပြန်တော့လဲ ဘာမဟုတ်တဲ့လူတစ်ယောက်နဲ့"

သူ၏စကားမဆုံးခင်မှာပင် ကျင်းလျှံက သူ့အားစူးဝါးစွာ တစ်ချက်ကြည့်ပြီး ....

"ငါဟာငါ ဘယ်သူနဲ့ယှဉ်ယှဉ် နင့်ပါးစပ်ပိတ်ထားစမ်း"

ပိဆင်းရီကရယ်မောနေလိုက်သည်။ မုံလူမှာ သူတို့ပြောကြသောစကားများကို မည်သို့မျှနားမလည်နိုင်အောင်ဖြစ်နေ၏။ ကျင်းလျှံ၏ဘဝတစ်ယောက်သည် လွန်စွာရှုပ်ထွေးခဲ့လိမ့်မည်ဟု သ ထင်မိသည်။ ထို့ကြောင့်လည်း စောစောကပင်ပြောခဲ့သေး၏။

လှပသော မိန်းကလေးများသည် လွန်စွာမှ အန္တရာယ်မျ သည်ဟူ၍ ....

မုံလူအနေနှင့် သိပ်အချိန်မဖြုန်းလိုတော့ပါ။ သူတို့နှစ် ပြောနေသည့်စကားများကိုလည်း နားမလည်သလို လည်သလိုနှ ရှုပ်ထွေးနေသည်။ သူသည် ချောင်းတစ်ချက်ဟန့်ပြီး ပိဆင်းရီအ စူးရဲစွာကြည့်ကာ ....



"မိတ်ဆွေက ကျင်းလျှံနဲ့ဘယ်လိုများပတ်သက်နေလို့လဲ"

ပိဆင်းရီက မုံလူအား အထင်သေးဟန်ဖြင့် တစ်ချက်လှမ်းကြည့်ပြီး တစ်စုံတစ်ခုပြောရန်ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ကျင်းလျှံက ....

"ဒီလူဟာ သူခိုးဓားပြတစ်ယောက်ပါ၊ တစ်ချိန်တုန်းက သူ ကျွန်မရဲ့အချစ်ကိုလုယူခဲ့ဖူးတယ်၊ ဒါပေမယ့် သူ့ကို ကျွန်မနည်းနည်း ကြည်ဖြူလို့ တစ်နှစ်မပြည့်ခင်မှာဘဲ သူ့လက်ကလွတ်အောင် ထွက်ပြေးခဲ့ရတယ်"

ထိုစကားကြောင့် ပိဆင်းရီမှာ အကြီးအကျယ် ဒေါသထွက်သွား၏။ ဒေါသကြောင့် သူ၏မျက်နှာလည်းနီမြန်းသွားတော့သည်။

"ဒီမှာကျင်းလျှံ .... ငါဟာ မင်းကြောင့် အတော်လေးကို ဆင်းရဲကိုယ်ဆင်းရဲဖြစ်ခဲ့ရတယ်၊ အခုလို တွေ့ရပြန်တော့လဲ မင်း ငါ့ကိုရက်ရက်စက်စက်ပြောရက်တယ်၊ ဒါပေမယ့် မင်းကို ငါစိတ်ဆိုးပါဘူးလေ၊ ငါနဲ့သာ အေးအေးဆေးဆေးပြန်လိုက်ခဲ့ပါ"

ထိုသို့ပြောပြီး ကျင်းလျှံ၏လက်ကိုလှမ်းဆွဲရန် ဟန်ပြင် ရာ င်းလျှံက မုံလူ၏အနားသို့ပို၍နီးကပ်စွာတိုးကပ်လိုက်ပြီး ....

"မုံလူ .... သူဟာ ဟိုတုန်းကလိုပဲ ကျွန်မကို မတရားဆွဲခေါ် သွားလိမ့်မယ်၊ သူ့အကြောင်း ကျွန်မအကုန်သိတယ်"

မုံလူမှာ ဘာလုပ်၍ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွား၏။ သော် သူသည် သိပ်အချိန်မဖြုန်းလိုပါ။ ရှေ့ဆက်ရမည့်ခရီးကရှိ သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ အနည်းငယ်စဉ်းစားလိုက်သည်။

ဘာပဲဖြစ်နေဖြစ်နေ လောလောဆယ်တွင် ကျင်းလျှံသည် သူ၏အလုပ်ရှင်ဖြစ်၏။ သူမအား မှဲ့တစ်ပေါက်မစွန်းအောင် ကာကွယ် စောင့်ရှောက်ရမည့်တာဝန် သူ့တွင်အပြည့်အဝရှိနေသည်။

ထိုသို့ကာကွယ်စောင့် ရှောက်ရန်အတွက်လည်း ကျင်းလျှံ သည် သူ့အား အခကြေးငွေပေး၍ငှားရမ်းခဲ့သည်မဟုတ်ပါလား။

ထိုသို့တွေးမိသည်နှင့် ....

"ဒီမှာမိတ်ဆွေ ခင်ဗျားတို့ တစ်ချိန်က ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ အခု နေအခါမှာတော့ ကျင်းလျှံကခင်ဗျားအပေါ် လုံးဝမေတ္တာမထားနိုင် တော့တဲ့အတွက် ဆက်ပြီးအနှောင့်အယှက်မပေးပါနဲ့တော့ဗျာ"

ဟုပြောလိုက်လေသည်။

ပိဆင်းရိက မဲ့ပြုံးပြုံးကာ ....

"မင်းကဘာကောင်မို့ ငါ့ကိုဒီစကားပြောရတာလဲ"

မှဲ့လှူက တစ်ချက်ပြုံးလိုက်ပြီး ....

"ကျုပ်ဘာကောင်ဖြစ်ဖြစ် အရေးမကြီးပါဘူးလေ၊ အရေး ကြီးတာက ခင်ဗျားသူ့ကို အနှောင့်အယှက်မပေးဖို့ဘဲ"

ပိဆင်းရိသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ....

"တကယ်လို့ ငါသူ့ကို အခု ရအောင်ခေါ်သွားမယ်ဆိုရင် ရော .... မင်းဘာလုပ်မလဲ"

မှဲ့လှူက ကျင်းလျှံ၏ရှေ့သို့သွား၍ရပ်လိုက်သည်။

ကျင်းလျှံက မှဲ့လှူအားလေသံတိုးတိုးဖြင့်သတိပေးလိုက်သည်



"မှဲ့လှူ သတိထားနော်၊ လျှပ်စီးဓားပိဆင်းရိဆိုတာသူပဲ"

မှဲ့လှူမှာ ကျင်းလျှံ၏စကားကြောင့် အတော်ပင် အံ့သြသွား သည်။ လျှပ်စီးဓားဆိုသူသည် သိုင်းပညာလွန်စွာအဆင့်မြင့်ပြီး ဓားပြ သည်မှုများကိုပင် ကြိုးကိုင်ခြယ်လှယ်နေသူဟုသိရသည်။

ဓားပြအဖွဲ့များသည် မည်သည့်နေရာမှဓားပြတိုက်လာ တိုက် သူနှင့်တွေ့သည့်အခါ သူ့ကို တစ်ဝက်တိတိခွဲဝေပေးခဲ့ရသည် ဆိုသည်။

သူ၏လျှပ်စီးဓားကိုဆွဲမထုတ်စေရန် ထိုသို့ခွဲဝေပေးရခြင်း ဖြစ်သည်ဟုသိရသည်။

အကယ်၍ သူ၏လျှပ်စီးဓားကိုသာဆွဲထုတ်ခဲ့လျှင် သူ့ရှေ့မှ နေသူသည် ဘာမှမသိလိုက်ရဘဲအသက်ပျောက်သွားနိုင်သောကြောင့် ဖြစ်လေသည်။

အသက်နှင့်ကိုယ် အိုးစားအကွဲမခံနိုင်သောကြောင့် ဓားပြ များသည် သူ့အား တစ်ဝက်ခွဲဝေပေးနေကြခြင်းဖြစ်လေသည်။

ထိုအကြောင်းကိုသိထားသဖြင့် ကျင်းလျှံက မှဲ့လှူအား စိုးရိမ် တကြီးသတိပေးခြင်းဖြစ်သည်။

ပိဆင်းရိသည် ကျင်းလျှံ၏ရှေ့၌ဝင်ရောက်ရပ်နေလိုက်သည့် သူ့ကိုကြည့်ကာနှာခေါင်းရှုံ့လိုက်လေသည်။

"ဪ .... မင်းက တော်တော်သတ္တိကောင်းနေပါလား၊ ... ဘဲ သေချင်ပြီနဲ့တူတယ် ဟုတ်လား"

မှဲ့လှူကရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ်ကို သိပ်အထင်မကြီးပါနဲ့လေ၊ ကျုပ် လူမသ
ချင်ဘူးဗျ"

မုံလှ၏စကားကြောင့် ပိဆင်းရီက ဟက်ဟက်ပက်ပက်ရယ်
မောလိုက်လေသည်။

"မင်း သစ်ချင်တိုင်း သတ်လို့ရအောင် ငါကလဲ အရုပ်လေး
မှမဟုတ်ဘဲကွာ"

ပိဆင်းရီသည် ပြောရင်း မုံလှကိုတစ်ချက်ကြည့်ကာ ....

"ဒါထက်နေပါဦး၊ မင်းဘယ်သူလဲ၊ နာမည်လေးကော မသိ
ရဘူးလား"

"သိရပါတယ်ဗျာ၊ ကျုပ်က လျှာနှစ်ခွမြွေပွေးမုံလှပါ"

လျှာနှစ်ခွမြွေပွေးဟူသောအမည်ကြောင့် ပိဆင်းရီသည်
ထိတ်လန့်အံ့သြသွားပြီး မျက်လုံးများပင် စိုင်းစက်ပြူးကျယ်သွား
လေတော့၏။

လျှာနှစ်ခွမြွေပွေး ကျာပွတ်သမားအကြောင်းကို သူသည်
ကောင်းစွာကြားဖူးထားသည်။ သူသည် မြွေပွေးလိုလူဖြစ်၏။ သူ
မထိလျှင် သူငြိမ်နေတတ်သည်။ သူ့ကိုထိလျှင်တော့ အကောင်ထ
သလောက် လွန်စွာကြောက်စရာကောင်းသူဖြစ်လာပေတော့သည်။

သူ့လက်ထဲမှကျာပွတ်သည် လွန်စွာမှပဲထူးဆန်းသည်။

ကြမ်းတမ်းသောဆူးများပါသည့်အပြင် မြွေပွေးလျှာ
အဖျားနှစ်ခွရှိပြီး လိုအပ်လာပါက ဓားကဲ့သို့ဖြောင့်တန်းသွားကာ ရန်သူ
ကိုထိုးနိုင်သည်ဟုဆို၏။



ထိုမျှမက ကျာပွတ်လက်ကိုင်ရိုးတွင်လည်း လျှို့ဝှက်ဓားပါး
လေးများရှိကာ ထွက်ပြေးသည့်ရန်သူကို သုတ်သင်ချေမှုန်းနိုင်စွမ်းရှိ
၏၊ ထို့ကြောင့် အမှောင်လောကမှသိုင်းလောကသားများသည် လျှာ
နှစ်ခွမြွေပွေးဟုခေါ်သောမုံလှနှင့်ပြဿနာမဖြစ်အောင်နေလေ့ရှိကြ
ခြင်းဖြစ်သည်။

မုံလှသည် ဒုက္ခရောက်နေသူများအားအကူအညီပေးတတ်
သောကြေးစားကယ်တင်ရှင်တစ်ယောက်ဖြစ်သော်လည်း မတရားမှု
ပြုသောသိုင်းသမားဆိုးများအတွက်မူ မရဏာတမန်ဖြစ်လေသည်။

ယခု ပိဆင်းရီသည် မုံလှနှင့်မှလာတွေ့နေရသဖြင့် ကံဆိုး
သောမည့်အတိတ်နိမိတ်လားဟုပင် တွေးတောမိလေ၏။

သို့သော် သူသည် ကျင်းလှုံအား အမိအရပြန်ခေါ်ရန် ဆုံး
ဖြတ်ထားပြီးဖြစ်ရာ ရှောင်ထွက်သွားရန် စိတ်မကူးတော့ချေ။

သူသည် မုံလှအားတစ်ချက်ကြည့်လိုက်ပြီး ....

"ဒီကိစ္စ ခင်ဗျားနဲ့ဘာမှမပတ်သက်တာမို့ ခင်ဗျားဘာသာ
အေးအေးဆေးဆေးနေပါ၊ ကျုပ် ကျင်းလှုံကိုပြန်ခေါ်သွားမယ်"

ထိုစဉ် ကျင်းလှုံကဝင်ပြောလိုက်၏။

"နင့်လို သူခိုးဓားပြတစ်ယောက်နောက်ကို ငါ ဘယ်တော့မှ
လိုက်နိုင်ဘူး"

ကျင်းလှုံ၏စကားကြောင့် ပိဆင်းရီမှာဒေါသအကြီးအကျယ်
ထွက်လာပြီး ....

"ဒါဆို မင်းကိုငါ ခပ်ကြမ်းကြမ်းပဲခေါ်ရတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မုံ့လူက ကြားဖြတ်၍ ....

"ခင်ဗျား သူ့ကို အဲဒီလိုခေါ်ဖို့ဆိုတာ ကျုပ်သေမှပဲဖြစ်လိမ့်မယ်"

ဟုပြောလိုက်သည်။ ပိဆင်းရီသည် မုံ့လူအား စူးရဲစွာကြည့်လိုက်၏။ ပြီးနောက် တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

မုံ့လူကလည်း သတိကြီးစွာဖြင့် သူ့အခြေအနေကိုစောင့်ကြည့်ရင်း ကျင်းလျှံအား မျက်ရိပ်တစ်ချက်ပြလိုက်သည်။

အကင်းပါးသောကျင်းလျှံသည် သူတို့နှင့်ခပ်လှမ်းလှမ်းတွင်သွားရပ်နေလိုက်၏။

ထိုအချိန်တိုင်အောင် မုံ့လူနှင့်ပိဆင်းရီတို့နှစ်ယောက်သည် တစ်ယောက်အရိပ်အခြည်ကိုတစ်ယောက်က မျက်ခြည်မပျက်အကဲခတ်နေကြဆဲဖြစ်သည်။

တစ်ယောက်မှ လက်နက်မထုတ်ကြသေးပါ။

အကွက်ကောင်းကိုချောင်းနေကြပုံမျိုးဖြစ်သည်။

ထိုစဉ်မှာပင် ပိဆင်းရီသည် ရုတ်တရက် လှုပ်ရှားလာလေတော့၏။ လျှပ်စီးဓားဟုအမည်ရရှိထားသူပိပိ သူ့ဓားချက်သည် လျှပ်စီးလက်သည့်အလား ဖြိုးပြက်ဝင်းလက်သွားလေတော့၏။

တော်ရုံတန်ရုံသိုင်းသမားဆိုလျှင် ထိုဓားချက်တစ်ချက်နှင့်ပင်အသက်နှင့်ခန္ဓာ အိုးစားကွဲသွားနိုင်ပေသည်။

သို့သော် သူနှင့် ရင်ဆိုင်နေသူကား မုံ့လူဖြစ်၏။

ထို့ကြောင့် ....



သူ့ဓားချက်သည် အံ့ဩဖွယ်ကောင်းလောက်အောင် လွဲချော်သွားရလေတော့သည်။

ဤတွင် ပိဆင်းရီသည် ဒေါသပုန်ထကာ ရက်ရမ်းရမ်းလေတော့၏။ သူသည် ဓားကိုတင်းတင်းဆုပ်ကိုင်ကာ မုံ့လူအား တရစပ်တိုက်ခိုက်တော့သည်။

ရက်ရက်စက်စက် မညှာမတာတိုက်ခိုက်နေခြင်းဖြစ်သည်။ ကြာလျှင် သူ့ဓားချက်အောက်၌အသက်ပျောက်သွားနိုင်ကြောင်း မုံ့လူနားလည်လာသည်။

ထိုစဉ်မှာပင် ပိဆင်းရီ၏ဓားချက်သည် သူ့လည်မျိုအနီးမှ ဝှစ်ခနဲသီသီလေးဖြတ်ထွက်သွားလေသည်။

လက်မတင်လေးရှောင်ထွက်နိုင်လိုက်သောကြောင့်သာ မုံ့လူသက်သာရာရသွားခြင်းဖြစ်သည်။

ပိဆင်းရီက အလွတ်မပေးဘဲ မုံ့လူနောက်သို့လိုက်၍ တရကြမ်းဖိတိုက်လေသည်။

မုံ့လူအနေဖြင့် မညှာနိုင်တော့ပါ။

ပိဆင်းရီ၏ ဓားချက်အောက်မှလိမ့်ထွက်ပြီး သူ၏ကျာပွတ်ကိုပိဆင်းရီထံငါးချက်မျှဆက်၍ရိုက်ချလိုက်ရာ ပိဆင်းရီ၏လက်မောင်းမှ သွေးများဖြာဆင်းကျလာလေတော့သည်။

ပိဆင်းရီမှာ မယုံကြည်နိုင်စွာဖြင့်မုံ့လူအားကြည့်လိုက်မိ၏။

သူသည် မထူးတော့မည့်အတူတူ မုံ့လူအား အသေအကြေတိုက်တော့မည်ဟုဆုံးဖြတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သူ့မားကို လျှင်မြန်စွာရှောင်ယမ်းလိုက်ပြန်လေသည်။

တစ်ဆက်တည်းမှာပင် ....

သူသည် ယာဘက်လက်ဖြင့် အတွင်းအိတ်ထဲမှ ဓားတိုလေးတစ်ချောင်းကိုထုတ်ပြီး မုံ့လူထံသို့ပစ်လွှင့်လိုက်သည်။

"ဝှစ် ...."

ပီဆင်းရီပစ်လိုက်သောဓားသည် အရှိန်အဟုန်ပြင်းစွာဖြင့် မုံ့လူ၏ရင်ဘတ်တည့်တည့်သို့ဝင်လာသည်။ မုံ့လူက ဝင်လာသောဓားအား ကျာပွတ်ကိုခွေ၍ရိုက်ထုတ်လိုက်ရသည်။

"ရွမ်း ...."

မုံ့လူမှာ လွန်စွာမျက်စိလျင်၍သာ အသက်ချမ်းသာရာရသွားသည်ဟုဆိုရပေမည်။ မုံ့လူသည် ပီဆင်းရီအား အတော်ပင်ဒေါသထွက်သွားလေ၏။

သူက ဤမျှညာညာတာတာတိုက်ခိုက်နေသည့်တိုင် တစ်ဖက်မှ မညာတာသဖြင့် ....

မုံ့လူသည် ဒေါသအကြီးအကျယ်ထွက်ကာ သူ၏ကျာပွတ်အားစက်ဝိုင်းသဏ္ဍာန်ဝှေ့ယမ်းနေရာမှ ပီဆင်းရီ၏ခြေထောက်နှစ်ဖက်ဆီသို့ပစ်ရိုက်လိုက်သည်။

ပီဆင်းရီက ခုန်၍ရှောင်လိုက်သေးသော်လည်း မလွတ်ပါ။ ကျာပွတ်သည် ပီဆင်းရီ၏ခြေထောက်၌ ရစ်ပတ်မိသည်။ မုံ့လူက ကျာပွတ်ကို တအားဆောင့်ဆွဲလိုက်သည်နှင့် ပီဆင်းရီမှာ တလိမ့်ခေါက်ကွေးနှင့်ပါလာလေတော့သည်။



မုံ့လူသည် ပီဆင်းရီအား လှုပ်တစ်ပြက် လူချင်းပူးကပ်ပြီး သွေးကြောသစ်နေရာသို့ထောက်လိုက်ရာ ပီဆင်းရီမှာ အရုပ်ကြိုးပြတ်လဲကျသွားတော့သည်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## တိုက်တိုက်ဆိုင်ဆိုင်

ညနေဆည်းဆာ ....

ထိုအချိန်သည် နေ၏အပူရှိန်လျှော့ပါးသွားပြီဖြစ်၍ အနည်းငယ် သာယာသလိုရှိသော်လည်း မုံ့လူနှင့်ကျင်းလျှံ၏ရင်ထဲမှာမူ အလွန်တရာပူလောင်နေသည်။

မုံ့လူသည် ပိဆင်းရီအားတိုက်ခိုက်နေရသဖြင့် လွန်စွာပင်ပန်းနွမ်းနယ်နေပြီဖြစ်သည်။ သို့သော် ထိုသို့ပင်ပန်းနေသည်ကိုပင် သူသည် သာယာနေမိ၏။

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှမပေါ်ခဲ့ဖူးသောစိတ်ကူးများသည် ကျင်းလျှံနှင့်တွေ့ပြီးကာမှပေါ်ပေါက်ခဲ့ရသည်။

သို့သော် သူ့စိတ်ကိုသူ မနည်းကြိုးစား၍ မျိုသိပ်ထားလိုက်ရသည်။

'ငါကအလုပ်သမား၊ သူကအလုပ်ရှင်' ဟူ၍လည်းကောင်း

'ဘာမှန်းမသိရသေးတဲ့သူ့ဘဝထဲကို ငါကဘာလို့ဝင်ရမှာလဲ'

ထိုသို့လည်း စဉ်းစားတွေးတောနေမိပြန်သည်။



ထိုအခါ သူသည် တစ်စုံတစ်ခုကိုသတိရလာပြန်၏။

တာ့စန်းအိဂိုဏ်းချုပ် ဝေါ်စွတ်စွေ ....

သူသည် အဘယ့်ကြောင့် ကျင်းလျှံနောက်သို့ အသည်းအသန်လိုက်နေရပါသနည်း။

မုံ့လူသည် ကျင်းလျှံအား လှည့်ကြည့်လိုက်သည်။ ထိုအခါ သူမသည် သူ့အား ချစ်စဖွယ်ပြုံးပြလိုက်သည်ကိုတွေ့ရလေသည်။

"ကျင်းလျှံ ...."

မုံ့လူက အသာအယာခေါ်လိုက်မိသည်။

"ရှင် အစ်ကို"

ကျင်းလျှံက မြင်းကိုမုံ့လူအနီးသို့မောင်းနှင်လာ၏။ မုံ့လူ၏စိတ်ထဲ တစ်မျိုးကြီးခံစားသွားရသည်။ ခါတိုင်းဆိုလျှင် ကျင်းလျှံသည် သူ့အား အလုပ်ရှင်ပီသစွာဆက်ဆံပြောဆိုသည်။

တစ်ခါမျှပင် အစ်ကိုဟူ၍မခေါ်ခဲ့။

ယခု သူမသည် လေသံလေးပျော့ပျောင်းစွာဖြင့် အစ်ကိုဟုခေါ်လိုက်လေသည်။

မုံ့လူရင်ထဲ တလှပ်လှပ်ခုန်သွားရတော့၏။

မုံ့လူသည် အတန်ကြာ ငေးငိုင်နေမိရာမှ သူအလွန်သိချင်နေသောအကြောင်းအရာတစ်ခုကို လွှတ်ခနဲမေးလိုက်မိလေတော့၏။

"ဒါနဲ့ညီမ ... တာ့စန်းအိဂိုဏ်းချုပ်ဝေါ်စွတ်စွေက ဘယ်လိုအကြောင်းကြောင့် ညီမနောက်ကို အခုလိုအငြိုးတကြီးလိုက်ပြီး ခြေရာနေရတာလဲ၊ အစ်ကို့ကိုပြောမပြနိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလျှံသည် သက်ပြင်းတစ်ချက်အသာချကာ ခပ်ဝေးဝေးသို့ငေးမောနေမိသည်။ မျက်နှာလေးလည်းညှိုးသွားလေသည်။ သူမ၏မျက်နှာညှိုးငယ်သွားသည်ကိုမြင်ရသောအခါ မှုံလှမှာသူမေးလိုက်မိသည်ကို စိတ်မကောင်းဖြစ်သွားမိလေသည်။

ထို့ကြောင့် ....

"ပြောရမှာ-သိပ်ဝန်လေးနေရင်လဲ မပြောနဲ့ပေါ့ဗျာ"

ကျင်းလျှံက သက်ပြင်းအသာချကာ ....

"သိသင့်တဲ့အချိန်ကျရင် သိရပါစေ့မယ်အစ်ကိုရယ်"

သူမသည် ထိုသို့ပြောပြီး မျက်နှာညှိုးငယ်သွားပြန်လေ၏။ မှုံလှသည် ကျင်းလျှံအား ဆက်မေးရန်မသင့်တော့ဟုယူဆကာ မြင်းကိုအမြန်မောင်းနှင်လိုက်သည်။ ကျင်းလျှံကလည်း နောက်မှ ခပ်သွက်သွက်လိုက်ပါလာသည်။ မြင်းနှစ်ကောင်သည် မှောင်ရီပျိုးစ အချိန်တွင် ရှေ့နောက်မလှမ်းမကမ်းမှပြေးလွှားလျက်ရှိနေကြလေတော့သည်။

✦✦✦



ထိုက်စန်းလျောင်အမည်ရှိအမျိုးသမီးသည် ဘာလုပ်၍ဘာထိုင်ရမှန်းမသိအောင် ဖြစ်နေလေသည်။ သူမသည် မိုင်၂၀-မျှဝေးကွာသောမိတ်ဆွေတစ်ယောက်၏အိမ်တွင် လူမမာသွားရောက်ကြည့်ရှုပြီး ပြန်လာခြင်းဖြစ်သည်။

လမ်းခရီးတစ်ဝက်သို့ရောက်သောအခါ သူမ၏မြင်းရှေ့မှနေ၍ ယောက်ျားကြီးသုံးယောက်ကမားမားမတ်မတ်ရပ်၍ဟန့်တားလိုက်ခြင်းကြောင့်ဖြစ်သည်။

ထိုလူသုံးယောက်အနက် နှစ်ယောက်သည် သူမ၏မြင်းဇက်ကြိုးကိုဆွဲလျက် သူမအား မြင်းပေါ်မှဆင်းစေ၏။

ထိုက်စန်းလျောင် တုန်လှုပ်ချောက်ချားသွားသည်။

"ရှင်တို့ဘယ်သူတွေလဲ၊ ကျွန်မကိုဘာလုပ်မလို့လဲ"

လူသုံးယောက်အနက်မှ ခေါင်းဆောင်ဖြစ်ဟန်တူသော အရပ်ရှည်ရှည်နှင့် ဝတ်ရုံအနက်ကိုဝတ်ဆင်ထားသူသည် ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။

"ဟား .... ဟား .... ဟား .... ခင်ဗျား သိပ်ကြောက်နေပြီထား၊ အေး .... အဲဒီလိုပဲ ကျုပ်နှမလေးဟာလဲ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ခင်ဗျားယောက်ျားရဲ့စော်ကားမှုကိုခံခဲ့ရတာပဲဗျ"

ထိုက်စန်းလျောင်မှာ ထိုလူ၏စကားကြောင့် ထိတ်လန့်တုန်လှုပ်သွားတော့သည်။

"ကျွန်မယောက်ျားကိစ္စနဲ့ကျွန်မက ဘာဆိုင်လို့လဲရှင်"

ထိုသူက ရယ်မောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ သူ့မြင်းကိုသေချာကြည့်ထားလိုက်၊ ပေ့ဂူး အကြောင်းကို ကျောင်းမှန်းကန်မှန်းသိအောင်တော့လုပ်ပြလိုက်ဦးမယ်"

ထိုက်စန်းလျောင်သည် ပေ့ဂူးဆိုသူအား လက်နှစ်ဖက်ကို ဝှေ့ယမ်း၍ဝင်ရောက်တိုက်ခိုက်လေတော့သည်။ ပေ့ဂူးသည် ထိုက်စန်းလျောင်၏တိုက်ခိုက်မှုအား တစ်စုံတစ်ရာပြန်လည်တုံ့ပြန်ခြင်းမရှိဘဲ အသာအယာရှောင်တိမ်း၍သာနေပေသည်။

ထိုက်စန်းလျောင်သည် အတန်ကြာအောင် တိုက်ခိုက်နေသော်လည်း ပေ့ဂူး၏အင်္ကျီစကိုပင် မထိဘဲ သူမသာလျှင်မောပန်းလာသဖြင့် စိတ်ပျက်သွားလေသည်။ ပေ့ဂူးသည် သူမ အတော်မောပန်းနေသည်ကိုတွေ့မြင်ရသည့်အခါ သူ၏လက်ကိုဝှေ့ယမ်းပြီး သူမအား တစ်ချက်သာဝင်၍တိုက်ခိုက်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် သူမ၏သွေးကြောတစ်နေရာသို့ လက်ညှိုးနှင့်ဖမ်းထောက်လိုက်ရာ ထိုက်စန်းလျောင်မှာမလှုပ်မယှက်ဖြစ်ကာ ငြိမ်သက်သွားလေတော့၏။

သူမ သွေးကြောအပိတ်ခံလိုက်ရပြီဖြစ်သည်။

ထိုက်စန်းလျောင်သည် ပေ့ဂူးအား အကြီးအကျယ်ဒေါသထွက်နေသော်လည်း မည်သို့မှ တုံ့ပြန်နိုင်စွမ်းမရှိတော့၍ မျက်ရည်များပင် ကျလာလေသည်။ ပေ့ဂူးသည် တဟားဟားဖြင့် အားပါးတရ ရယ်မောလျက် သူမအနီးသို့ချဉ်းကပ်လာသည်။

ပြီးနောက် သူမ၏ ပခုံးအားသိုင်းဖက်ရန်ဟန်ပြင်လိုက်သည်



ထိုအချိန်မှာပင် ....

"ရှမ်း .... ရှမ်း ...."

ကျာပွတ်သံနှစ်ချက်နှင့်အတူ ....

"အား ...."

"အား ...."

လူနှစ်ယောက်၏အော်သံပါ ရှေ့ဆင့်နောက်ဆင့်ထွက်ပေါ်လေသည်။ ပေ့ဂူးခေါင်းမော့ကြည့်လိုက်သည့်အခါ ခပ်လှမ်းလှမ်းနေသော သူ့လူနှစ်ယောက်မှာ မြေပေါ်လဲကျနေပြီး မြင်းနှစ်ကောင်နှစ်ယောက်ကိုတွေ့မြင်လိုက်ရလေသည်။

မြင်းတစ်ကောင်ပေါ်တွင် မိန်းကလေးတစ်ယောက်ကရှိနေခြားမြင်းတစ်ကောင်ပေါ်တွင်မူ ကျာပွတ်ကိုကိုင်၍ သူ့အားကြည့်သောလူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုအခြင်းအရာအား တွေ့မြင်လိုက်ရသည့်အခါ ပေ့ဂူးမှာလန့်သွားတော့သည်။ ထိုက်စန်းလျောင်သည် အန္တရာယ်မှကင်းသွားသဖြင့် ဝမ်းသာပျော်ရွှင်လျက် မြင်းပေါ်မှလူနှစ်ယောက်ငေးမောကြည့်မိသည်။

မုံလှူသည် ပေ့ဂူးအနားသို့မြင်းကိုမောင်းနှင်လာ၏။

ပေ့ဂူးအနီးရောက်သည့်အခါ ကျာပွတ်ကိုအသင့်ပြင်ကာမြင်းခုန်ဆင်းလိုက်ပြီး ....

"မင်း ဒီအမျိုးသမီးကိုမတော်မတရားကြံဘို့မကြိုးစားနဲ့"

ပေ့ဂူးကမကျေမနပ်ဖြင့် ....

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကျုပ်အလုပ်ကိုဘာလာရှုပ်တာလဲ၊ သူယောက်[...] ကျုပ်ညီမကိုမတရားကြံခဲ့တာ ခင်ဗျားသိရဲ့လား"

ထိုလူ၏စကားကြောင့် မုံ့လူတစ်ချက်တွေဝေသွား၏။

ထိုအချိန်တွင် ကျင်းလျှံသည် မြင်းပေါ်မှဆင်းလာပြီး အ[...] သမီး၏သွေးကြောကိုဖြေပေးလိုက်လေသည်။

မုံ့လူက အတန်ကြာတွေဝေတွေးတောနေရာမှ ....

"ဒါကျုပ်နားမလည်ဘူး၊ သူယောက်ျားကိစ္စကို သူယောက်[...] နဲ့ပဲသွားရှင်းပါလား၊ သူနဲ့ဘာဆိုင်လို့လဲ"

"ခင်ဗျားနဲ့ကော ဘာဆိုင်လို့တဲ့"

ပေ့ဝူးသည် ပြောပြောဆိုဆိုဖြင့် မုံ့လူကို တရကြမ်း[...] တိုက်ခိုက်လေတော့သည်။

ဤကား ပေ့ဝူး၏အမှားပင်။

သူသည် သာမန်သိုင်းသမားတစ်ဦးမျှသာဖြစ်သည်။ [...] ဘက်လူအား မည်သူမည်ဝါဟူ၍ အကဲမခတ်ဘဲ သတိလက်လွတ်[...] ချောက်တိုက်ခိုက်ခြင်းဖြစ်ရာ အန္တရာယ်ကို စိန်ခေါ်ခြင်းပင်ဖြစ်ပေသည်။

မုံ့လူက ကျားပွတ်ကိုအသာအယာရှောင်တိမ်းပြီးဆောင့်ဆွဲလို[...] ရာ ပေ့ဝူးမှာမြေပေါ်ဘိုင်းခနဲလဲကျသွားတော့သည်။

မုံ့လူသည် အချိန်မဖြုန်းလိုသဖြင့် ပေ့ဝူးအားနှစ်ချက်ဆင့်[...] ရိုက်ချလိုက်၏။

ပေ့ဝူးမှာ မည်သို့မျှပြန်လည်ခုခံနိုင်ခြင်းမရှိဘဲငြိမ်ကျသွား[...] တော့သည်။



ထိုက်စန်းလျောင်သည် ဝမ်းသာပြီး ကျေးဇူးတင်လွန်းသဖြင့် ကျင်းလျှံ၏ပခုံးအားသွားရောက်သိုင်းဖက်ကာ ....

"ညီမတို့ကို ကျေးဇူးတင်လိုက်တာကွယ်၊ ဘယ်လိုကျေးဇူး ဆပ်ရမှန်းတောင် မသိတော့ဘူး"

သူမသည် ထိုသို့ပြောပြီး မုံ့လူကိုပါကြည့်လိုက်သည်။

"ရှင့်ရဲ့သိုင်းပညာဟာ တကယ့်ကိုကောင်းတာပဲ၊ ကျွန်မ လေးစားပါတယ်ရှင်၊ ဒါထက် တစ်ခုမေးပါရစေ၊ ရှင်တို့နှစ်ယောက် ဘယ်ကလာပြီး ဘယ်ကိုသွားကြမလို့လဲ"

ထိုစကားကြောင့် မုံ့လူက ကျင်းလျှံအား လှမ်းကြည့်လိုက်သည်။ ကျင်းလျှံက ထိုအမျိုးသမီးအား ...

"ကျွန်မတို့က ခရီးဝေးသွားမယ့်ခရီးသည်တွေပါ"

ထိုက်စန်းလျောင်သည် ဝမ်းသာသွားပြီး ....

"အတော်ပဲ၊ ခရီးဝေးသွားကြမယ်ဆိုရင် အခုလဲမိုးချုပ်နေပြီ၊ ဒီညတော့ မမအိမ်မှာ လိုက်ပြီးတည်းခိုရမယ်"

ထိုက်စန်းလျောင်သည် ကျင်းလျှံနှင့်မုံ့လူတို့အား အမှန်တကယ်ပင် ချစ်ခင်လေးစား၍နေပေသည်။

ကျင်းလျှံကပြုံးပြုံးဖြင့်

"ညီမတို့ကို ခုလိုခေါ်တာကျေးဇူးတင်ပါတယ်မမ၊ ဒါပေမယ့် ကျွန်မတို့မှာ သွားရမယ့်ခရီးကဝေးလို့ ...."

သူမ၏စကားမဆုံးမီပင် ထိုက်စန်းလျောင်က လက်ကာပြလိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"အို .... ဒီလိုမပြောပါနဲ့ ညီမရယ်၊ အစ်မ ဒီတစ်ညမှ မပြုစုရရင် တစ်သက်လုံးစိတ်ကောင်းမှာမဟုတ်ဘူး၊ လိုက်ခဲ့ကြပါနော်"

သူမသည် နှုတ်မှလည်းပြော လက်ကလည်း ကျင်းလျှံအား မြင်းပေါ်သို့ အတင်းအကျပ်ပင်တက်စေလိုက်သည်။ သူမကိုယ်တိုင်လည်း သူမ၏မြင်းပေါ်သို့ တက်လိုက်သည်။ မုံ့လှက ကျင်းလျှံအား လှည့်ကြည့်လိုက်၏။

အဘယ်လိုသဘောလဲဟု မေးလိုက်ခြင်းဖြစ်သည်။

ကျင်းလျှံက ချစ်စဖွယ်ခေါင်းညိတ်ပြပြီး ....

"လာပါအစ်ကိုရယ်၊ ကျွန်မတို့ ဒီတစ်ညတော့ လိုက်ပြီး တည်းခိုလိုက်ရအောင်"

သို့ဖြင့် မုံ့လှနှင့်ကျင်းလျှံတို့သည် ထိုက်စန်းလျှောင်ခေါ်ရာ နောက်သို့ လိုက်ပါသွားကြလေတော့၏။

✦✦✦



ဆယ်မိုင်မျှသောခရီးသည် သူတို့အဖို့ခဏမျှသာသွားလိုက်ရသည်ဟုထင်မိလေသည်။ သူတို့သည် မကြာမီအချိန်မှာပင် ကျယ်ဝန်းသောခြံကြီးတစ်ခြံ ရှေ့သို့ရောက်လာကြသည်။ အမျိုးသမီးကြီးက ခြံဝမှကြိုးလေးတစ်စကိုဆွဲကိုင်လှုပ်ယမ်းလိုက်၏။

"တင်း .... တောင် .... တင်း .... တောင် ...."

သာယာနာပျော်ဖွယ်ခေါင်းလောင်းသံလေး ထွက်ပေါ်လာပြီး ခြံတံခါးပွင့်သွားတော့၏။ အမျိုးသမီးကြီးက မုံ့လှတို့အားခေါ်၍ ခြံထဲသို့ဝင်ရောက်လိုက်လေသည်။

ဤတွင် ခြံတံခါးဝမှအစောင့်အကြပ်များက အမျိုးသမီးကြီးအား အရိုအသေပေးလိုက်ကြသည်။

ထိုအမျိုးသမီးကြီးကား မုံ့လှတို့အား မရမကဖိတ်ခေါ်လာသည့် ထိုက်စန်းလျှောင်ပင်ဖြစ်ပေတော့သည်။

မုံ့လှနှင့်ကျင်းလျှံတို့သည် ထိုအခါမှပင် ထိုက်စန်းလျှောင်သည် အထက်တန်းလွှာမှအမျိုးသမီးကြီးတစ်ဦးဖြစ်မှန်း သိရှိလိုက်ကြရတော့သည်။ တံခါးဝမှအစောင့်များသည် ထိုက်စန်းလျှောင်အား အရိုအသေပြုရုံမက ဧည့်သည်အဖြစ်ပါလာကြသောမုံ့လှနှင့်ကျင်းလျှံတို့ကိုပါ ဦးညွှတ်အရိုအသေပေးလိုက်ကြလေသည်၊

ထိုသို့အရိုအသေပေးစဉ် အစောင့်တစ်ဦးသည် မုံ့လှနှင့်ကျင်းလျှံတို့အားတွေ့မြင်သတိပြုမိပြီး စဉ်းစားဝေခွဲမရနိုင်ဟန်ဖြင့် ငေးကြည့်နေမိလေသည်။

ထိုက်စန်းလျှောင်နှင့်မုံ့လှတို့သည် ခြံထဲရောက်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



မြင်းများပေါ်မှအသီးသီးဆင်းလိုက်ကြသည်။ ထိုအခါ လူငယ်နှစ်ယောက်က သူတို့၏မြင်းများကိုလှာရောက်ဆွဲယူ၍မြင်းဇောင်းဆီသို့ ခေါ်ဆောင်သွားလေသည်။ ထိုက်စန်းလျောင်၏အရှိန်အဝါကား လွန်စွာကြီးမားလှကြောင်း ထင်ရှားပေါ်လွင်နေပေတော့သည်။

ဧည့်ခန်းသို့ရောက်သည့်အခါ ထိုက်စန်းလျောင်သည် မုံ့လူနှင့်ကျင်းလျှံတို့ဘက်လှည့်ကာ ....

"ညီမတို့ ဒီဧည့်ခန်းမှာ အပန်းဖြေနေခဲ့ကြပါဦး၊ အစ်မ စီစဉ်စရာရှိတာလေးတွေစီစဉ်ပြီး ချက်ချင်းပြန်လာခဲ့ပါ့မယ်"

ထိုက်စန်းလျှောင်သည် ထိုသို့ပြောပြီး အတွင်းခန်းဘက်သို့ ဝင်သွားလေတော့သည်။ မုံ့လူနှင့်ကျင်းလျှံမှာ ဧည့်ခန်းတွင်ကျန်ရစ်ခဲ့ကြလေသည်။

သူတို့သည် ဧည့်ခန်း၌ထိုင်ရင်း အိမ်ကြီး၏အခြေအနေကို အကဲခတ်လိုက်ကြသည်။ ဧည့်ခန်းတွင်ရှိသော အိမ်ထောင်ပစ္စည်းနှင့် ပရိဘောဂများသည် အဖိုးတန်များချည်းဖြစ်ကြောင်းသိရှိလိုက်လေသည်။ ဧည့်ခန်းကြီးမှာလည်း လွန်စွာ ကျယ်ဝန်းလှသည်ကိုတွေ့ရလေသည်။

သူတို့သည် ထိန်လင်းနေသောမီးရောင်အောက်တွင် စိတ်လွတ်ကိုယ်လွတ်ထိုင်ရင်း ကျင်းလျှံကစ၍ ....

"ဒီတစ်ညအတွက် ကျွန်မတို့ အေးအေးဆေးဆေး အနားယူခွင့်ရတာဟန်ကျသွားတာပဲ"

မုံ့လူ ခေါင်းညိတ်လိုက်သည်။



"ဒီလိုပဲ လူဆိုတာ ကံဆိုးလိုက် ကံကောင်းလိုက်ပေါ့"

ထိုသို့ပြောနေစဉ်မှာပင် သူတို့၏ရှေ့မှခန်းဆီးသည် လှုပ်ယမ်းသွားပြီး အခန်းဝတွင်လူတစ်ယောက်မားမားမတ်မတ်ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုလူအား တွေ့မြင်လိုက်ရသည်နှင့် ကျင်းလျှံနှင့်မုံ့လူတို့နှစ်ဦးမှာ ထိတ်လန့်တကြားဖြစ်ကာ မျက်လုံးများဝိုင်းစက်ပြူးကျယ်သွားရတော့၏။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



အခန်းဝတွင် လူတစ်ယောက် မားမားမတ်မတ်ကြီး ရပ်နေလေသည်။ ထိုလူကြီးသည် တင်းမာသောမျက်နှာထားဖြင့် သူတို့နှစ်ယောက်ထံသို့ တစ်လှမ်းချင်းလျှောက်လှမ်းလာလေသည်။

သူတစ်ယောက်တည်းမဟုတ်ပါ။

လေးဘက်လေးတန်မှ သိုင်းသမားဆယ်ယောက်ခန့်တို့သည်လည်း သူတို့နှစ်ယောက်၏ ဘေးတစ်ဘက်တစ်ချက်စီတွင် ရောက်နေကြပြီဖြစ်လေသည်။

ထိုအခါကျမှ မှုံလူ၏စိတ်ထဲတွင် တစ်စုံတစ်ခုကိုရိပ်စားမိသလိုဖြစ်သွားသည်။

အိမ်ထဲမှထွက်လာသူမှာ အခြားမဟုတ်ပါ။

လီရှောင်လုံပင်ဖြစ်နေတော့သည်။

သူသည် မိမိ၏လက်ချက်ကြောင့် ဒဏ်ရာရရှိသွားခဲ့သူဖြစ်၏။

ထို့ကြောင့် ....

သူ၏မိန်းမကို ဓားစာဖက်လုပ်ခဲ့သည်နှင့် မိမိတို့အား သူ့အိမ်သို့ရောက်အောင်ခေါ်ဆောင်နိုင်ခြင်းဖြစ်မည်ဟု မှုံလူယူဆလိုက်မိသည်။

"ကဲ မင်းတို့ ငါ့လက်ထဲကလွတ်အောင်ပြေးနိုင်သေးရဲ့လားကွ၊ ဟား .... ဟား .... ဟား"

လီရှောင်လုံပြောရင်း သဘောကျစွာဖြင့်ရယ်မောလိုက်၏။ မှုံလူနှင့်ကျင်းလျှံသည် ဘာမျှစဉ်းစားမနေတော့ဘဲ တိုက်ခိုက်ရန်သာ အသင့်ပြင်လိုက်ကြတော့သည်။

လီရှောင်လုံကလည်း ယေသားများအားအချက်ပြ၍ ....



"ဟေ့ ... တိုက်ကြစမ်း၊ ဒီကောင်သေရင် သေပါစေ၊ ကိစ္စမရှိဘူး၊ ဟိုမိန်းကလေးကိုသာ မထိခိုက်စေနဲ့"

သူသည် ထိုသို့ပြောပြီးသည်နှင့် မှုံလူအားဝင်ရောက်တိုက်ခိုက်လေတော့၏။ မှုံလူကလည်း ကျာပွတ်ကိုအလျင်အမြန်ထုတ်၍ ခပ်ကြမ်းကြမ်းပင် ပြန်လည်တိုက်ခိုက်လိုက်ရာ ခန်းမကြီးတစ်ခုလုံး ချက်ချင်းဆိုသလို ဆူညံပွက်လောရိုက်သွားလေတော့သည်။

✦✦✦

တိုက်စန်းလျှောင်သည် မီးဖိုခန်းတွင်း၌ စားသောက်စရာများ စီမံချက်ပြုတ်နိုင်းနေရာမှ အိမ်ရှေ့ခန်းမဆီမှ ဆူဆူညံညံအသံများကြားလိုက်ရ၍ ဧည့်ခန်းသို့ပြေးထွက်လာခဲ့သည်။

ဧည့်ခန်းသို့ရောက်သည့်အခါတွင် သူမ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားတော့သည်။

သူမ၏ယောက်ျားလီရှောင်လုံနှင့်သူ့တပည့်များက သူမခေါ်ဆောင်လာသည့်ဧည့်သည်များအား ဝိုင်းဝန်းတိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

သူမသည် အကြီးအကျယ်ဒေါသထွက်သွားရလေသည်။

ချက်ချင်းပင် ခါးထောက်၍ခပ်တင်းတင်းလေသံဖြင့် ....

"အားလုံးရပ်လိုက်ကြစမ်း"

ရုတ်တရက်ထွက်ပေါ်လာသည့် တိုက်စန်းလျှောင်၏အသံ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျင်းလျှံတို့အား ဝိုင်း၍တိုက်ခိုက်နေသူများနှင့် လီရှောင်လုံသည် သူမအားလှည့်ကြည့်လာကြလေသည်။

ကျင်းလျှံလည်း လှမ်းကြည့်ရင်း သူမအား တွေ့မြင်ရသည့်အခါ မကျေမနပ်ဖြစ်သွားပြီး ....

"အစ်မကြီးရဲ့ညီမခံမှုက အတော်လေးအဆင့်မြင့်ပါလား"

ထိုက်စန်းလျှောင် မျက်နှာကွက်ခနဲပျက်သွားသည်။ သူမသည် ခင်ပွန်းဖြစ်သူလီရှောင်လုံရှေ့သွားရပ်ပြီးမျက်နှာထားတင်းတင်းနှင့်မေးလိုက်၏။

"ရှင် ဒါဘာလုပ်တာလဲ၊ ကျွန်မညီမသည်ကို ဘာကြောင့်တိုက်ခိုက်ရတာလဲ"

လီရှောင်လုံက ဒေါသတကြီးဖြင့် ရင်ဘတ်မှဒဏ်ရာများကိုလှစ်ပြလိုက်ပြီး ....

"ဒီမှာကြည့်၊ သူတိုက်ခိုက်လိုက်လို့ ရလာခဲ့တဲ့ဒဏ်ရာတွေ၊ မင်းဘာမှမသိဘဲနဲ့ ဝင်မပါနဲ့၊ သူတို့ဟာ ...."

ထိုက်စန်းလျှောင်သည် သူ့စကားကို ဆုံးအောင်နားမထောင်ဘဲ လက်ကာပြလိုက်သည်။

"အို .... ရှင့်ဟာရှင် ဘာပဲဖြစ်ဖြစ်၊ ကျွန်မ ဂရုမစိုက်ဘူး၊ သူတို့ဘယ်သူတွေလဲဆိုတာ ရှင့်ကိုကျွန်မပြောပြမယ်၊ လာ လိုက်ခဲ့"

ထိုက်စန်းလျှောင်သည် ထိုသို့ပြောပြီးသည်နှင့် ခင်ပွန်းဖြစ်သူအား အတွင်းခန်းသို့ဆွဲခေါ်သွားလေသည်။

မကြာမီ သူမသည် အခန်းတွင်းမှပြန်ထွက်လာပြီး ကြောင်



အမ်းအမ်းဖြင့်ငေးနေကြသော လက်အောက်သိုင်းသမားများအား ခက်ထန်စွာကြည့်လိုက်ပြီး ....

"နင်တို့ ဘာကောင်တွေလဲ၊ ငါ့ညီသည်တွေကို နောက်တစ်ခါ ဒီလိုအပြုအမူမျိုးလုပ်တာမြင်ရင် ငါကိုယ်တိုင် နင်တို့ကိုသတ်မယ်၊ ဒါပဲ သွားကြ"

လီရှောင်လုံ၏တပည့်များသည် ထိုက်စန်းလျှောင်အား ကြောက်ရွံ့စွာဖြင့် ဦးညွှတ်ကာ အပြင်သို့ထွက်သွားကြတော့သည်။

ထိုက်စန်းလျှောင်သည် မျက်နှာမသာမယာနှင့် ကျင်းလျှံအနီးသို့လျှောက်လာပြီး ....

"အစ်မ အနူးအညွတ်တောင်းပန်ပါတယ်ညီမ၊ သူနဲ့ ညီမနဲ့ဖြစ်ခဲ့တယ်ဆိုတာကို အစ်မလုံးဝမသိပါဘူး၊ ဘာပဲဖြစ်ဖြစ် ခုအခန့်ကစပြီး ဒီလိုအပြုအမူမျိုးကို အစ်မအိမ်မှာမဖြစ်စေရဘူးဆိုတာ အစ်မကတိပေးပါတယ်၊ ကျေနပ်ပါနော်"

ကျင်းလျှံက မုံလှူအားတစ်ချက်ကြည့်ပြီး ထိုက်စန်းလျှောင်အားခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မတို့ ဘယ်လိုမှသဘောမထားပါဘူးမမ"

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးတစ်ခုလုံးသည် ပကတိတိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။ မုံ့လူနှင့်ကျင်းလျှံသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးပြုံးမိလိုက်ကြလေသည်။

သူတို့ပြုံးမိခြင်းမှာ လီရှောင်လုံတို့လင်မယား၏အဖြစ်ကိုကြည့်ပြီး ပြုံးမိလိုက်ကြခြင်းဖြစ်သည်။ မယားဖြစ်သူက ကျွေးမွေးပြုစုရန် အိမ်ကိုခေါ်လာခဲ့သည်။ ယောကျ်ားဖြစ် သူက ဘုမသိဘမသိဖြင့် မုံ့လူကို သူ၏အိမ်သို့လာရောက်စော်ကားသည်ဟုထင်ပြီး ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ပြဿနာသည် ရှင်းနေလျက်မှရှုပ်ထွေးသွားတော့သည်။ ကျင်းလျှံကလည်း ပထမတော့ သူတို့အား ထောင်ချောက်ဆင်၍ဖမ်းလာသည်ဟုထင်မိပြီး ထိုက်စန်းလျောင်အပေါ် ဒေါသထွက်သွားမိသည်။

သို့သော် ထိုက်စန်းလျောင်ထွက်လာသောအခါတွင် မိမိ၏စိတ်ထဲမှအထင်အမြင်များမှုကိုပင် အားနာသွားမိလေသည်။

ခုလည်း အိမ်ခန်းထဲမှတိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုးဖြင့်ပြောနေသော ထိုက်စန်းလျောင်၏အသံများကို ကြားနေရသေးသည်။

တစ်ခါတစ်ရံမှသာ လီရှောင်လုံ၏ပြန်လည်ချေပသံက ထွက်လာသည်။

သူတို့လင်မယားသည် အကြိတ်အနယ်ပြောနေကြဟန်တူပေသည်။



သူတို့သည် ကျယ်ကျယ်ပြောနေရာမှ တဖြည်းဖြည်းတိုးညှင်း၍သွားလေသည်။

တစ်ခဏမျှလည်း တိတ်ဆိတ်ငြိမ်သက်သွားသည်ဟုထင်လိုက်ရသည်။ တစ်အောင့်မျှအကြာတွင် လီရှောင်လုံ အခန်းထဲမှထွက်လာပြန်သည်။ လီရှောင်လုံ ထွက်လာသည်ကိုမြင်လိုက်ရ၍ ကျင်းလျှံနှင့်မုံ့လူမှာ ရင်ထိတ်သွားကြပြန်သည်။

သို့သော် လီရှောင်လုံ၏မျက်နှာက တင်းမာခက်ထန်မနေ ဘဲ ပြုံးရွှင်စွာထွက်လာသည်ကိုတွေ့လိုက်ရသဖြင့် သူတို့နှစ်ယောက် ရင်အေးသွားကြသည်။

သူတို့ရှေ့ရောက်လာသည့်အခါ ....

လီရှောင်လုံက လက်နှစ်ဖက်ဆုပ်၍ မုံ့လူအား အရိုအသေပေးကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

မုံ့လူမှာ လီရှောင်လုံ၏အမူအရာကိုကြည့်ပြီးအံ့အားသင့်သွားသည်။ လီရှောင်လုံသည် သူတို့နှစ်ဦးစလုံးကို မျက်လုံးတစ်ချက်စီကြည့်ပြီးပြုံးလိုက်သည်။

"စိတ်မရှိကြပါနဲ့ဗျာ .... ရုတ်တရက်ဆိုတော့ ကျုပ်ကိုရန်ပြုဖို့လာတာပဲဆိုပြီး တိုက်ခိုက်မိတာပါ။ အခု ကျွန်တော့်ဇနီးက ခင်ဗျားတို့အကြောင်းကိုအသေအချာပြောပြတော့မှပဲ ခင်ဗျားတို့ကို ကျွန်တော်ကျေးဇူးတင်ရမယ်ဆိုတာ နားလည်လာမိတယ်"

မုံ့လူနှင့်ကျင်းလျှံတို့က ပြန်၍အရိုအသေပေးလိုက်သည်။

"ကျွန်မတို့စိတ်ထဲမှာ ဘယ်လိုမှမအောက်မေ့ပါဘူးရှင်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလျှံက ချစ်စဖွယ်မျက်နှာလေးနှင့် ထိုကဲ့သို့ပြောလိုက်သောအခါ လီရှောင်လုံမှာပို၍ပင်နေရထိုင်ရခက်သွားရတော့သည်။

"နောက်ပြီး ခင်ဗျားတို့လမ်းမှာတွေ့ရတဲ့ပေ့ဗူးဆိုတဲ့လူရဲ့ ရမ်းကားမှုဟာလဲ လူမှားတာဖြစ်ပါလိမ့်မယ်၊ ကျုပ်မှာ ဒီလိုစာရိတ္တမျိုး မရှိပါဘူး၊ နောက်ပြီး အခုကိစ္စမှာ ခင်ဗျားတို့နဲ့တွေ့ခဲ့ပေလို့ပေါ့၊ နို့မို့ ကျုပ် ဖနီး ရေတိမ်မှာနစ်ရပြီ"

မုံ့လူနှင့်ကျင်းလျှံက ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ထားလိုက်ကြသည်။ လီရှောင်လုံက သူ၏စကားကိုဆက်လိုက်ပြန်သည်။

"ကျွန်တော်အမှားပြုလုပ်မိတာကိုခွင့်လွှတ်ပါ၊ နောက်ပြီး ငေါ်စွတ်ရွေ့ရဲ့လူတွေ ကျွန်တော်နဲ့ဆက်သွယ်နေပေမယ့် ကျွန်တော် ခင်ဗျားတို့အတွက် တတ်နိုင်သလောက်ကူညီဆောင်ရွက်ပေးပါ့မယ်"

ထိုစကားကိုကြားလိုက်ရသောအခါ မုံ့လူကဝမ်းသာစွာဖြင့် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တဲ့ .... ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ကြောင့် အစ်ကိုကြီးတို့ ဒုက္ခမရောက်စေချင်ပါဘူး"

ထိုအချိန်တွင် ထိုက်စန်းလျှောင်အခန်းထဲသို့ဝင်လာသည်နှင့်ကြုံနေသဖြင့် သူမက ထိုစကားကိုကြားသွားပြီး ပျာပျာသလဲဖြင့် ဝင်ပြောလိုက်ပြန်သည်။

"အို .... ဘယ်လိုဒုက္ခပဲဖြစ်ဖြစ်လာခဲ့ပါစေ၊ ကျွန်မတို့ ရှေ့ကနေပြီး ကာကွယ်ပေးပါ့မယ်"

ထိုစကားကို လီရှောင်လုံကလည်းထောက်ခံလိုက်သည်၊



"ဟုတ်ပါတယ်၊ ကျုပ် ခင်ဗျားတို့အပေါ်မှာ တကယ့်ကိုပဲ ခင်မင်သွားမိပါပြီ"

ထိုက်စန်းလျှောင်က လိုက်လိုက်လှဲလှဲပြုံးလိုက်ပြီး ....

"ကဲ .... ဒါတွေထားလိုက်ပါတော့၊ ညီမတို့လဲ ဆာနေကြရောပေါ့၊ ကျွန်မ အားလုံးစားဖို့သောက်ဖို့ ပြင်ဆင်ပြီးနေပါပြီ၊ စားသောက်ဖို့အခန်းထဲကိုလိုက်ခဲ့ကြပါရှင်"

မုံ့လူနှင့်ကျင်းလျှံသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး ပြုံးတူပင် ထမင်းစားခန်းထဲသို့လိုက်သွားကြလေတော့သည်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## အတိတ်ကိုတူးဆွခြင်း

နွေ၏ညသည် ပူလောင်အိုက်စပ်နေသော်လည်း မှုံလူနှင့် ကျင်းလျှံတို့၏ရင်ထဲတွင်မူ အေးမြ၍နေလေသည်။

ထိုက်စန်းလျောင်သည် သူတို့နှစ်ဦးအား အထူးဂရုစိုက်၍ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်လေသည်။

ကျင်းလျှံအားလည်း သူမ၏ညီမလေးတစ်ယောက်ကဲ့သို့ ပင် ချစ်ခင်သည်ဟုဆိုပြီး သူဘာကြောင့် တာ့စန်းအိုက်ဖ်းမှ ယခုကဲ့ သို့ထွက်လာရသည်ကိုမေးမြန်းလေသည်။

သို့သော် ကျင်းလျှံက ထိုကိစ္စကိုအဖြေမပေးဘဲ တိတ်ဆိတ် စွာနေလိုက်လေသည်။ ဝေါ်စွတ်စွေသည့် ဤနယ်တစ်ပိုက်လုံး သူ၏ ဩဇာအာဏာလွှမ်းမိုးစေလျက် အခြားဆိုးသွမ်းသော အနက်ရောင် ဂိုဏ်းသားများကိုလည်း အားပေးအားမြှောက်ပြုကာ လုယက်စေ သည်။

ထိုမှရလာသော ပစ္စည်းဥစ္စာများကို သူ့အား တစ်ဝက်လာ ပေးစေသည်။



ထိုသို့လာမပေးပါက သူသည် သူ၏သိုင်းသမားများဖြင့် ထိုလူဆိုးတို့အား သုတ်သင်ပစ်လိုက်သည်။ ထို့ကြောင့် သူသည် သူခိုး ဓားပြတို့၏ခေါင်းဆောင်ကြီးတစ်ယောက်ဖြစ်သည်ဟုလည်း ဆိုနိုင် သေးသည်။

ကျင်းလျှံသည် တာ့စန်းအိုက်ဖ်းအပေါ် ထိုမျှသောက်သား ပြောဆိုခဲ့သည်။ သူ့အား ဘာကြောင့်လိုက်သတ်သည်ကို သို့မဟုတ် သူ့အား ဘာကြောင့်လိုက်လံ၍ ဖမ်းဆီးနေသည်ကို သူ အသေအချာ မပြောပြပေ။

သို့သော် လီရှောင်လုံတို့လင်မယားသည် မှုံလူနှင့်ကျင်းလျှံ အပေါ် မည်သို့မှသံသယမရှိတော့ပါ။ လီရှောင်လုံကလည်း သူ့အမှား အတွက် ခွင့်လွှတ်ပါရန် ဝင်ရောက်တောင်းပန်ပြန်သည်။

ထို့နောက် ညဉ့်နက်ပြီဖြစ်၍ မှုံလူနှင့်ကျင်းလျှံတို့ အိပ်ရာဝင် ကြသည်။ မှုံလူမှာ ရှေ့ဆက်ရမည့်ခရီးစဉ်ကို တွေးတောပူပန်နေမိ သဖြင့်အိပ်မပျော်နိုင်ဘဲရှိနေ၏။

ထိုအချိန်တွင် ....

ကျင်းလျှံသည် သူ၏အခန်းဆီသို့ကူးလာလေသည်။

"အစ်ကို မအိပ်သေးဘူးနဲ့တူတယ်"

မှုံလူက အိပ်ရာပေါ်လဲလျောင်းနေရာမှ ကျင်းလျှံ၏အသံ ကြောင့် ကပျာကယာထထိုင်လိုက်သည်။

"ဟုတ်တယ် .... အိပ်လို့မပျော်သေးတာနဲ့ ဟိုတွေးဒီတွေး တွေးနေတာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလျှံကရယ်မောလိုက်သည်။

"အစ်ကိုတွေးတဲ့အထဲမှာ ကျွန်မလဲပါတယ်မဟုတ်လား"

ထိုစကားကြောင့် မှုံလူကြောင်အမ်းအမ်းဖြစ်သွားသည်။

"ညီမ ဘာကိုပြောတာလဲ"

ကျင်းလျှံကရယ်သံလွင်လွင်လေးဖြင့် ....

"အစ်ကို လမ်းမှာတုန်းက ခဏခဏမေးတယ်မဟုတ်လား ကျွန်မ ကာ့စန်းအိဂိုဏ်းကထွက်လာခဲ့တဲ့အကြောင်းကိုလေ၊ အခုလဲ အဲဒါပဲတွေးနေသလားလို့ပါ"

မှုံလူ သက်ပြင်းတစ်ချက် အသာအယာချလိုက်သည်။

"ဒါက ညီမရဲ့ကိစ္စပဲ၊ ညီမ ပြောမပြဘူးဆိုတော့လဲ အစ်ကို ဘာတတ်နိုင်မှာလဲ"

ကျင်းလျှံသည် အတန်ကြာအောင်ပင် စဉ်းစားတွေးတော၍ နေတော့သည်။

"တကယ်တော့ အစ်ကိုမေးတာကလဲမဆိုးပါဘူးလေ၊ တစ်ဦးရဲ့ကိစ္စကို တစ်ဦးက အသေအချာသိထားသင့်တာပေါ့၊ နောက်ပြီး ရှေ့ဆက်သွားရမယ့်ခရီးမှာ ညီမအကြောင်းကိုပြောပြနိုင်ချင်မှ ပြောပြနိုင်တော့မယ့်အခြေအနေမျိုးဖြစ်တော့မှာ"

ကျင်းလျှံ၏စကားကြောင့် ....

မှုံလူသည် ပျာပျာသလဲဖြစ် သွားကာ ....

"ဒီလိုဆို ညီမကပြောပြတော့မလို့လား"

ကျင်းလျှံက အတန်ကြာစဉ်းစားနေပြီးမှဆတ်ခနဲခေါင်းညိတ်



ပြုလိုက်လေသည်။

"အစ်ကို သေချာနားထောင်ပါ၊ ကျွန်မ ပြောပြပါ့မယ်"

ထိုသို့ပြောပြီးသည့်နောက် သူမ၏ စိတ်အစဉ်သည် လွန်ခဲ့သော လေးငါးနှစ်ခန့်ကအဖြစ်အပျက်များဆီသို့ ပျံလွင့်သွားလေတော့သည်။

✦✦✦

ဆောင်းရာသီဖြစ်၍ ရာသီဥတုသည် အေးစိမ့်ပြီး ဆီးနှင်းများက တဖွဲဖွဲကျနေပေသည်။ တောတောင်တစ်ခုလုံး အမှောင်ထုအုံ့လွှမ်းနေလေသည်။

တဲတန်းလျားကြီး သုံးလေးလုံးမှာလည်း အမှောင်ထုအောက်တွင် ငြိမ်သက်လျက်ရှိနေပေသည်။

သို့သော် ထိုတဲတန်းလျားများ၏အထဲတွင်မူ ဝါကျင့်ကျင့်ရောင်များက အမှောင်ထုကိုအံတုလျက်ရှိနေသည်။ တဲတန်းလျားတစ်ခု၏အစွန်ဘက်အခန်းတွင်တော့ မိန်းကလေးတစ်ယောက်က ငိုနည်းပက်လက် ငိုကြွေးလျက်ရှိနေသည်။

ထိုအတူပင် ....

အခြားအခန်းထဲတွင်ထိုင်နေကြသော ယောကျ်ားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးမှာလည်း သူတို့အတွေးနှင့်သူတို့ မျက်ရည်ကျလျက် နေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေသည် တစ်ယောက်၏အဖြစ်ကို တစ်ယောက်က ကူညီ၍မတတ်နိုင်သောအဖြစ်မျိုးနှင့် ကြုံတွေ့နေရခြင်းဖြစ်လေသည်။

ထို့ထက်ရှင်းအောင်ဆိုရလျှင် သူတို့သည် ဓားပြအုပ်စုတစ်ခု၏ဖမ်းဆီးလာခြင်းခံရပြီး ငှင်းတဲတန်းလျားအတွင်း၌ပိတ်လှောင်ခံနေရခြင်းဖြစ်သည်။

မိန်းကလေးမှာ တရှုံ့ရှုံ့နှင့်ငိုကြွေးနေ၏။

သူမ၏အမည်မှာ ကျင်းလျှံပင်ဖြစ်ပေသည်။

✦✦✦



သူမသည် မိဘနှစ်ပါးသေဆုံးသွားပြီးနောက် အားကိုးရာမဲ့ဖြစ်နေသဖြင့် ဦးလေးများရှိရာ ဆင်တူးမြို့သို့သွားရန်အတွက် လမ်းခရီးတွင် မြင်းလှည်းတစ်စီးကိုငှားရမ်းစီးလာခဲ့သည်။

ထိုမြင်းလှည်းပေါ်တွင် အခြားခရီးသည် အတော်များများသည်းပါရှိလေသည်။ သူတို့မြင်းလှည်း တောင်ကြားတစ်ခုသို့ ရောက်သောအခါတွင် ဓားပြတစ်စုနှင့်တွေ့ပြီး ယခုကဲ့သို့ ဖမ်းဆီးခေါ်ဆောင်ခံခဲ့ရခြင်းဖြစ်သည်။

ဓားပြယောင်သားများသည် ခရီးသည်များထံမှပါသမျှ ပစ္စည်းများကိုလုယက်မှုငင်ထားပြီးဖြစ်သော်လည်း သူတို့၏ခေါင်းဆောင်လာမချင်း ထိုလူများအားပြန်မလွှတ်ရန် အမိန့်ပေးခံထားရသဖြင့် သူတို့သည် ခေါင်းဆောင်ကြီးအလာကိုစောင့်ဆိုင်းနေကြလေသည်။

ဖမ်းဆီးလာသူများကိုလည်း တဲတန်းလျားကြီးထဲ၌ စုစည်းချုပ်နှောင်ထားပြီး သူတို့က အပြင်မှနေ၍စောင့်ကြပ်နေကြသည်။

အချိန်သည် တဖြည်းဖြည်းကုန်ဆုံးသွားရာ ညဦးနက်ပိုင်းအချိန်သို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ထိုစဉ်မှာပင် တဲတန်းများ အပြင်မှ ဆူဆူညံညံအသံများကိုကြားလိုက်ရလေသည်။

တစ်ခဏမျှအကြာတွင် လူတစ်ယောက်သည် ထိုတဲတန်းလျားထဲသို့ဝင်ရောက်လာသည်။ ထိုလူသည် အရပ်ထောင်ထောင်မောင်းမောင်းရှိပြီး ကျောတွင် ဓားရှည်တစ်ချောင်းကိုပိုး၍ လွယ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မီးရောင်မှိန်မှိန်အောက်တွင် ဖမ်းဆီးလာသူများ၏ မျက်နှာအား သေချာစွာလိုက်လံကြည့်ရှုလေသည်။

ထိုလူသည် .... အဘိုးအိုတစ်ယောက်နှင့် အဘွားအိုတစ်ယောက်အား သေချာစွာ စူးစိုက်ကြည့်လိုက်ပြီးနောက် သူ၏မျက်နှာမှာ ပြုံးရွှင်သွားလေသည်။

"ဘယ့်နှယ် .... ဝမ်းယောင်စင်း၊ ခုတော့ ခင်ဗျားဘာတတ်နိုင်သေးလဲ"

အဘိုးအိုက ကြောင်အမ်းအမ်းဖြင့် ထိုသူအားပြန်ကြည့်လိုက်သည်။

"မင်း ငါ့ကိုသိတယ်ဟုတ်လား၊ မင်းကို ငါမသိပါလား"

ထိုလူသည် သဘောကျစွာဖြင့်ရယ်မောလိုက်သည်။

"ခင်ဗျား ကျုပ်ကို မမှတ်မိတော့ဘူးဟုတ်လား၊ ခင်ဗျားတို့ရွာကို ကျုပ်ဓားပြလာတိုက်တုန်းက ခင်ဗျားက လူတွေစုပြီး ကျုပ်တို့ကိုဝိုင်းတိုက်လွှတ်လိုက်တာလေ၊ အဲဒီတုန်းက ကျုပ်ဘက်က လူသုံးယောက် ခင်ဗျားတို့ရွာမှာသေခဲ့ရတယ်၊ ခင်ဗျားက တကယ့်လူစွမ်းကောင်းကြီးပဲ"

ဝမ်းယောင်စင်းဆိုသော အဘိုးအိုမှာ ဘာမှပြန်မပြောနိုင်တော့ပါ။ အမှန်တွင် ထိုအဘိုးအိုသည် ရိုးသားစွာနေထိုင်သူတစ်ဦးဖြစ်သည်။

ထိုညက ဓားပြတစ်စုသည် သူ၏ရွာသို့ တရကြမ်းဝင်ပြီး တိုက်ခိုက်လုယက်ရာ ဝမ်းယောင်စင်းသည် ရွာထဲတွင်ရှိသောလူငယ်



များထဲမှ နည်းနည်းပါးပါးသိုင်းပညာတတ်ကျွမ်းပြီးသတ္တိရှိသည့်လူငယ်တစ်စုနှင့်ပူးပေါင်း၍ ဓားပြများအားပြန်လည်တိုက်ခိုက်ခဲ့ကြသည်။

ဓားပြများ ဖရိုဖရဲထွက်ပြေးသွားရပြီး ၎င်းတို့ထဲမှသုံးဦးမှာ သေဆုံးကျန်ရစ်ခဲ့လေသည်။

ထို့ကြောင့် ဓားပြခေါင်းဆောင်ဖြစ်သူ ထိုအရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနှင့်လူသည် မကျေနိုင်မချမ်းနိုင်ဖြစ်ပြီး ဝမ်းယောင်စင်းအား ရန်ငြိုးထားခဲ့ခြင်းဖြစ်လေသည်။

ယခု ဝမ်းယောင်စင်းခရီးသွားမည်ကိုသိ၍ သူက ငယ်သားများအား လမ်းတစ်ဝက်မှသွားရောက်ဖမ်းဆီးခေါ်ဆောင်လာခဲ့ရန် အမိန့်ပေးလိုက်သဖြင့် ယခု ထိုအဘိုးအိုလင်မယားအပြင် ကျင်းလျှံနှင့် အခြားလူငယ်နှစ်ယောက်ပါ အဆစ်ပါလာခဲ့ရခြင်းဖြစ်ပေသည်။

အဘိုးအိုဝမ်းယောင်စင်းမှာ မျက်နှာတွင် သွေးမရှိတော့ပါ။

သူသည် စိုးရိမ်ထိတ်လန့်စွာဖြင့် ပြန်ပြောလိုက်လေသည်။

"အေး .... ကျုပ်မှာ အပြစ်ရှိတယ်ထင်လို့ မင်းသတ်ချင်လဲ သတ်ပေါ့ကွာ၊ ဒါပေမယ့် ငါ့ဇနီးနဲ့ တခြားလူတွေမှာ ဘာမှအပြစ်မရှိကြပါဘူး၊ သူတို့ကိုတော့ မင်းဘာမှမလုပ်ပါနဲ့"

ခေါင်းဆောင်ဖြစ်သူသည် အခန်းထဲသို့ မျက်လုံးဝေ့ကြည့်လိုက်သည်။ စုစုပေါင်း ငါးယောက်ဖြစ်သည်၊ အဘိုးအိုလင်မယားနှစ်ယောက်နှင့် အခြားလူငယ်နှစ်ဦး နောက်တစ်ယောက်က ကျင်းလျှံဖြစ်သည်။

ထိုလူသည် ကျင်းလျှံအား သေချာစိုက်ကြည့်လိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်ကလဲ"

ဟုမေးလိုက်သည်။

ကျင်းလျှံသည် ထိုသူအား ရွှံမုန်းစွာလှမ်းကြည့်ကာ ....

"ဆင်တူးမြို့ကိုသွားမယ့်ခရီးသည်"

ကျင်းလျှံက ထိုလူ၏အမေးကို ခပ်ပြတ်ပြတ်ပင် ဖြေလိုက်သည်။ ထိုသူသည် ကျင်းလျှံအား တစ်ချက်စူးစိုက်ကြည့်ပြီးနောက် လူငယ်နှစ်ယောက်ဘက်သို့ လှည့်သွားပြန်သည်။

လူငယ်နှစ်ယောက်မှာ ရိုးသားသောသူများဖြစ်သည့်အတိုင်း ဘာတစ်ခွန်းမှမပြောဘဲ ငြိမ်နေကြသည်။

"မင်းတို့နှစ်ယောက်က အတူတူပဲလား၊ ဘယ်သွားမှာလဲ"

လူငယ်နှစ်ယောက်အနက် တစ်ယောက်က ....

"ကျွန်တော်တို့နှစ်ယောက်က ညီအစ်ကိုပါ၊ မြင်းလှည်းက ကျွန်တော့်မြင်းလှည်းပါ၊ ကျွန်တော့်ညီလေးက ကျွန်တော်နဲ့အဖော် လိုက်လာတာပါ"

ခေါင်းဆောင်ဖြစ်သူသည် လူငယ်နှစ်ယောက်အား သေချာကြည့်၍ကျေနပ်သွားပုံရသည်။

သူလူနှစ်ယောက်ကို ခေါ်လိုက်၏။

ငယ်သားနှစ်ယောက်ဝင်လာသည်။

"ဟော့ .... သူတို့ညီအစ်ကိုနှစ်ယောက်ကို မြင်းလှည်းနဲ့အတူ ပြန်လွှတ်ပေးလိုက်၊ ဒါပေမယ့် မင်းတို့ကို ကလန်ကဆန်ပြန်လုပ်ရင်း ဆုံးမလိုက်"



ငယ်သားနှစ်ယောက်ဦးညွှတ်အရိုအသေပေးပြီး လူငယ်နှစ်ယောက်အား ခေါ်ဆောင်သွားတော့သည်။ ထို့နောက် ခေါင်းဆောင်သည် ကျင်းလျှံဘက်သို့လှည့်လာပြန်သည်။

"မင်းက မိန်းမချောလေးတစ်ယောက်ပဲ ငါဘယ်နည်းနဲ့မှ မင်းကိုပြန်မလွှတ်နိုင်ဘူး"

ကျင်းလျှံမှာ ထိုလူ၏စကားကြောင့် ....

"ရှင် .... ကျွန်မကိုဘာမတရားလုပ်မလို့လဲ"

ထိုခေါင်းဆောင်သည် ကျင်းလျှံအားကြည့်ကာရယ်မောလိုက်လေသည်။

"ငါဘာမတရားလုပ်လို့လဲ၊ ဒီအဘိုးကြီးလင်မယားကို စောင့်ခမ်းတယ်၊ မင်းကအာဆစ်ပါတယ်"

ကျင်းလျှံကမဲ့လိုက်ပြီး ....

"ဒါဖြင့် ကျွန်မကိုလဲပြန်လွှတ်ပေါ့"

ထိုလူက ခေါင်းခါယမ်းလိုက်သည်။

"မင်းကိုတော့ ငါ ဘယ်နည်းနဲ့မှပြန်မလွှတ်နိုင်ဘူး"

ကျင်းလျှံက မျက်နှာတစ်ချက်ပျက်သွားပြီး ....

"ဘာကြောင့်လဲ၊ ကျွန်မမှာဘာအပြစ်ရှိလို့လဲ"

ထိုလူကပြုံး၍ ....

"မင်းကသိပ်လှနေလို့ပါ"

ကျင်းလျှံမှာ မည်သို့ပြန်ပြောရမည်မှန်းမသိဘဲပါးစပ်ပိတ်ထားလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လှပချောမောခြင်းသည် တစ်ခါတစ်ရံ အန္တရာယ်ကိုဖိတ်ခေါ်သလို ဖြစ်တတ်ကြောင်းကို ကျင်းလျှံ သဘောပေါက်နားလည်သွားလေသည်။

ထိုလူအား ဒေါသတကြီးကြည့်ကာ ....

"ဒါဆို ရှင်တို့ဟာ သူတစ်ပါးကိုမတရားလုပ်နေတဲ့ မတရားကောင်တွေပေါ့"

ခေါင်းဆောင်ဖြစ်သူက ကျယ်လောင်စွာရယ်မောရင်း ....

"မင်း အကဲခတ်မဆိုးဘူး"

ထိုသို့ပြောပြီး အပြင်ဘက်ရှိငယ်သားနှစ်ဦးအား ခေါ်လိုက်ပြန်သည်။ ငယ်သားနှစ်ယောက်ဝင်လာကြ၏။

"မင်းတို့နှစ်ယောက် ဒီအဘိုးကြီးနဲ့အဘွားကြီးကိုကြိုးနဲ့တုပ်ပြီး သစ်ပင်မှာသွားချည်ထားလိုက်၊ ပိဆင်းရီကိုအဲတုရင် ဒီလိုပဲ ခံစားရတယ်ဆိုတာလက်တွေ့ပြလိုက်မယ်"

ငယ်သားနှစ်ယောက်သည် သူတို့၏ခေါင်းဆောင် ပိဆင်းရီ ပြောသည့်အတိုင်း အဘိုးအိုနှင့်အဘွားအိုအား ကြမ်းတမ်းစွာ ကြိုးဖြင့်ချည်လေတော့သည်။

အဘွားအိုက တရှုံ့ရှုံ့ဖြင့် ငိုကြွေးနေ၏။ ထိုအဖြစ်အပျက်ကိုမြင်ရသောကျင်းလျှံသည် ရင်ထဲ၌နာကျင်သွားလေသည်။

အဘိုးအိုကဒေါသဖြင့် ....

"ဟေ့ .... ပိဆင်းရီ၊ မင်း ငါ့ကိုသတ်ချင်သတ်လိုက်၊ ငါ့မိန်းမနဲ့ဘာဆိုင်လို့လဲကွ"



အဘိုးအို၏စကားကြောင့် ပိဆင်းရီ တဟားဟားရယ်မောလိုက်လေသည်။

"ဒီမှာအဘိုးကြီး .... ခင်ဗျားဘာမှစကားများမနေနဲ့၊ ကျုပ်သူသုံးယောက်ဟာ ခင်ဗျားတို့ရဲ့ရွာမှာသေဆုံးခဲ့ရတယ်၊ ကျုပ်မကျေနပ်နိုင်ဘူး၊ ဟေ့ကောင်တွေ ခေါ်သွားကြစမ်း"

ပိဆင်းရီသည် ထိုသို့ပြောပြီးနောက် မျက်နှာလွှဲကာထွက်သွားတော့သည်။ ငယ်သားနှစ်ယောက်သည် အဘိုးအိုနှင့်တရှုံ့ရှုံ့ငိုကြွေးနေသောအဘွားအိုအား မညှာမတာဆွဲခေါ်သွားလေတော့၏။

✦✦✦

ည ....

ထိုညသည် မင်္ဂလာမရှိသောည ....

အချိန်များသည် တဖြည်းဖြည်းနှင့်ကုန်လွန်လာသည်။

မှန်မှားမှားလရောင်၏အရှိန်ကြောင့် ခပ်လှမ်းလှမ်းသစ်ပင်ပင်စည်ရင်းတွင် အဘိုးအိုနှင့်အဘွားအိုအား ကြိုးနှင့်တုပ်နှောင်ထားသည်ကို ကျင်းလျှံကလှမ်း၍မြင်နေရသည်။

သူမသည် ထိုအဘိုးအိုနှင့်အဘွားအိုအားကြည့်ကာ သူမ၏ဘိုးဘွားနှစ်ပါးနှင့်မခြား သနားကြင်နာမိလေ၏။ သို့သော် ကယ်တင်ရန်မှာလည်းမဖြစ်နိုင်ချေ။ ယခုအချိန်တွင် သူမ၏ဘဝသည်ပင် အဘယ်သို့ဖြစ်လာဦးမည်ကို မခန့်မှန်းနိုင်သေးသောအချိန်ဖြစ်သည်။

www.burmeseclassic.com



သူမသည် ထွက်ပြေးရန်ကြံစည်မိသော်လည်း အစောင့်များက သူမနှင့်မလှမ်းမကမ်းမှ စောင့်ကြပ်နေသည်ကို တွေ့နေရသည်။

အရှေ့ဘက် တဲတန်းလျားဆီမှ ပိဆင်းရီ၏ ကျယ်လောင်စွာပြောဆိုနေသော စကားသံများကို ကျင်းလျှံက အတိုင်းသားကြားနေလေရသည်။

ပိဆင်းရီသည် အရက်များကိုလွန်လွန်ကျူးကျူးသောက်ထားပုံရသည်။ သူ၏ မူးမူးနှင့်ပြောဆိုနေသောစကားပြောသံများမှာ ရှိန်းစိုင်းစွာထွက်ပေါ်လျက်ရှိနေသည်။ ကျင်းလျှံသည် ပိဆင်းရီပြောနေသည့် စကားသံများကို နားစွင့်နေမိ၏။

"မင်းတို့ဘာမှမပူကြနဲ့၊ ပိဆင်းရီကိုဒုက္ခပေးတဲ့လူကို ပိဆင်းရီကပြန်ပြီး ခုံးမရမယ်၊ နောက်ပြီး အဆစ်ပါလာတဲ့ မိန်းမချောလေးကိုတော့ ပိဆင်းရီကသိမ်းပိုက်ရမယ်၊ ဒါပဲ ...."

အသံသည် ခေတ္တပျောက်သွားပြီးမှ ပြန်ပေါ်လာပြန်သည်။

"ဘယ်လိုလဲ၊ ငါပြောတာကို မင်းတို့အားလုံး သဘောတူကြတယ်မဟုတ်လား"

ဘာသံမှမကြားရဘဲ ခေတ္တတိတ်ဆိတ်နေသည်။

တစ်ခဏကြာမှ ....

"တူပါတယ် .... တူပါတယ်"

ဟူသော လူသုံးလေးဦး၏အသံကိုကြားလိုက်ရလေသည်။

✦✦✦



ကျင်းလျှံမှာ ထိုစကားကြောင့် မျက်လုံးပြူးကျယ်သွားတော့၏။ သူမသည် အဘိုးအိုနှင့်အဘွားအိုအား လှမ်းကြည့်လိုက်မိရာ သစ်ပင်ရင်းတွင် သနားစဖွယ်ချည်နှောင်ထားခြင်းခံနေရသည်ကိုတွေ့ရှိရသည်။ ပိဆင်းရီမှာ အရက်များသောက်စားထား၍ အတော်လေးမူးနေပုံရသည်။

ထိုသူသည် အရက်မူးမူးနှင့် ထိုအဘိုးအိုနှင့် အဘွားအိုအားသွားသတ်ပြီး မိမိကိုပါမဟားတရားကြံစည်ပါလျှင် ကျင်းလျှံမှာ တွေးနေရင်းမှပင် ဇောချွေးများပြန်လာရတော့သည်။

ထိုသို့တွေးနေရင်းမှာပင် ငယ်သားနှစ်ယောက်နှင့်အတူ ပိဆင်းရီက ဓားကိုင်ပြီးထွက်လာကာ အဘိုးအိုနှင့်အဘွားအိုအနီးသို့ ဒယီးဒယိုင်ဖြင့်လျှောက်သွားနေကိုတွေ့လိုက်ရသည်။

ကျင်းလျှံမှာ ထိတ်လန့်တုန်လှုပ်သွားပြီး မျက်စိနှစ်လုံးကို စုံမှိတ်ကာ အံတင်းတင်းကြိတ်ထားလိုက်လေတော့၏။

✦✦✦

လရောင်၏အလင်းရောင်ကြောင့် သစ်ပင်ရင်းတွင် ချည်နှောင်ထားသော လူနှစ်ယောက်အား ကောင်းစွာတွေ့မြင်နေရသည်။ ပိဆင်းရီက ယိုင်တိယိုင်တိုင်ဖြင့်လျှောက်လှမ်းလာသည်။

သူသည် အဘိုးအိုရှေ့တွင်ရပ်လိုက်ပြီး ....

"ကဲ .... လူစွမ်းကောင်းအဘိုးကြီး သေဖို့သာပြင်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ပိဆင်းရီ၏မျက်နှာသည် ကြောက်စရာကောင်းလောက်အောင်ခက်ထန်မာကျောနေ၏။ သူသည် ဓားကိုအသင့်ကိုင်၍ အဘိုးအိုအား ရက်ရက်စက်စက်သတ်ရန်ချိန်ရွယ်လိုက်သည်။

ထိုစဉ် .... မမျှော်လင့်သောအဖြစ်အပျက်တစ်ရပ်သည် ရုတ်တရက်ပေါ်ပေါက်လာလေတော့၏။ မိန်းကလေးတစ်ယောက် အဘိုးအိုရှေ့ရောက်လာပြီးမတ်တပ်ရပ်လိုက်ခြင်းပင်ဖြစ်၏။ ပိဆင်းရီသည် အံ့သြစွာဖြင့် ထိုမိန်းကလေးအား စူးစိုက်ကြည့်လိုက်ရင်း ....

"မင်း ဘာလာလုပ်တာလဲ"

ထိုမိန်းကလေးကား အခြားသူမဟုတ်။ ကျင်းလျှံဖြစ်သည်။ ကျင်းလျှံသည် ပိဆင်းရီအားခက်ထန်စွာပြန်ကြည့်လိုက်ပြီး ....

"ရှင်သတ်ချင်ရင် ကျွန်မကိုအရင်သတ်ပြီးမှ သူ့ကိုသတ်ပါ"

ပိဆင်းရီသည် အံ့အားသင့်သွားပြီး ကျင်းလျှံကို မျက်လုံးအကြောင်သားဖြင့် ငေးကြည့်မိသည်။ ပြီးမှ ....

"ဩော် မင်းက သူ့အတွက်အသေခံမယ်ပေါ့၊ ဟုတ်လား"

ကျင်းလျှံက အံကြိတ်ရင်း ....

"ဟုတ်တယ်"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"နေပါဦး မင်း ဘာကြောင့် သူ့အတွက်တားနေရတာလဲ"

ကျင်းလျှံသည် အဘိုးအိုနှင့်အဘွားအိုနှစ်ယောက်ကို ညွှန်ပြလိုက်ပြီး ....

"ရှင် သူတို့ကိုကြည့်စမ်း၊ ရှင့်မိဘအရွယ်တွေ၊ ဘာမဟုတ်တဲ့



အပြစ်ကလေးနဲ့ သူတို့ကိုရန်ရှာနေတာ ကိုယ့်မိဘကို ကိုယ်ရန်ရှာနေတာနဲ့မတူဘူးလား၊ ရှင်ဒီလောက်တောင်သတ်ချင်နေရင် သူတို့အစား ကျွန်မကိုပဲသတ်ပြီး သူတို့ကိုလွှတ်ပေးလိုက်ပါ"

ပိဆင်းရီတစ်ချက် တွေဝေသွားသည်။ ပြီးနောက် ကျင်းလျှံကို စူးစိုက်ကြည့်မိသည်။ ကြည့်ရင်း ကြည့်ရင်း ကျင်းလျှံအပေါ် တပ်မက်စိတ်ဝင်ရောက်လာသည်။ ချက်ချင်းပင် သူ့စိတ်ထားသည် တစ်မျိုးပြောင်းသွားတော့၏။ သူသည် လွန်စွာချောမောလှပသော ကျင်းလျှံ၏မျက်နှာလေးကို မက်မက်မောမောကြည့်ကာ ....

"ကောင်းပြီ ... သူတို့ကိုငါလွှတ်ပေးမယ်၊ ဒီအတွက် မင်းငါ့ကို ဘာပြန်လုပ်ပေးမလဲ"

"သူတို့အစား ကျွန်မကိုသတ်နိုင်တယ်"

ပိဆင်းရီသည် ကျင်းလျှံအားစေ့စေ့ကြည့်ကာ ခေါင်းခါလိုက်၏။ ပြီးနောက် ခပ်တိုးတိုးရေရွတ်လိုက်လေသည်။

"မင်းလို မိန်းမလေးကို ငါဘယ်လိုသတ်ရက်မှာလဲကွာ"

သို့သော် ထိုစကားသံက အမှန်တကယ်ထွက်ပေါ်လာခြင်းမရှိပါ။ အမှန်တကယ်ထွက်ပေါ်လာသည့်စကားသံကား ....

"ဟေ့ .... သူတို့နှစ်ယောက်ကိုလွှတ်ပေးလိုက်"

အဘိုးအိုနှင့်အဘွားအိုကိုညွှန်ပြရင်း ငယ်သားများအား အမိန့်ပေးလိုက်ခြင်းပင်ဖြစ်ပေတော့၏။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## အကြံကောင်းတစ်ချက်

ညဥ့်နက်ပိုင်းလေပြည်လေညှင်းတလေးများသည် ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ တဖြူးဖြူးတိုက်ခတ်လျက်ရှိနေ၏။

မုံ့လှသည် ကျင်းလျှံပြောသမျှကို မျက်လုံးအစုံမှိတ်၍နားထောင်နေမိသည်။

ကျင်းလျှံ၏စကားသံသည်ရပ်တန့်သွားပြီး အတန်ကြာသည့်တိုင်အောင် မထွက်လာတော့သဖြင့် သူက မျက်လုံးဖွင့်၍ကြည့်လိုက်မိသည်။

ကျင်းလျှံ၏မျက်ဝန်းအစုံတွင် မျက်ရည်များပြည့်လျှံနေသည်ကို တွေ့လိုက်ရလေသည်။

မုံ့လှသည် ကျင်းလျှံအားကြည့်ကာ စိတ်မကောင်းဖြစ်သွားမိလေသည်။

ကျင်းလျှံသည် ဝမ်းနည်းစွာဖြင့် တစ်ချက်ရှိုက်လိုက်သည်၊ မုံ့လှက ကရုဏာသက်စွာဖြင့်လှမ်းကြည့်နေသည်။



ကျင်းလျှံသည် အတန်ကြာရှိုက်နေပြီးမှ မျက်ရည်စများကို သုတ်၍ ....

"ကျွန်မဘဝရဲ့အစက အဲဒါပါပဲရှင်....အဲဒီညက ဒီအဘိုးအိုသင်မယားရဲ့အသက်ကို ကျွန်မဘဝနဲ့လဲလိုက်ရတာပါပဲ"

မုံ့လှကစိတ်ထိခိုက်စွာဖြင့် ....

"ညီမအကြောင်းကိုသိရတာ အစ်ကိုစိတ်မကောင်းပါဘူး၊ ကျုပ်လဲနောက်ဘယ်တော့မှညီမရဲ့အကြောင်းမမေးတော့ပါဘူး၊ ကဲ ညီမသွားအိပ်ပါတော့"

ကျင်းလျှံက ခေါင်းညိတ်လိုက်သည်။

ပြီးနောက် သူမသည် အတန်ငယ်စဉ်းစားလိုက်ပြီး ....

"အခု ညီမပြောပြတာတွေဟာ ညီမဘဝရဲ့အစပိုင်းပဲရှိပါသေးတယ်၊ နောက်တော့လဲ အစ်ကိုတဖြည်းဖြည်းသိသွားရမှာပါ"

မုံ့လှက....

"အခုလို ညီမရဲ့ အကြောင်းကို ပြောပြတာ ကျေးဇူးတင်ပါတယ်၊ ညီမသိပ်ပင်ပန်းနေပြီသွားအိပ်ပါတော့နော်"

မုံ့လှသည် ထိုသို့ပြောပြီးသည်နှင့် ကျင်းလျှံထွက်သွားသည်အထိမစောင့်တော့ဘဲ ခြေရင်းမှစောင်ကိုမျက်နှာအုပ်သွားသည်အထိဆွဲ၍ ခြုံလိုက်လေတော့သည်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



ထိုညက မုံလှသည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားလေသည်။ အချိန်မည်မျှအထိကြာအောင် အိပ်ပျော်သွားသည်မသိ။

တံခါးထုသံကြားရမှ မုံလှနိုးလာပြီး အခန်းတံခါးကိုသွားရောက်ဖွင့်ပေးလိုက်သည်။

ထိုအခါ .... အခန်းဝတွင် မျက်နှာမသာမယာနှင့် လီရှောင်လုံအားတွေ့ရပြီး သူ၏နောက်တွင် ကျင်းလျှံပါကပ်ပါလာသည်ကို တွေ့လိုက်ရလေသည်။

မုံလှက မျက်နှာမသာမယာနှင့် ဝင်လာသောလီရှောင်လုံအား ပျာပျာသလဲမေးလိုက်သည်။

"အစ်ကိုကြီး မျက်နှာလဲမကောင်းပါလား၊ ဘာဖြစ်လို့လဲ"

လီရှောင်လုံက သူ၏နှုတ်ခမ်းတွင်လက်ညှိုးတေ့၍ ....

"ရှူး .... စကားကိုတိုးတိုးပြော အောက်မှာ ရန်သူရောက်နေတယ်"

အိမ်ကြီးမှာနှစ်ထပ်အိမ်ဖြစ်၍ ညက သူတို့အား အပေါ်ထပ်တွင်တက်ရောက်အိပ်စေခြင်းဖြစ်သည်။

"ရန်သူတွေ ဘယ်ကလဲ"

မုံလှက အေးဆေးသောလေသံဖြင့်မေးလိုက်သည်။

လီရှောင်လုံကလေသံတိုးတိုးဖြင့် ....

"ဝေါ်စွတ်စွေလွှတ်လိုက်တဲ့အဖွဲ့ပေါ့၊ လူသုံးဆယ်လောက်ရှိတယ်၊ အဖွဲ့ခေါင်းဆောင်က အမှတ်စဉ်(၆) ဖြစ်တဲ့လောင်စူးပဲ"

မုံလှမျက်မှောင်ကုပ်သွားသည်။



"သူတို့က ဘယ်လိုရောက်လာကြတာလဲ၊ ကျွန်တော်တို့ ဒီမှာရှိတယ်ဆိုတာသိနေလို့လား"

လီရှောင်လုံက အသာအယာခေါင်းခါယမ်းလိုက်ပြီး....

"ဒီလိုလဲမဟုတ်ဘူး၊ မင်းတို့ ဒီနယ်တစ်ဝိုက်ရောက်နေတယ်ဆိုလို လိုက်ရှာနေကြတဲ့ပုံပဲ၊ တို့အိမ်ကိုလဲ သိပ်ပြီးမသင်္ကာဘူးနဲ့တူတယ်၊ ရှာပါရစေလို့ပြောနေတယ်"

ကျင်းလျှံကမျက်နှာမသာမယာဖြင့် ....

"ကျွန်မတို့ကြောင့် အစ်ကိုကြီးတို့ ဒုက္ခရောက်တော့မယ်နဲ့တူတယ်၊ ဘယ်လိုလုပ်ကြမလဲ"

ကျင်းလျှံကစိုးရိမ်နေသလောက် လီရှောင်လုံကမူအေးအေးဆေးဆေးရှိနေသည်။

ကျင်းလျှံအား နှစ်သိမ့်အားပေးဟန်ဖြင့် ပြုံးပြလိုက်ပြီး ....

"သိပ်လဲမစိုးရိမ်ပါနဲ့လေ၊ အောက်ထပ်မှာထိုက်စန်းလျောင်ညှိခံပြီးစကားပြောနေတယ်၊ သူတို့အရေးတကြီးတော့ တက်ရှာမယ်မဟုတ်ပါဘူး"

ထိုအချိန်မှာပင် ထိုက်စန်းလျောင် ပျာပျာသလဲဖြင့် အပေါ်ထပ်သို့တက်လာပြန်သည်။

"ဒီကညီမတို့ သိပ်ပြီးစိုးရိမ်မနေကြပါနဲ့၊ တကယ်လို့ တစ်ခုခုဖြစ်လာရင် အစ်မကြီးတာဝန်ယူပါတယ်၊ အခုလောင်စူးနဲ့သူ့ငယ်သားလေးယောက်ကို ဧည့်ခန်းမှာကျွေးမွေးဧည့်ခံထားပါတယ်၊ ကျန်တဲ့သိုင်းသမားတွေကိုတော့ ခြံဝင်းထဲမှာပဲဧည့်ခံကျွေးမွေးထားတယ်"

www.burmeseclassic.com



လီရှောင်လုံက ....

"တို့အခု ဘာလုပ်သင့်တယ်ဆိုတာကို မင်းပြောစမ်းပါဦး"

ထိုက်စန်းလျောင်က လီရှောင်လုံအား မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"ရှင်လဲ ဘာမှနားမလည်ဘူး၊ လာ.... ရှင်ပါနားထောင် ဘာလုပ်ရမယ်ဆိုတာကျွန်မပြောပြမယ်"

ထို့နောက် ထိုက်စန်းလျောင်က လေသံတိုးတိုးဖြင့် သူမ၏ အစီအစဉ်ကို စိတ်ရှည်လက်ရှည်ပြောပြလိုက်လေတော့သည်။

✦✦✦



လောင်စူး ....

သို့မဟုတ် တာ့စန်းအိုဂိုဏ်း၏အမှတ်စဉ် (၆)

ယခုရောက်ရှိလာသည့်အဖွဲ့ကို ခေါင်းဆောင်လာသူပင်ဖြစ်သည်။ လူတစ်ယောက်၏သတင်းပေးမှုကြောင့် သူသည် လီရှောင်လုံ၏အိမ်သို့ လာသာလာခဲ့ရသည်။

စိတ်ထဲ၌ လုံး၀မယုံကြည်ခဲ့ပေ။

လီရှောင်လုံသည် သူတို့ဂိုဏ်း၏ဘက်တော်သားတစ်ယောက်ဖြစ်သည်မဟုတ်ပါလား။

အထူးသဖြင့် မှုလူတို့အားဖမ်းမိခဲ့လျှင် ဆုငွေပေးမည်ဟု ပြောထားသောကြောင့် မှုလူနှင့်ကျင်းလျံ့အားတွေ့ရှိလျှင် လီရှောင်လုံသည် မည်သည့်နည်းနှင့်မျှမဖမ်းဘဲနေမည်မဟုတ်ပေ။

လီရှောင်လုံထံတွင် တပည့်လက်သား သိုင်းသမားပေါင်းများစွာရှိနေသည်ကိုလည်း လောင်စူးကသိထားသည်။

သို့သော် သူ့အားသတင်းပေးသူက ....

လီရှောင်လုံ၏မိန်းမနှင့်အခြားလူစိမ်းနှစ်ယောက်တို့ မနေ့ညက လီရှောင်လုံ၏အိမ်သို့ဝင်ရောက်သွားသည်ဟု အတိအကျပြောလိုက်သဖြင့် ....

လောင်စူးသည် မယုံကြည်သော်လည်း ခေတ္တတော့ဝင်ရောက်ကြည့်ဦးမည်ဟုဆုံးဖြတ်ကာ ရောက်ရှိလာခြင်းဖြစ်သည်။

ယခု လီရှောင်လုံ၏ဇနီးအားမေးကြည့်သောအခါတွင် ....

ညက အိမ်သို့လာသွားသည်မှာ

www.burmeseclassic.com



သူမ၏ဆွေမျိုးနှစ်ဦးဖြစ်ပြီး ညကတည်းကပင် ပြန်သွားကြ ဖြစ်ကြောင်းပြောပြပြီး ....

သူတို့အား အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးနေ သဖြင့် လောင်စူးမှာ အတော်ပင်စဉ်းစားရကျပ်သွားသည်။

လီရှောင်လုံသည် ဧည့်ခန်းတွင်းသို့ ပြန်လည်ဝင်ရောက်လာ ပြီး ....

"ဆရာလောင်စူးကို အေးအေးဆေးဆေးသုံးဆောင်ကြပါ ဒီ ကိစ္စကို ကျွန်တော်တို့ဝိုင်းဝန်းကူညီပေးပါ့မယ်၊ အခုလဲ ဘာဆက်လုပ် ရမယ်ဆိုတာကို ကျွန်တော်အစီအစဉ်တွေလုပ်ထားပါတယ်"

လီရှောင်လုံက ထိုသို့ပြောနေရာမှ အပြင်ဘက်သို့လက်ခု တီး၍ခေါ်လိုက်၏။

လီရှောင်လုံခေါ်သံကြောင့် လူငယ်တစ်ယောက် အတွင်းသို့ ပြေးဝင်လာပြီး လီရှောင်လုံအားအရိုအသေပေးလိုက်၏။

"ဟော့ကောင် .... တို့အဖွဲ့က လက်ရွေးစင်မျက်နှာဖုံးသိုင်း သမားတွေအသင့်ဖြစ်ရင် ဝါ့ဆီလာဖို့သွားပြောစမ်း"

လောင်စူးသည် သိုင်းဆရာကြီးလီရှောင်လုံအား ယုံကြည် လေးစားသည်။ သူ့တွင် လက်ရွေးစင်တပည့်တပန်းများစွာရှိသည်ကို လည်းသိသည်။

သူတို့၏အစွမ်းကိုလည်း ယုံကြည်သည်။

လီရှောင်လုံ၏အမိန့်သံအဆုံးတွင် အခန်းထဲဝင်လာသော လူငယ်သည် ချက်ချင်း ပြန်လှည့်ထွက်သွား၏။



လီရှောင်လုံက မင်သေသေဖြင့် လောင်စူးအားပြောလိုက် သည်။

"ဆရာလောင်စူး .... စိတ်အေးအေးထားပြီး အနားယူပါ၊ ကျွန်တော့်တပည့်တွေ ဒီနေရာတစ်ဝိုက်မှာ ပိုက်စိပ်တိုက်ပြီးရှာပါလိမ့် မယ်၊ အခု ဆရာလောင်စူးပြောတဲ့အတိုင်းဆိုရင် ရန်သူဟာ ဒီအနီး အနားတစ်ဝိုက်မှာပဲရှိနေမှာပါ၊ ကျွန်တော့်အိမ်နဲ့ ခြံဝင်းတစ်ဝိုက်ကိုလဲ သံသယကင်းသွားအောင်ရှာနိုင်ပါတယ်"

ထိုအချိန်တွင် ထိုက်စန်းလျှောင်ကပါ ဧည့်ခန်းထဲသို့ဝင်လာ ပြီး အသံကျယ်လောင်စွာဖြင့်ပြောလိုက်သည်။

"ဆရာလောင်စူးတို့ ဘာများအလိုရှိပါသေးလဲရှင်၊ ပြောပါ၊ ကျွန်မတို့အိမ်ကိုသံသယရှိရင်လဲ အားမနာဘမ်းရှာနိုင်ပါတယ်ရှင်"

တစ်ဆက်တည်းပင် ထိုက်စန်းလျှောင်သည် လီရှောက်လုံ့ ဘက်လှည့်ကာ ....

"လီရှောင်လုံ ရှင့်မျက်နှာဖုံးသိုင်းသမားတွေကို ခုထိ မလွှတ် သေးဘူးလား"

ထိုသို့ပြောဆိုနေစဉ်မှာပင် မျက်နှာဖုံးစွပ်ထားသော သိုင်း သမားခြောက်ယောက်သည် ဧည့်ခန်းတွင်းသို့ အပြေးအလွှားဝင် ရောက်လာကာ လီရှောင်လုံနှင့် လောင်စူးတို့အား အရိုအသေပေး လိုက်ကြလေသည်။

ထို့နောက် မျက်နှာဖုံးနှင့် သိုင်းသမားခြောက်ယောက်တို့ သည် ဧည့်ခန်းထဲတွင် တန်းစီ၍ရပ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် တစ်ယောက်မှာ မျက်နှာဖုံးစွပ်စောင်းနေသဖြင့် ထိုက်စန်းလျှောင်က ထိုင်နေရာမှ ကပျာကယာထသွားပြီး ....

"ဒီကောင်ဟာလေ အရေးရယ်အကြောင်းရယ်ဆို ပုံပျက်ပန်းပျက်ကိုဖြစ်တော့တာပဲ"

ပြောပြောဆိုဆို ထိုသူ၏မျက်နှာဖုံးအားဆွဲချတ်လိုက်၏။

ပြီးမှ ....

"ရော့ .... သေသေချာချာပြန်စွပ်စမ်း"

သူမသည် စိတ်သဘောမတွေ့သလိုပြောပြီး လောင်စူးနားတွင်ခင်ထိုင်လိုက်သည်။

လီရှောင်လုံကမတ်တတ်ရပ်၍ ဩဇာအာဏာသံအပြည့်အဖြင့်လှမ်း၍အမိန့်ပေးလိုက်သည်။

"ဟော့ .... ဝမ်းဖူနဲ့ဝမ်းလောင်"

မျက်နှာဖုံးစွပ်ထားသောသိုင်းသမားနှစ်ယောက်က ရှေ့သို့ခြေတစ်လှမ်းတိုး၍ရပ်လိုက်သည်။

"မင်းတို့နှစ်ယောက် တောင်ဘက်ကုန်းမြင့်ကို အမြန်လိုက်လူစိမ်းနှစ်ယောက်ကိုတွေ့တာနဲ့ ငါ့ဆီကိုအမြန်ဆုံးသတင်းပို့ပါ"

ထိုသူနှစ်ယောက် အခန်းတွင်းမှလျင်မြန်စွာထွက်ခွာသွား၏။

"ရောင်စိန်နဲ့ငူးချို"

လီရှောင်လုံကထပ်မံခေါ်လိုက်ရာ ပထမလူများကဲ့သို့ပင် သူတို့လည်း ရှေ့သို့တစ်လှမ်းတိုးပြီးရပ်လိုက်ကြသည်။

"မင်းတို့နှစ်ယောက်က ထိုက်စံကျောစောင်ကုန်းဘက်ကို



သွား၊ မှုလှနဲ့ကျင်းလျှံကိုတွေ့ရင် အခြေအနေကြည့်ပြီး တိုက်သင့်ရင်တိုက်၊ တိုက်ဖို့အခွင့်မသာရင် အမြန်ဆုံးပြန်လာပြီးသတင်းပို့၊ ကဲ... သွားကြတော့"

ထိုလူနှစ်ယောက်လည်း ချက်ချင်းပင် ပြေးထွက်သွားကြပြန်လေသည်။ လီရှောင်လုံအမိန့်ပေးနေပုံကို လောင်စူးက သဘောကျစွာဖြင့်ကြည့်နေသည်။

ထိုအချိန်တွင် အခန်းတွင်း၌ မျက်နှာဖုံးပြန်လည်စွပ်နေသူနှင့်အခြားတစ်ယောက်သာကျန်တော့သည်။

လီရှောင်လုံက ထိုလူနှစ်ယောက်အား အသံကျယ်ကျယ်ဖြင့်

"ငါ အများဆုံးထင်မိတာတော့ ဟောဒီ အရှေ့ဘက်တောင်ဖြတ်လမ်းက သွားလိမ့်မယ်လို့ယူဆတယ်၊ အဲဒီလမ်းကိုတော့ မင်းတို့နှစ်ယောက်အပြင် ... ဟောဒီ ဆရာလောင်စူးရဲ့လူထဲက ငါးယောက်လောက်ပါ ခေါ်သွားစေချင်တယ်"

ထိုအခါ တစ်ချိန်လုံး တိတ်ဆိတ်နေသောလောင်စူးက ရယ်လိုက်ပြီး ....

"ကိစ္စမရှိဘူးလီရှောင်လုံ အရှေ့ဘက်လမ်းကိုတော့ လွှတ်မနေပါနဲ့၊ အဲဒီမှာ အမှတ်(၅) ကျောင်းဝိဖန်တို့အဖွဲ့ရှိနေတယ်"

လီရှောင်လုံက ကျေနပ်စွာဖြင့်ခေါင်းညိတ်လိုက်ပြီး ....

"ဩော် .... ဩော် .... ဒါဆိုလဲ မင်းတို့နှစ်ယောက် နောက်ဘက်ကလျှိုတွေဘက်ကိုလိုက်ရှာကြည့်စမ်းကွာ၊ သွားတော့"

နောက်ဆုံးကျန်သောလူနှစ်ယောက်သည်လည်း ....

www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်စွာထွက်သွားကြလေသည်။

မျက်နှာဖုံးနှင့် သိုင်းသမားနှစ်ဦးစီ၊ မြင်းကိုယ်စီစီး၍ ခြံထဲမှ သုံးတွဲတီတီထွက်သွားကြသည်ကို ....

ခြံထဲ၌စုဝေးနေကြသော တာ့စန်းအိသိုင်းသမားများက ကြည့်ကောင်းကောင်းနှင့် ကြည့်နေကြသည်။

ထိုသုံးသုတ်ထဲတွင် အလယ်အသုတ်ဖြစ်သော မျက်နှာဖုံးနှင့်သိုင်းသမားနှစ်ဦး မြင်းကိုယ်စီဖြင့် ခြံထဲမှထွက်သွားသည်ကို မြင်လိုက်ရသည့်အခါမှ ထိုက်စန်းလျော်ငံ မသိမသာသက်ပြင်းတစ်ချက် ချလိုက်မိသည်။

ထိုအဖြစ်ကို မည်သူမျှရိပ်စားမိလိုက်ခြင်းမရှိပါပေ။

✦✦✦



မျက်နှာဖုံးနှင့်လူနှစ်ယောက်စီးလာသော မြင်းနှစ်ကောင်သည် အရှေ့ဘက်တောင်တန်းဆီသို့ ဦးတည်၍ လျှင်မြန်စွာပြေးလွှားနေပေသည်။

သူတို့သည် ခရီးအတော်လေးပေါက်၍ အရိပ်ကောင်းသောနေရာ တစ်နေရာသို့အရောက်တွင် ....

မြင်းကို ရပ်တန့်လိုက်ကြသည်။

ထို့နောက် ....

သူတို့နှစ်ဦးသည် မြင်းပေါ်မှ ကပျာကယာဆင်းကာ .....

မျက်နှာဖုံးများကိုချွတ်၍ အဝတ်အစားများကိုလည်းလဲလှယ်ဝတ်ဆင်လိုက်ကြသည်။

ထိုသူနှစ်ဦးကား မုံ့လူနှင့်ကျင်းလျှံတို့ပင်ဖြစ်ကြပေသည်။

လီရှောင်လုံ၏အိမ်တွင် မုံ့လူက ဘာပဲဖြစ်ဖြစ် တိုက်ခိုက်မည်ဟုပြောဆိုနေသည်။

ကျင်းလျှံက မိမိတို့သာ အိမ်ထဲမှတိုက်ခိုက်ထိုးဖောက်ထွက်ပြေးခဲ့လျှင် ....

လီရှောင်လုံတို့ဇနီးမောင်နှံမှာ အနေရကျပ်ပြီး တာ့စန်းအိဂိုဏ်း၏ရန်ငြိုးဖွဲ့ခြင်းကိုခံရလိမ့်မည်ဖြစ်ကြောင်းပြောဆိုကာ အခြားနည်းလမ်းနှင့်ရှောင်ထွက်ရန် အကြံပြုလေသည်။

ဤတွင် ....

ထိုက်စန်းလျော်ငံက သူတို့၏မျက်နှာဖုံးစွပ် သိုင်းသမားများနှင့် ပုံများရိုက်၍ထွက်သွားနိုင်ရန် အစီအစဉ်များရေးဆွဲပြီး ....

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ လွှတ်လိုက်ခြင်းဖြစ်လေသည်။

မုံလှတို့သည် အဝတ်အစားများလဲလှယ်ပြီးသည်နှင့် ....

တစ်ခဏမျှသာအနားယူပြီး ခရီးဆက်ခဲ့ကြပြန်သည်။

သူတို့နှစ်ဦးသည် နားလိုက် သွားလိုက်နှင့် ခရီးဆက်ခဲ့ကြရာ ညနေမိုးချုပ်သည်အထိ မည်သည့်အန္တရာယ်မျှမတွေ့ခဲ့ရပေ။

✦✦✦



ညဦးပိုင်းသို့ရောက်သောအခါ .... သူတို့နှစ်ယောက်သည် လရောင်ကိုအားပြုလျက် မြင်းများကိုဖြည်းဖြည်းချင်းနှင်ကာ ခရီးဆက်ခဲ့ကြလေသည်။ ကျင်းလျှံသည် ရှေ့မှသွားနေသောမုံလှအား ....

"အစ်ကို အိပ်ချင်ပြီလားဟင်၊ အိပ်ချင်ရင် အေးအေးဆေးဆေးရှိမယ့်တစ်နေရာမှာ နားကြတာပေါ့"

ဟုပြောလိုက်၏။ မုံလှက ခေါင်းခါယမ်းလိုက်သည်။

"မအိပ်ချင်သေးပါဘူး၊ လမ်းကလဲကောင်းတယ်၊ လရောင်လေးကလဲ ရှိနေတယ်ဆိုတော့ ခရီးပေါက်သလောက် ဆက်သွားကြတာပေါ့"

ကျင်းလျှံ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မတို့သွားမယ့်ခရီးက ရက်အတော်ကြာဦးမှာနော်"

"ဟုတ်တယ် ... အစ်ကိုတို့သွားနေတဲ့ခရီးတစ်လျှောက်လုံး ဖြောင့်ဖြောင့်ဖြူးဖြူးသွားရတဲ့ခရီးကနည်းနေတယ်၊ အန္တရာယ်တွေ အအမျိုးမျိုးဆိုတော့ ဒီနားမှာပဲ တဝဲလည်လည်နဲ့ ခရီးကမတွင်ဘူး၊ ရှေ့လျှောက်လဲ အန္တရာယ်တွေနဲ့ရင်ဆိုင်ရဦးမယ်ထင်တာပဲ"

ကျင်းလျှံက ....

"အင်း ဘာပဲဖြစ်ဖြစ် အခုလောလောဆယ်တော့ ကျွန်မတို့ လောင်စုံးအဖွဲ့အန္တရာယ်ကလွတ်မြောက်လာခဲ့ကြပြီ"

မုံလှက သူ့ကိုလှည့်ကြည့်လိုက်ပြီး ....

"လောင်စုံးကို ညီမသိတယ်မဟုတ်လား .... သူ့သိုင်းပညာအဆင့် ဘယ်အဆင့်လောက်ရှိသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူသိုင်းပညာကိုတော့ ကျွန်မ သိပ်ပြီးအကဲခတ်လို့မရဘူး။ ဒါပေမယ့် သူလဲ လူတော်တစ်ယောက်မို့ တာ့စန်းအိဂိုဏ်းရဲ့ နံပါတ် (၆)နေရာကိုရထားတာနေမှာပေါ့"

မုံလှူကတစ်ချက်ရယ်ပြီး ....

"လီရှောင်လုံရဲ့အိမ်မှာ မျက်နှာဖုံးတပ်ပြီးရပ်နေတုန်းက ညီမကိုများ လောင်စူးသိသွားမလားလို့စိုးရိမ်မိလိုက်သေးတယ်၊ ညီမ စိတ်ထဲမှာကော ဘယ့်နှယ်နေသလဲ"

"ဟုတ်တယ်၊ ကျွန်မလဲ ကျွန်မကို မှတ်မိသွားမလားဆိုပြီး ရင်ထဲတထိတ်ထိတ်ခုန်နေတာပဲ၊ နောက် ကိုယ့်ကိုယ်ကိုအသေအချာပြန်ကြည့်လိုက်မှ ဝတ်ရုံအပွကြီးတွေဝတ်ထားပြီး မျက်နှာဖုံးစွပ်နဲ့ဆိုတော့ သူဘယ်လိုမှမှတ်မိနိုင်မှာမဟုတ်ဘူးလို့တွေးပြီး စိတ်သက်သာရာရသွားတယ်"

သူတို့နှစ်ယောက် ပြိုင်တူရယ်မောလိုက်ကြသည်။

တစ်ခဏအကြာတွင် ကျင်းလျှံက စကားစလိုက်ပြန်သည်။

"လီရှောင်လုံတို့လင်မယားဟာ ကျွန်မတို့နှစ်ယောက် အပေါ် အတော့်ကိုခင်မင်သွားကြတာပဲနော်"

မုံလှူခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့ရဲ့စိတ်ထား အတော်ဖြူစင်ပါတယ်"

ထို့နောက် ကျင်းလျှံသည် တစ်စုံတစ်ခုတွေးပြီး သက်ပြင်းချလိုက်ပြန်သည်။

"ကျွန်မ တစ်ခုစဉ်းစားမိတယ်အစ်ကို"



မုံလှူက ....

"ဘာများလဲ ပြောပါ"

"ဝေါ့စွတ်စွေဟာ သူ့ဆီမှာရှိတဲ့ခေါင်းဆောင်တွေကို ဒီလိုပဲအဖွဲ့ဖွဲ့ပြီး နေရာတိုင်းကိုလွှတ်လိုက်ပြီလားမသိဘူး"

မုံလှူလည်း စဉ်းစားနေလိုက်သည်။

အတန်ကြာမှ ....

"လွှတ်ထားတဲ့နေရာတိုင်းမှာပိတ်ဆို့ထားကြရင် ကျုပ်တို့ ဘာသတ်နိုင်မှာလဲ၊ ဒီလိုပဲ တိုက်ခိုက်ပြီးဖောက်ထွက်ရမှာပေါ့"

ကျင်းလျှံ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အစ်ကိုလဲ ညီမကြောင့်အန္တရာယ်များနေပြီနော်"

မုံလှူကတစ်ချက်ပြုံးလိုက်ပြီး ....

"ဒါက ကျုပ်ရဲ့အသက်မွေးဝမ်းကျောင်းအလုပ်ပါ၊ သူငွေ လိုချင်ရင်သတ္တိရှိရမှာပေါ့၊ ဒါပေမဲ့ ကျုပ်စဉ်းစားလို့ရသလောက်တော့ သူသို့တွေဟာ ကျုပ်တို့ကို ဘယ်လိုနည်းနဲ့ပဲ ပိတ်ဆို့ပိတ်ဆို့ ညီမကိုတော့ ဘယ်နည်းနဲ့မှဒဏ်ရာရအောင်တိုက်ကြမှာမဟုတ်ဘူးလို့ထင်တယ်"

ကျင်းလျှံကမျက်မှောင်ကုပ်လိုက်ပြီး ....

"အစ်ကိုက ဘာလို့ဒီလိုပြောနိုင်တာလဲ"

မုံလှူကစဉ်းစဉ်းစားစားဖြင့် ....

"ဝေါ့စွတ်စွေကသာ ညီမကိုသေစေချင်ရင် သူ့ဆီရောက်အောင်ပြန်ခေါ်ဖို့အကြောင်းမရှိပါဘူး၊ ဘယ်သူပဲသတ်သတ် သေသွားခဲ့တာ အမိကပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလှံ့ ပါးစပ်မိတ်ထားလိုက်သည်။ သူမသည် သူမဘာဝ ကိုပြန်လည်တွေးတောနေမိပေသည်။

ဝန်းကျင်တစ်ခုလုံးသည် သူတို့နှစ်ဦးစီးလာသည့် မြင်းခွါသံမှအပ ပကတိတိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပေသည်။

ကျင်းလှံ့သည် အတန်ကြာကြာစဉ်းစားနေပြီးမှ ....

"အစ်ကိုပြောတာလဲဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အခုလို သူလူတွေ အစ်ကိုလက်ချက်ကြောင့် ဒဏ်ရာအနာတရဖြစ်ကုန်တယ်ဆိုတော့ ကျွန်မအပေါ်လဲ သူတို့တစ်မျိုးစဉ်းစားတော့မှာပေါ့"

ဝန်းကျင်သည် ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ မှုန်ဝါးဝါးလရောင်အောက်တွင်တော့ မြင်းနှစ်ကောင်နှင့်လူနှစ်ယောက်သည် အတွေးကိုယ်စီဖြင့်ခရီးဆက်နေကြလေတော့သည်။

ပထမပိုင်းပြီး၏။

ဒု-ဓာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်

BURMESE CLASSIC

www.burmeseclassic.com